# "ဗမာပြည်"
# "ကွန်မြူနစ်ပါတီအကွဲ ဇာတ်လမ်း"
## Split Story of B.C.P ( 1946 - February )

ရန်ကုန်မှ - အိန္ဒိယသို့

ကွယ်လွန်သူ အလံနီ ကွန်မြူနစ်ခေါင်းဆောင် သခင်စိုး (၁၉၁၀-၁၉၉၂) သည် သူ၏ ကိုယ်ရေး အထုပ္ပတ္တိ (ကို) ရေးသားခဲ့ပါသည်။ ဤသို့ရေးသားရာတွင် သူပါဝင်ဆောင်ရွက်ခဲ့ ဦးဆောင်ခဲ့သော အမျိုးသားရေးလှုပ်ရှားမှုနှင့် ကွန်မြူနစ်လှုပ်ရှားမှုများကို ကာလအစူအစီစဉ်အတိုင်း ရေးသားခဲ့ခြင်းမဟုတ်ဘဲ၊ သူအားသန်ရာ နိုင်ငံရေး သဘောတရားရေး အယူအဆများနှင့် ကိုယ်တိုင်ပါဝင် လှုပ်ရှားမှုများကို သင့်သလို မှတ်တမ်းတင်ရေးသားထားသည်ကို လေ့လာဖတ်ရှုရပါသည်။

သခင်စိုးသည် ဒုတိယကမ္ဘာစစ်အပြီး၊ ၁၉၄၅-ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် ( ဦးသိန်းဖေမြင့်က သူ၏ စစ်အတွင်းခရီးသည် (၁) တွင် ၁၉၄၅-ခုနှစ် စက်တင်ဘာ (၁၆) ရက်နေ့တွင် သခင်စိုး ကလကတ္တား။ သူရှိရာသို့ ရောက်လာကြောင်း ရေးထားပါသည်။ ဦးသိန်းဖေမြင့်သည် နေ့စဉ် ဒိုင်ယာရီ ရေးသူဖြစ်၍ မှန်နိုင်ပါသည်။) သခင်စိုးက အိန္ဒိယသို့ သွားရောက်ခြင်းနှင့် ၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလကုန်လောက်တွင်၊ အိန္ဒိယမှ ရန်ကုန်သို့ ပြန်ရောက်လာပုံတို့ကို သူ၏ ကိုယ်ရေး အထုပ္ပတ္တိတွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

"အဲဒီဂျပန်အုပ်စိုးနေတဲ့ ကာလအတွင်းနဲ့၊ ဂျပန် ဆုတ်ခွါသွားပြီးတဲ့ ဗမာပြည်အကြောင်းတွေကို သေသေချာချာ၊ ဂ-ဃ-န-ဏ သိတဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်ဖြစ်တဲ့ သခင်စိုးနဲ့တွေ့ချင်တယ်ဆိုပြီး အိန္ဒိယ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်ဖြစ်တဲ့ ပီ-စီ-ဂျိုရှီကနေပြီး၊ စာရေးသူကို အိန္ဒိယကို လာဖို့ ဖိတ်ခေါ်တယ်။ အဲဒီအချိန်တုန်းက အိန္ဒိယ ကွန်မြူနစ်ပါတီတွင် ပေါလစ်မြူရိုဝင်သုံးဦးရှိနေပါတယ်။ အတွင်းရေးမှူးချုပ်ဖြစ်တဲ့ ပီရှီ- ဂျိုရှီရယ်။ ရန်နာဒီဗေးရယ်၊ နောက်တစ်ဦးက အဲယ်ဒီကာရီ ဆိုတဲ့ပုဂ္ဂိုလ်သုံးဦးပဲ ဖြစ်ပါတယ်။ တစ်ပိုင်းက အိန္ဒိယကိုသွားဖို့ ကိစ္စမှာ အခက်အခဲရှိနေပြန်တယ်။ အကြောင်းက စာရေးသူတို့အနေနဲ့ ဂျပန်တော်လှန်ရေးနဲ့ ကွန်မြူနစ်ပါတီဝင်တွေဆိုပြီး အင်္ဂလိပ်တွေက သိပ်မယုံကြည်ကြဘူး၊ ဂျပန်ကိုတော်လှန်တာတစ်ပိုင်း၊ ကိုသိန်းဖေတို့ကို အကူပေးတာက တစ်ပိုင်းဖြစ်ပြီး စာရေးသူတို့ကို ဂျပန်တိုက်ဖို့လောက်သာ အသုံးချပြီးတော့ အခွင့်အရေးကြတော့ သိပ်မပေးချင်ကြဘူး။ ဒီအိန္ဒိယကို သွားဖို့ပြဿနာကို ဘယ်လိုရှင်းရမလဲဆိုတဲ့ ကိစ္စကို တိုက်တိုက်ဆိုင်ဆိုင် အခွင့်ကောင်းတစ်ခုတွေ့ရှိလိုက်ရပါသည်။ ဒါကဘာလဲဆိုလို့ရှိရင် အင်္ဂလိပ်တပ်တွေထဲမှာ ဗြိတိသျှ ကွန်မြူနစ်ပါတီဝင်တွေ ပါလာတယ်။ အဲဒီပါတီဝင်တစ်ယောက်က ဘယ်သူလဲဆိုတော့ လက်ဖတင်နင် (လက်ဖတင်နင်မဟုတ်ပါ။ ကပ္ပတိန်ဖြစ်ပါသည်။ ကပ္ပတိတ်အဲန်ဂါးမှာလည်း မေဂျာဖြစ်ပါသည်။ သခင်တင်မြ။) မက္ကင်ဇီလို့ခေါ်တဲ့ စစ်ဗိုလ်တစ်ဦးပါပဲ။ သူ့တပ်ကို အုပ်ချုပ်သူကတော့ ကပ္ပတိန် တစ်ယောက်ရှိတယ်။ အဲဒီ ကပ္ပတိန်က၊ ကပ္ပတိန်အဲန်ဂါလို့ ခေါ်တဲ့ စစ်ဗိုလ်တစ်ဦးပဲ။ သူက မက္ကင်ဇီထက် ရာထူးကြီးပေမဲ့လို့၊ ပါတီဝင်အဆင့်မှာတော့ မက္ကင်ဇီလောက်အဆင့်မမြင့်သူ ဖြစ်နေတဲ့အတွက်ကြောင့် စာရေးသူကို ကိုသိန်းဖေတို့ရှိရာ အိန္ဒိယပြည် ကလကတ္တားကို ပါတီတာဝန်နှင့် ပို့ပေးစမ်းပါလို့၊ လက်ဖတင်နင် မက္ကင်ဇီက ခိုင်းရင် သူကပါတီအဆင့်နိမ့်သူမို့ သူပို့ပေးရမယ်ဖြစ်တယ်။ ဒါ့အပြင် ကပ္ပတိန်အဲန်ဂါးဆိုတဲ့ စစ်ဗိုလ်ကလည်း သူကလူလယ်။ သူ့မှာ ကားတွေအမျိုးမျိုးကို ခိုးနိုင်တဲ့၊ သော့တူတွေအများကြီးရှိတယ်။ ဒီတော့ ကလကတ္တားကို စာရေးသူသွားဖို့ တာဝန်ကို မက္ကင်ဇီက လွှဲဝှက်ပြီး မင်းသွားပို့ရမယ်ဆိုတော့၊ ကပ္ပတိန်အဲန်ဂါးအနေနဲ့ အကြံထုတ်ရတယ်။ ဒီမှာဘယ်လိုအကြံရသလဲဆိုတော့၊ ဒပ်ချ်ပိုင်တဲ့ အင်ဒိုနီးရှား၊ ဒပ်ချ်တွေဖမ်းထားတဲ့၊ အင်ဒိုနီးရှားသုံ့ပန်းတွေ ရှိနေတော့၊ ဒီသုံ့ပန်းတွေကို ကပ္ပတိန် အဲန်ဂါးက ပို့ရမဲ့တာဝန်ကလည်း ရှိနေတော့ စာရေးသူကို အင်ဒိုနီးရှားက စစ်သုံ့ပန်းအနေနဲ့ ဆိုပြီးတော့ နာမည်တတ်တယ်။ စာရေးသူကိုတော့ အားလုံးကမေးရင် ဂျွန်-မိုက်ကယ်လောရိန်း၊ (John Michael Lorraine) လို့ပြောပါဆိုပြီး နာမည်ပါတတ်ပေးလိုက်တယ်။ "တစ်ယောက်တစ်လေကနေပြီး မင်းကိုလေယာဉ်ပေါ်မှာ မှတ်မိသွားရင်တော့ ဒို့တော့သွား ပြီသာမှတ်ပေတော့ (If Some one recognises you on the plane, we are gone for.) လို့ဆိုပြီး သတိပေးစကား လည်းဆိုလိုက်တယ်။ ဒါနဲ့ လေယာဉ်ပေါ်ကို ခေါ်သွားတယ်။ လေယာဉ်ပေါ်ကို ရောက်တော့ ခရီးသွားလူစာရင်းမှတ်တာ ၊ ခရီးသည်စာရင်းပေါ့။ စာရေးသူရဲ့ နာမည်ကိုခေါ်ပေမဲ့၊ ကိုယ့်အမည်ကို ကောင်းကောင်းမမှတ်မိဘူး၊ လေယာဉ်ပျံပေါ်ရောက်တော့ စာရေးသူနာမည်ဖြစ်တဲ့၊ "ဂျွန်မိုက်ကယ်လောရိန်း" လို့ခေါ်တာ မထူးမိဘူး၊ ခေါ်တဲ့လူကလည်း မြန်လွန်းပြီး လုံးထွေးပြီး ခေါ်တော့ မထူးမိဘူး၊ ကပ္ပတိန်အဲန်ဂါးက စာရေးသူကို ဒူးနဲ့တိုက်ပြီး "ရက်(စ်)" လို့ သူကိုယ်တိုင် ထူးမှကိစ္စပြီးသွားတယ်။ ဒါကချိတက်ရေးနဲ့ မဆိုင်တဲ့ကိစ္စပါ။ စာရေးသူကလည်း ဒါနဲ့လေယာဉ်ပျံစီးပြီးတော့ ကိုသိန်းဖေတို့ရှိရာ၊ ကလကတ္တားကိုရောက်ခဲ့တယ်။ အဲဒီတုန်းက ၁၉၄၅-ခုနှစ်၊ စက်တက်ဘာလ၊ (၁၇) ရက်နေ့[1] အပြန်ကြတော့ ၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလကုန်၊ ဇန်နဝါရီလအကူးမှာဖြစ်တယ်။ ပထမ ကလကတ္တားမှာနေတယ်။ ကလကတ္တားကနေပြီး မီးရထားစီးတယ်။ မီးရထားကလည်း ကလကတ္တားကနေ ဘုံဘေကို မိုင် (၁၈၀၀) လောက်ရှိတယ်။ ဘုံဘေနား ရောက်ခါနီး မိုင် (၃၀၀) လောက်မှာ၊ လျှပ်စစ်မီးရထားစီးသွားရတယ်။ လျှပ်စစ်မီးရထားက လေတိုက်သလိုပဲ၊

(၁) - ကိုသိန်းဖေ ရေး - စစ်အတွင်းခရီးသည်တွင် - စက်တင်ဘာ - ၁၆ - ရက် နေ့ ဟု ရေး ထား ပါသည်။

တရှိရှိနဲ့၊ မီးသွေးနဲ့မောင်းတဲ့ မီးရထားလို ဂျုံးဂျုံး ဂျိုင်းဂျိုင်း မမည်ဘူး။ အိန္ဒိယပြည်မှာ မီးရထားစီးရတာ မြန်မာပြည် မှာထက်ဆိုးတယ်။ မီးရထားစီးတဲ့လူတွေအကုန်လုံးမဲနေတယ်။ ဒီလျှပ်စစ်မီးရထားနဲ့ကြမှ အဲဒါတွေ မတွေ့ရဘဲရှိတော့တယ်။ ဟိုမှာလည်း မြို့ပတ်ရထားရှိတယ်။ လျှပ်စစ်နဲ့ပဲ မောင်းတာပဲ။ အင်မတန်ညင်သာတယ်။ ဘူတာရုံထဲမီးရထားဝင်လာရင်၊ အသံကျယ်ကျယ်မမည်ဘူး၊ လေတိုက်သလို တရှီရှီရှဲရှဲဘဲမည်တယ်။ မီးရထားသံလမ်းတွေက ကျယ်တော့ မီးရထားကြီးတွေလည်း ကြီးတယ်။ အဲဒီဘုံဘေမှာလည်းဘဲ စာရေးသူတို့ နိုင်ငံရေး ကိစ္စတွေ ကိုပဲ ဆွေးနွေးကြတယ်။ မြန်မာပြည်လွတ်မြောက်ရေး၊ သူ့ကျွန်ဘဝလွတ်မြောက်ရေးတွေပဲ၊ ဒါနဲ့ဒီဇင်ဘာ လကုန်တော့ စာရေး သူပြန်ရတော့မယ်။ အပြန်ကျတော့ ဘုံဘေကနေပြီးတော့ မီးရထားစီးရတယ်။ ကာလကတ္တားကနေ နံနံလေး သင်္ဘောစီးပြီးတော့၊ ဒက္ကား (ယခု ဘင်္ဂလားဒေ့ရှ် နိုင်ငံမြို့တော်) ဒက္ကားကနေ ဗမာပြည်ကို ကုန်းကြောင်းပြန်ခဲ့တယ်။ ပါတီအနေနဲ့ (အိန္ဒိယပါတီ) ဒီကိစ္စကို မတတ်နိုင်ဘူး။ ဘာအကူအညီပေးသလဲဆိုရင်၊ လမ်းသိတဲ့ အိန္ဒိယ ဘင်္ဂလီ ကိုရီယား (ဆက်သားလေး) တစ်ယောက်ကို ထည့်ပေးလိုက်တယ်။ ဒီနယ်မြေတွေ ဖြတ်ဖြတ်လာတာ၊ တစ်ခါတက္ကနက် (နတ်မြစ်) ကိုရောက်၊ နတ်မြစ်ကနေ မောင်းတော၊ ဘူးသီးတောင်၊ (မော်တော်ကားရတဲ့အခါရတယ်) ဘူးသီးတောင်ကနေ မြို့ဟောင်း (ယခုအခေါ် – မြောက်ဦး) မြို့ဟောင်းကနေ စစ်တွေပြန်၊ စစ်တွေကြတော့ တစ်ခါ ပါတီက ရခိုင်ထွန်းကျော် (ဗိုလ်မှူးစံသာကျော်) ဗိုလ်ခံသာကျော်နဲ့ တွေ့ရန်တို့ရှိတယ်။ သူတို့က ကုန်သည်၊ ကုန်သည်ဆိုတော့၊ ကုန်ဈေးနှုန်းတွေကို သိနေတယ်။ ဟိုမှာဆိုရင် ဘင်္ဂလားပလေကပ်ဆိုတဲ့ လုံချည်ဟာ (၃/–၅၀ပြား) ကျတယ်။ ရန်ကုန်သိမ်ကြီးဈေးရောက်ရင် ၃၅/ ကျပ် ဖြစ်တယ်၊ အဲဒီကုန်သည်တွေနဲ့ရောပြီး စစ်ကားတွေနဲ့ ရောပြီး၊ လိုက်လာကြတာ တောင်ကုတ်ကို ရောက်ခဲ့တယ်။ တောင်ကုတ်ကနေပြီးတော့ တစ်ခါ ကုန်းကြောင်းတစ်တန်၊ မော်တော်ကား တစ်တန်စီးလို့ (ရန်ကုန်) ရောက်လာကြတယ်။" (၁)

ထိုစဉ်က အိန္ဒိယသို့ သခင်စိုးခရီးထွက်ဖြစ်ခဲ့ခြင်းမှာ၊ ကွန်မြူနစ်ပါတီ ဌာနချုပ်ခေါင်းဆောင်များ ဖြစ်ကြသော သခင် သန်းထွန်း၊ ကိုဗဟိန်း သခင်ဗသိန်းတင်၊ သခင်မြသွင်တို့၏ အစီအစဉ်ဖြင့် သွားရောက်ရခြင်းဖြစ်ပါသည်။ အိန္ဒိယပြည်သို့ လာရောက်ရန် သခင်စိုးကို အိန္ဒိယပြည်ကွန်မြူနစ်ပါတီက ဖိတ်ကြားခဲ့ပါသည်။ ဤသို့ဖိတ်ကြားပါရန် ဗမာပြည်ကွန်မြူနစ်ပါတီက အိန္ဒိယကွန်မြူနစ်ပါတီသို့ ဆက်သွယ်အကြံပြုခဲ့သဖြင့် အိန္ဒိယ ကွန်မြူနစ်ပါတီက သခင်စိုးကို ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါသည်။

၁၉၄၅–ခုနှစ်၊ ဇူလိုင်လတွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်ကွန်ဂရက် ကျင်းပပြီး၊ ယင်းကွန်ဂရက်က ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သော သခင်စိုးကို လက်ရှိဇနီးသည်နှင့် တရားဝင်ပြတ်စဲခြင်း မပြုသေးပဲ ပါတီကေဒါအမျိုးသမီး၊ မနှင်းမေကို တိတ်တဆိတ် အိမ်ထောင်ပြုခဲ့သဖြင့် ပါတီစည်းကမ်းအရ မဲအများဖြင့် ဆုံးဖြတ်ပြီး၊ ပါတီဝင်အဖြစ်မှ နှစ်နှစ်ရပ်စဲ ရန် အပြစ်ပေးခဲ့ပါသည်။ ဤသို့ အပြစ်ပေးခံရခြင်းကြောင့်၊ သခင်စိုးသည် စိတ်ဓါတ်ကျနေခဲ့ပါသည်။ စိတ်ဓါတ်ကျနေသော သခင်စိုးအား စောင့်ကြည့်အကူအညီပေးရန်၊ ပါတီပေါ်လစ်ဗျူရိုက သခင်စိုးနှင့် အလွန်ရင်းနှီးသူ ကျွန်တော့်ကို တာဝန်ပေးထား ပါသည်။ ကျွန်တော်သည် ပါတီဌာနချုပ် စည်းရုံးရေးဗျူရို၏ တာဝန်ခံလည်းဖြစ်သဖြင့် ပါတီကေဒါများအား ထိမ်းသိမ်းရန် တိုက်ရိုက်တာဝန်ရှိသူ ဖြစ်ပါသည်။

ဩဂုတ်လလည်လောက်တွင် ကျွန်တော်သည် သခင်စိုး၏ နေအိမ်သို့ရောက်သွားပါသည်။ သူခေတ္တတည်းခိုနေသောအိမ် (ဗါးဂရာ–ဈေးကလေးရပ်ကွက်မှ သဘာဝ ဓမ္မ၊ အသင်းအဆောက်အဦ)အောက်ထပ်တွင် သတင်းစာ စက္ကူလိပ်ကြီး နှစ်လိပ်ကို တွေ့ရပါသည်။

"ဒီစက္ကူလိပ်တွေက ဘာလုပ်ဖို့လဲ သခင်စိုး" ဟု ကျွန်တော်က မေးမိသည်။

သခင်စိုးက "ဒီမှာ သခင်တင်မြ ခင်ဗျားပါတီက ထွက်လိုက်တော့၊ ကျွန်တော်တို့သတင်းစာထုတ်ကြမယ်၊ သတင်းစာနဲ့ ဆိုရှယ်လစ်ဝါဒ ပြန့်ပွားလာအောင် လုပ်နိုင်မယ်။ ဒါကြောင့် ဒီစက္ကူလိပ်တွေကို ကျုပ်ဝယ်ထားတာ"

ကျွန်တော်သည် အံ့ဩထိပ်လန့်သွားသည်။ သခင်စိုးသည် စိတ်ဓါတ်ကျနေရာမှ သူစိတ်ထင်ရာကို လုပ်ရန်ဆုံးဖြတ်ပြီး ဖြစ်ဟန်တူပါသည်။ ကျွန်တော်သည် သခင်စိုး၏အကြံအစည်ကို လက်မခံနိုင်ပါ။ "ကျွန်တော်ပါတီက မထွက်နိုင်ပါ သခင်စိုး။ သခင်စိုး အခုပါတီက နှစ်နှစ် ရပ်စဲခံရတာ၊ မကြာခင်မှာ ပါတီဗဟိုကော်မတီကို အယူခံရင်၊ သခင်စိုးပါတီဝင်ပြန်ဖြစ်မှာပါ။ အခုပဲ ပါတီဝင်အများစုက သခင်စိုးကို အပြစ်ပေးတာ များလွန်းတယ်၊ ခြောက်လလောက်သာ ဖြစ်သင့်တယ်။ သခင်စိုးပဲ ပါတီကို ပြန်ခေါင်းဆောင်သင့်တယ်ဆိုတဲ့ သဘောထားတွေပေးလာကြတယ်။ ဒီအခြေအနေကို ထည့်မစဉ်းစားပဲ၊ သခင်စိုးက သတင်းစာ ထုတ်မယ်၊ ကျွန်တော်လည်း သခင်စိုးနောက်လိုက်ပြီး ပါတီက ထွက်မယ်ဆိုရင်၊ ကျွန်တော်တို့ ပါတီနဲ့ကင်းကွာသွားမှာပေါ့။ ကျွန်တော်တော့ သဘောမတူဘူး လိုက်လည်းမလုပ်နိုင်ဘူး"ဟု ပြတ်ပြတ်ပင် ပြောခဲ့ပါသည်။

ကျွန်တော်သည် ထိုနေ့က သခင်စိုး၏နောက်ဆုံးအခြေအနေကို သခင်သန်းထွန်းနှင့် ကိုဗဟိန်းတို့ နှစ်ယောက်ထံ သွားရောက် ပြောပြခဲ့ပါသည်။

သူတို့နှစ်ယောက်က သခင်စိုးကိစ္စကို အမြန်ဆုံးနည်းလမ်းရှာပြီး တားဆီးမည်ဟု ကျွန်တော့်ကို ပြောလိုက်ပါသည်။

(၁)
သခင်စိုး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အတွဲ (၃) စာမျက်နှာ ၃၆–၃၇–မှ လက်နိပ်စက်စာမူ

ထိုအချိန်က ပါတီဌာနချုပ် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များမှာ သခင်သန်းထွန်း၊ ကိုဗဟိန်း၊ သခင်ဗသိန်းတင်နှင့် ခေတ္တအထွေထွေ

→

အတွင်းရေးမှူး- တာဝန်ယူနေသော သခင်မြသွင်တို့ ရှိနေပါသည်။ ပါတီဒုတိယ ကွန်ဂရက်က အများသဘောတူ အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့သော ကိုသိန်းဖေ၊ (ဦးသိန်းဖေမြင့်) မှာ အိန္ဒိယပြည်တွင်ရှိနေပါသေးသည်။

နောက်တစ်နေ့ညနေတွင် သခင်သန်းထွန်းသည် ကျွန်တော့်အား၊ သူ့အိမ်တွင် (စမ်းချောင်း – စမ်းရေတွင်းလမ်း၊ အိမ်အမှတ် ( )တွင် ခေါ်တွေ့ပြီး၊ သခင်စိုး စိတ်ဓါတ်ကျနေခြင်းကို ထိမ်းသိမ်းမည်အစီအစဉ်ကို ပြောပြပါသည်။

ပါတီဒုတိယ ကွန်ဂရက်တွင် တင်ပြဆုံးဖြတ်ခဲ့သော နိုင်ငံရေး အစီရင်ခံစာနှင့် ပါတီ၏ လောလောဆယ်လုပ်ငန်းစဉ်များမှာ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးလမ်းစဉ် (ဝါ) လွတ်လပ်ရေးကို အေးချမ်းစွာရယူရေးလမ်းစဉ်" ခေါ် ဘရောက်ဒါ ဝါဒဖြစ်ခဲ့သ ဖြင့် ယင်းဝါဒလမ်းစဉ်များကို ယခုအခါ ကမ္ဘာ့လက်ဝဲနိုင်ငံရေးနယ်ပယ်တွင် အတိုက်အခိုက် အပေဖန်ခံနေရသော အချိန်ဖြစ်ပါ သည်။ အမေရိကန်ကွန်မြူနစ်ပါတီခေါင်းဆောင် မစ္စတာအား ဘရောက်ဒါက "ဒုတိယ ကမ္ဘာစစ်အပြီးတွင်၊ အမေရိကန်ဦးစီးသော ကမ္ဘာ့အရင်းရှင်စနစ်ကြီးသည် အကောင်းဘက်သို့ပြောင်းလဲသွားတော့မည်။ ၎င်း၏အကျိုးငှါ အလုပ်သမားထု နေရေးထိုင်ရေး၊ အဆင့်အတန်းမြှင့်တင်ရေး လုပ်လိမ့်မည်။ လက်အောက်ခံ ကိုလိုနီနိုင်ငံများနှင့် အောက်ကျနောက်ကျဖြစ်နေသော နိုင်ငံများကို လွတ်လပ်ရေးသို့ တဖြည်းဖြည်းပို့ပေးပြီး ဖွံ့ဖြိုးကြီးပွားလာအောင် ကူညီလိမ့်မည်။ ဆိုဗီယက်နှင့် အမေရိကန်တို့ ချောမောစွာ ဆက်ဆံလိမ့်မည်။ ထို့ကြောင့် လုပ်သားလူထုသည်လည်းကောင်း၊ ကိုလိုနီနိုင်ငံများသည်လည်းကောင်း၊ လွတ်မြောက်ရေးကို ရာရာဥ်၊ ငြိမ်းချမ်းသာယာသော နည်းဖြင့်၊ ရယူနိုင်ကြလိမ့်မည်" ဟု အဆိုပြုခဲ့လေသည်။ ဤအယူအဆကို "ဘရောက်ဒါဝါဒ" ဟု အမည်ခေါ်တွင်ခြင်းဖြစ်သည်။ ဤဘရောက်ဒါဝါဒ အယူအဆကို ပြင်သစ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒုက္ခ ကလော့(စ်) က မှားယွင်း၍ လက်ယာသွေဖီရေး၊ အရှုံးပေးရေး လမ်းစဉ်ဖြစ်ကြောင်း၊ ၁၉၄၅ ခုနှစ် ဇူလိုင်၊ ဩဂုတ်လလောက်မှာ ပင် ဝေဖန်ခဲ့လေသည်။

အိန္ဒိယပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်၊ ပီ–စီ–ဂျိုရှီ ပြောလေ့ရှိသော (Freedom Through negotiation with British Labour' (ဗြိတိသျှလေဘာပါတီနှင့် ဆွေးနွေးစေ့စပ်ပြီး၊ လွတ်လပ်ရေးရရှိရန်) ဟူသော လမ်းစဉ်သည် လူကြိုက်နည်းစပြုလေပြီ၊ အိန္ဒိယပြည် ကွန်မြူနစ်ပါတီအတွင်းတွင် ထိုလမ်းစဉ်ကို ပြုပြင်ရန်လုပ်သူက လုပ်နေလေပြီ။ ဤအကြောင်းကို သခင်စိုးသည် ကြားသိနေပြီးဖြစ်၏။

သခင်စိုး၏ ပါတီမှထွက်၍ သတင်းစာထုတ်ရေး အစီအစဉ်ကို တားဆီးမည့် သခင်သန်းထွန်းနှင့် ကိုဇာဟိန်းတို့ အကြံအစီမှာ ဤသို့ဖြစ်၏။ အိန္ဒိယ ကွန်မြူနစ်ပါတီသို့ သခင်စိုးအား၊ အိန္ဒိယပြည်သို့လာရန် ဖိတ်စာအမြန်ပို့ပေးရန် အကြောင်းကြားမည်။ ဖိတ်စာရရှိပါက သခင်စိုးထံပေး၍ သခင်စိုးအား အိန္ဒိယသို့ ပို့ပေးမည်။ သခင်စိုးသည် အိန္ဒိယ ကွန်မြူနစ်ပါတီနှင့် ဆွေးနွေး ရပါက စိတ်ဓါတ်မှာ ပြန်လည်တက်လာပြီး နိုင်ငံရေးနှင့် ကင်းကွာတော့မည်မဟုတ်။ ပါတီသို့လည်း ပြန်လည်ရောက်ရှိလာမည် ဟူသော အကြံအစည်ပင် ဖြစ်ပေသည်။

ဤ အကြံအစည်အတိုင်း ပါကီပေါ်လစ်ဗြူရိုက ဆောင်ရွက်ခဲ့ရာ မကြာမီပင် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်မှ တစ်ဆင့်၊ သခင်စိုးထံသို့၊ အိန္ဒိယ ကွန်မြူနစ်ပါတီ၊ အထွေထွေ အတွင်းရေးမှူး ပီ–စီဂျိုရှီထံမှ။ အိန္ဒိယပြည်သို့ လာရောက်၍ သူတို့နှင့် ဆွေးနွေးပါရန် ဖိတ်စာရောက်ရှိလာပါသည်။

သခင်စိုးကို ကျွန်တော်သွားတွေ့သောအခါ သခင်စိုးသည် စိတ်အားတက်ကြွ၍ လှုပ်လှုပ်ရှားရှားဖြစ်နေပါသည်။ အိမ်ပြေပင် မဆောင်နိုင်၊ ကျွန်တော့်ကိုလည်း ပါတီက ထွက်ရန် သတင်းစာထုတ်ဝေရန် မပြောတော့ပါ။ အောက်ဈေးဖြင့် သူဝယ်ထားသော သတင်းစာ စက္ကူလိပ်ကြီးနှစ်လိပ်ကို ရသည့်ဈေးဖြင့်ရောင်းချ၍ သူ့ဇနီးမနှင်းမေအား ပေးရန်နှင့် သူခရီးထွက်နေစဉ်အတွင်း၊ သူ့ဇနီးမနှင်းမေနှင့် သမီးကလေးကို ကူညီစောင့်ရှောက်ရန် တတွတ်တွတ်မှာကြားနေပါတော့သည်။

ဤသို့ဖြင့် သခင်စိုး၏ ကိုယ်ရေးအထုပ္ပတ္တိ- အတွဲ (၃) စာမျက်နှာ ၃၆–၃၇ တွင် ဖေါ်ပြထားသည့်အတိုင်း သခင်စိုးသည် ၁၉၄၅ ခုစ် စက်တင်ဘာလ ၁၇–ရက်နေ့တွင် ရန်ကုန်မှ ဗြိတိသျှ လေတပ်လေယာဉ်ဖြင့် လျှို့ဝှက်စွာ အိန္ဒိယသို့ တက်ကြွစွာ ထွက်ခွာသွားပါတော့သည်။

သခင်စိုး ရန်ကုန်မှ ထွက်ခွါသွားပြီး တစ်လခန့်အကြာ၊ ၁၉၄၅–ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင်၊ ပါတီ အထွေထွေ အတွင်းရေးမှူး၊ ကိုသိန်းဖေသည် ရန်ကုန်သို့ပြန်လည်ရောက်ရှိလာပါသည်။

ကိုသိန်းဖေအား၊ ကျွန်တော်တို့ပါတီဌာနချုပ်က၊ ကောင်းစွာကြိုဆိုကြပါသည်။ ကိုသိန်းဖေသည် ပါတီဌာနချုပ်က - သူနေထိုင်ဖို့အတွက် ပြင်ဆင်ပေးထားသော အိမ်တွင်မနေပါ။ ပါတီရုံးအပေါ်ထပ်၊ ဘုံရိပ်သာတွင်သာ ရဲဘော်များနှင့်အတူ နေထိုင်ပါသည်။ ကိုသိန်းဖေသည် ကျွန်တော်၊ သခင်သန်းမြိုင်၊ သခင်ဘသိန်းတင် စသော ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ပြည်တွင်း၌ သာ တာဝန်ယူဆောင်ရွက်ခဲ့ကြသူများထံမှ တော်လှန်ရေးအတွေ့အကြုံများကို မမောနိုင်၊ မပန်းနိုင်၊ မေးမြန်းလေ့လာနေပါတော့ သည်။

သခင်စိုး အိန္ဒိယသို့ လျှို့ဝှက်ထွက်ခွာသွားခြင်းကို ပေါ်လစ်ဗြူရိုအဖွဲ့ဝင်များနှင့် သခင်သန်းမြိုင် ကျွန်တော်တို့သာ သိရှိပါ သည်။ သခင်စိုး ရန်ကုန်မှ ပျောက်ကွယ်နေသည်ကို ကာကွယ်ရန်၊ အယောင်ဆောင် ဇာတ်လမ်း (Cover Story) တစ်ပုဒ်ကိုလည်း သတင်းလွှင့်ထားပါသည်။

သခင်စိုးသည် ပါတီတာဝန်မှ အနားယူနေစဉ် သူ၏လုပ်အားနှင့် အချိန်အလဟဿ မဖြစ်စေရန် ပါတီနှင့် တိုင်းပြည်အား အကျိုးပြုနိုင်စေရန် သဘောတရားစာတမ်း၊ စာအုပ်များ ရေသားပြုစုဖို့ ပါတီက တာဝန်ပေးထားကြောင်း။ ထို့ကြောင့် သခင်စိုး သည်

အေးချမ်းသိုက်ငြိမ်သော နေရာတစ်ခုတွင် သွားရောက်၍ ဤတာဝန်ကိုထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ဤသို့သတင်းလွှင့်ထားခြင်းဖြစ်ပါသည်။

<u>သခင်စိုးတရုတ်ပြည်ရောက်နေပြီ။</u>

အောက်တိုဘာလကုန်၊ တစ်နေ့ နံနက်စောစောတွင် ကျွန်တော့်ထံ ပုလိပ်အရာရှိနှစ်ဦး ရောက်လာပါသည်။ အသက်ကြီးသူမှာ၊ အရပ်ဝတ်နှင့် ဖြစ်ပြီး တရုတ်ကပြားတစ်ယောက်ဖြစ်ပါသည်။ အသက်ငယ်သူမှာ၊ ပုလိပ်ယူနီဖေါင်း နှင့်ဖြစ်ပါသည်။ သူက စမ်းချောင်းပုလိပ်ဌာနမှုဟု ပြောပါသည်။

အသက်ကြီးသူ ပုလိပ်အရာရှိက–

"ကျုပ်အမည်– ဘိန်ချောင်းပါ"

ကျွန်တော်က "ကျွန်တော် ခင်ဗျားကို အင်္ဂလိပ်ခေတ်ထဲက သိပါတယ်။ ၁၉၄၂–ခုနှစ်၊ ဩဂုတ်လ–မြေနုလမ်းမှာ၊ ကိုဗဟိန်းကို ခင်ဗျားဖမ်းတုန်းက ကျွန်တော်ကိုဗဟိန်းနဲ့ အတူရှိနေတာပဲ။ အဲဒီတုန်းက ခင်ဗျားကျွန်တော်ကို မသိဘူး၊ သတင်းစာတိုက်က အလုပ်သမားကလေးထင်ပြီး၊ လွှတ်ထားခဲ့တယ်လေ။"

"အေးဗျာ၊ ကျွန်တော့်ကိုသိတယ်ဆိုတော့ ကျွန်တော်ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တာပေါ့။" ဟု ကိုဘိန်ချောင်းက စကားပလ္လင်ခံပါသည်။

"ဒီလိုဗျ။ ခင်ဗျားတို့ခေါင်းဆောင်ဟောင်းကြီး သခင်စိုးကို ကျွန်တော်တို့၊ တာဝန်အရ စောင့်ကြည့်နေတာ၊ လွန်ခဲ့ တစ်လကျော်လောက်က ခြေရာပျောက်သွားတယ်။ ကျွန်တော်တို့ ပုလိပ်အဖွဲ့က ဗမာပြည် အနှံ့အပြား ခြေရာခံခဲ့တယ်။ ဘယ်မှာမှ ရှာမတွေ့ခဲ့ဘူး။ အဲဒီ သခင်စိုးဘယ်မှာ ရှိနေတယ်ဆိုတာ သိချင်လို့ သခင်တင်မြဆီ လာတာပဲ။ သခင်စိုးနဲ့ သခင်တင်မြကတော့ အရင်းနှီးဆုံးဆိုတော့၊ သိမှာပဲ။ သခင်စိုးကို ကျွန်တော်တို့ မနှောက်ယှက်ပါဘူး။ စိတ်ချပါ။ သူဘယ်မှာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့သိထားရုံပါ။" ဟု ကိုဘိန်ချောင်းက လေအေးဖြင့် မေးပါသည်။ ကျွန်တော်က

"ဒီမှာ ကိုဘိန်ချောင်း၊ ခင်ဗျားတို့ သခင်စိုးရှိတဲ့နေရာကို၊ သိတာနဲ့သွားနှောက်ယှက်မှာပဲ။ သခင်စိုးဟာ၊ စိတ်အေး၊ လက်အေး ပါတီက ပေးထားတဲ့တာဝန်ကို ထမ်းဆောင်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ပါတီစည်းကမ်းအရ ကျွန်တော်သိပေမဲ့ မပြောနိုင်ဘူး ဗျာ။ ဒါတော့ သီးခံပါ။"

ကိုဘိန်ချောင်းက "သခင်တင်မြက မပြောနိုင်ဘူးဆိုတော့လဲ၊ ကျွန်တော်တို့ အတင်းအကြပ် မေးခွင့်မရှိပါဘူး။ ဒါပေမဲ့၊ သခင်တင်မြတို့က၊ သခင်စိုးရှိရာကို ဘယ်လိုပဲ ဖုန်းကွယ်ထားပေမဲ့၊ သခင်စိုးဘယ်မှာရှိတယ်၊ ဘယ်ရောက်နေပြီ ဆိုတာကို ကျွန်တော်တို့စုံစမ်းလို့ အခိုင်အလုံသိပြီးပါပြီ။ သခင်တင်မြတို့ ကွန်မြူနစ်ပါတီအပေါ်မှာ အန္တရာယ်မကျရောက်၊ မထိခိုက်စေ ချင်လို့၊ ကြိုတင်ကာကွယ်နိုင်အောင် လာစုံစမ်းတာပါ။ ကျွန်တော့် တရုတ်သွေးပါပေမဲ့ ဗမာတစ်ယောက်ပါဘဲ။ အင်္ဂလိပ်လက်အောက်အမှုထမ်းနေပေမဲ့၊ မျိုးချစ်စိတ်တော့ နည်းနည်းရှိပါသေးတယ်။ သတိတော့ ထားပါဗျာ။ သခင်စိုး ရှမ်းပြည်ကနေ တရုတ်ပြည်ဘက်ကူးသွားတာ တရုတ်ကွန်မြူနစ်ပါတီဆီ ရောက်သွားတာ၊ ကျွန်တော်တို့ အခိုင်အလုံ သတင်းရထားပြီးပါပြီ။" ဟု ပြော၍ ကျွန်တော်အား နှုတ်ဆက်ခါ ကိုဘိန်ချောင်းတို့နှစ်ယောက်ပြန်သွားပါသည်။

ကျွန်တော့်မှာ သူတို့နှုတ်ဆက်သည်ကိုပင် မတုံ့ပြန်နိုင်ပါ။ အံ့အားသင့်နှုတ်ဆိတ် ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော်သည် ကိုသိန်းဖေနှင့်တွေ့ရန် ဗါးကရာလမ်း၊ ကွန်မြူနစ်ပါတီဌာနချုပ်သို့ အမြန်သွားခဲ့ပါသည်။ ကိုသိန်းဖေအား၊ ဘိန်ချောင်းတို့နှစ်ယောက်လာတွေ့သည့်ကိစ္စ၊ သခင်စိုး တရုတ်ပြည်ရောက်သွားပြီဟု သတင်းအဘိအကျ ရထားကြောင်း ပြောခဲ့သည်များကို ပြန်၍ အစီရင်ခံပါသည်။ ကိုသိန်းဖေက၊ ဤသခင်စိုးကိစ္စကို ညနေ ပီ–ဘီ– အစည်းအဝေးထိုင်ပြီး စဉ်းစားမည်။ သခင်တင်မြလည်း ပီ–ဘီ–အစည်းအဝေးသို့ ဖိတ်ကြားခံသူအဖြစ် တက်ရောက်ပါဟု ပြောပါသည်။

ည (၆) နာရီလောက်တွင် ပါတီဌာနချုပ်၌ သခင်စိုးကိစ္စ စဉ်းစားရန် ပီ–ဘီအစည်းအဝေးပြုလုပ်ပါသည်။ ကိုသိန်းဖေ၊ သခင်သန်းထွန်း၊ သခင်မြသွင်နှင့် ကိုဗဟိန်းတို့ တက်ရောက်ကြပါသည်။ ကိုဗသိန်းတင်၊ ထားဝယ်ပြန်နေသဖြင့် မတက်ရောက်နိုင် ပါ။ ဖိတ်ကြားခံရသူအဖြစ် သခင်သန်းမြိုင်နှင့် ကျွန်တော်တက်ရပါသည်။

ကျွန်တော်က ပီ–ဘီ–အစည်းအဝေးသို့ မနက်က စုံထောက်အင်စပိတ်တော်၊ ဘိန်ချောင်းနှင့် ပုလိပ်အရာရှိတစ်ယောက်တို့ လာတွေ့ပြီး သခင်စိုး တရုတ်ပြည်ရောက်နေပြီဖြစ်ကြောင်း၊ ပြောသွားသည်များကို အသေးစိတ်အစီရင်ခံပါသည်။

ပီ–ဘီ–အဖွဲ့ဝင်များသည်၊ ဤသတင်းကို စိုးရိမ်စိတ်ဖြင့် ဆွေးနွေးကြပါသည်။ ထိုစဉ်က မြန်မာ့နိုင်ငံရေး အခြေအနေမှာ ကျွန်သက်ရှည်စေမည့် စက္ကူဖြူစာတမ်းကို ကိုင်စွဲ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေသော ဘုရင်ခံ ဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖ.ဆ.ပ.လ အဖွဲ့ချုပ်၊ ဖ.ဆ.ပ.လအဖွဲ့ချုပ် အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံရေးပါတီများ နှင့် လူထုလူတန်းစားအဖွဲ့အစည်းများအပေါ်တွင် တင်းတင်းမာမာ ဖိနှိပ်ချုပ်ချယ်နေသောအခါလည်းဖြစ်ပါသည်။ ဗိုလ်ချုပ် အောင်ဆန်းကိုပင် စစ်ရာဇဝတ်ကောင်အဖြစ် ဖမ်းဆီးရန် ကြံစီနေသောအချိန်၊ ဖ.ဆ.ပ.လ နှင့်တကွ နိုင်ငံရေးပါတီများကို မတရားအသင်း ကြေညာတော့မည်ဟု သတင်းအမျိုးမျိုးထွက်နေသော အချိန်ဖြစ်ပါသည်။

ဤအခြေအနေတွင် ဖ.ဆ.ပ.လနှင့်တကွ အတိုက်အခံ နိုင်ငံရေးပါတီများသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် လှုပ်ရှား တိုက်ပွဲများကို ဥပဒေဘောင်အတွင်းမှ လှုပ်ရှားဆောင်ရွက်ရင်း မိမိတို့၏ ဥပဒေတွင်း တရားဝင်ရပ်တည်လှုပ်ရှားနိုင်ခွင့်ကို သတိကြီးစွာ ထား၍ ဆောင်ရွက်နေရသောအခါ သမယ ဖြစ်ပေသည်။

ထိုနေ့က ပါတီဌာနချုပ်တွင် ပြုလုပ်သော ပီ–ဘီ အစည်းအဝေးတက်သူအားလုံး ကျွန်တော်အပါအဝင်သည် အထက်ပါ စိုးရိမ်စိတ်ဖြင့် သခင်စိုးကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့ကြခြင်း ဖြစ်ပါသည်။

**သခင်စိုးရောက်ရှိနေသည်က အိန္ဒိယ၊ အစိုးရစုံထောက် ဌာနက ယုံကြည်ယူဆနေသည်က တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ လွတ်မြောက်နယ်မြေ။**

ဤကိစ္စကို ပီ–ဘီအဖွဲ့ဝင်များ၊ ဆွေးနွေးနေကြစဉ်၊ ပီ–ဘီ အဖွဲ့ဝင်မဟုတ်သော၊ သခင်သန်းမြိုင်နှင့် ကျွန်တော်မှာ မည်သို့မျှ ဝင်မပြောကြပဲ၊ သူတို့အပြန်အလှန် ဆွေးနွေးနေသည်တို့ကို နားထောင်နေကြပါသည်။ ပီ–ဘီ အဖွဲ့ဝင်တစ်ဦးဖြစ်သော၊ ကိုဗဟိန်း (နေမကောင်းသဖြင့် အနားယူနေရာမှ အရေးကြီးအစည်းအဝေး ဖြစ်သဖြင့် တက်ရောက်လာသူ) က

"ဘိန်ချောင်းက သိပ်လည်တယ်နော်၊ သခင်စိုးဘယ်မှာရှိနေတယ်ဆိုတာ ပေါ်လာအောင် တောခြောက်လိုက်တာပဲဖြစ်မယ်။ သူတို့မှန်းတုတ်တာပဲဖြစ်ဖြစ်၊ တောခြောက်တာပဲဖြစ်ဖြစ်၊ သခင်စိုး ရောက်နေတယ်ဆိုတာက တရုတ်ပြည် ကွန်မြူနစ်ပါတီ ချန်ကေရှိတ်နဲ့ တပ်ပေါင်းစု ပျက်ပြီး တိုက်နေကြတဲ့ပါတီ၊တရုတ်ပြည်က အင်္ဂလိပ်အစိုးရနှင့် မသက်ဆိုင်တဲ့ နိုင်ငံရပ်ခြား။ ဒါ့အပြင်၊ စီ–ပီ–စီ (တရုတ်ကွန်မြူနစ်ပါတီ) က အင်္ဂလိပ်နဲ့ သံတမန်ဆက်သွယ်ထားတဲ့ ချန်ကေရှိတ်အစိုးရရဲ့ မတရားသင်း ကြေညာခံထားရတဲ့ ပါတီ။ အဲဒီပါတီမှာ သခင်စိုး ရောက်နေတယ်ဆိုရင် ကျွန်တော်တို့ပါတီရဲ့ ဟရားပင်တည်ရှိခွင့်ကို ထိခိုက်မှာပဲ။ ဘုရင်ခံအစိုးရက ဒီကိစ္စကို အကြောင်းပြုပြီး ကျွန်တော်တို့ပါတီ လှုပ်ရှားမှုတွေကို အနှောက်အယှက် ပေးလာနိုင်တယ်လို့ ကျွန်တော်ထင်တယ်" ဟု ရှင်းလင်းပြောပြသည်။

သခင်သန်းထွန်းကလည်း –

"ဟုတ်တယ်–သခင်စိုး၊ တရုတ်ပြည်ရောက်နေတယ်ဆိုတဲ့၊ သတင်းကို သူတို့အခိုင်အမာယူပြီး ကျွန်တော်တို့ပါတီရဲ့ လှုပ်ရှားမှုတွေကို အတားအဆီးပြုနိုင်တယ်။ ဖ.ဆ.ပ.လရော ကျွန်တော်တို့ ပါတီကိုပါ အစိုးရက အခုလို သဲကြီးမဲကြီး အပြစ်ရှာနေတုန်းမှာ သခင်စိုးတရုတ်ပြည်ရောက်နေတယ်ဆိုတဲ့ သူတို့ရဲ့ ရမ်းတုတ်ထားတဲ့ သတင်းဟာ မမှန်ပေမဲ့၊ အပြစ်ရှာနေတဲ့သူတို့အဖို့တော့ ချက်ယူဖို့ဖြစ်သွားနိုင်တယ်။ ဒါကို အလေးအနက်ထည့်စဉ်းစားရမယ်။"

ကိုသိန်းဖေကလည်း ဝင်ဆွေးနွေးပါသည်။ အပြန်အလှန် ဆွေးနွေးကြရာတွင် ကျွန်တော်တို့ နှစ်ယောက်လည်း ဆွေးနွေးပွဲ အတွင်းပါဝင်လာပါသည်။

ကိုဗဟိန်းက– သူ့သဘောထားကို ဆက်ပြောပါသည်။ "အိန္ဒိယပြည် နဲ့ မြန်မာပြည် ဟာ အင်္ဂလိပ်အစိုးရ ရဲ့ လက်အောက်ခံ နိုင်ငံဖြစ်တယ်၊ အင်္ဂလိပ် ရဲ့ အုပ်ချုပ်ရေးဥပဒေတစ်မျိုးတည်းအောက် မှာ ရှိတယ်။ စစ်ပြီးစဖြစ် လို့ နိုင်ငံခြင်းဆက်သွယ်ရေးတွင် ပုံမှန် အနေအထားတွင် မရှိသေးသဖြင့် နိုင်ငံကူးလက်မှတ် အတ်အကျမရှိသေး။ စစ်ဘက်ဆိုင်ရာက ထုတ်ပေးသော ပါမစ်များ ဖြင့်ပင် နယ်စပ်ဖြတ်ကျော်ကူးသန်းနေကြရတာပဲ၊ ဒါကြောင့် သခင်စိုး အိန္ဒိယပြည်ရောက်နေတာပဲ၊ အိန္ဒိယပြည် ကွန်မြူနစ်ပါတီ က ဖိတ်ကြားချက်ဖြင့် ရောက်နေပြီး၊ နိုင်ငံရေး အခြေအနေများကို လေ့လာနေခြင်းဖြစ် တယ်လို့ အမှန်အတိုင်း သတင်းထုတ်ပြန် လိုက်ရင်၊ သခင်စိုး တရုတ်ပြည် ကွန်မြူနစ်နယ်မြေထဲ ရောက်နေတယ်ဆိုတဲ့ သူတို့မှန်းတုတ်ထား တဲ့ သတင်းကိုခြေဖျက်ပြီး ဖြစ်သွားမယ်။ ကျွန်တော်တို့ပါတီက၊ တရားဝင်ပါတီ အိန္ဒိယပါတီကလည်း တရားဝင်ပါတီပဲဆိုတော့ ဒီသတင်းကိုအကြောင်းပြုပြီး ကျွန်တော်တို့ကို အရေးယူဖို့ ခက်သွားမယ်" ကျွန်တော်တို့အားလုံးပင် ထိုစဉ်က စိုးရိမ်စိတ် ငယ်ထိပ်ရောက်နေသည်မှာ ပါတီဥပဒေအတွင်း ရပ်တည်ရေးပင်ဖြစ်ပါသည်။ သခင်စိုးထံသက်ရောက်သွားမည့် အန္တရာယ်ကို အလေးထား ထည့်မတွက်မိကြပါ။

ကိုဗဟိန်း၏ ဤအကြံပြုချက်ကို အခြေခံပြီး အပြန်အလှန်ဆွေးနွေးကြပါသည်။ ယင်း ပေါ်လစ်ဗျူရို အစည်းအဝေးက သခင်စိုးသည် အိန္ဒိယပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ပီ–စီ–ဂျိုရှီ၏ ဖိတ်ကြားချက်ဖြင့်၊ အိန္ဒိယပြည် ကွန်မြူနစ် ပါတီ ဌာနချုပ်–ဘုံဘေမြို့ (ယခု– မွန်ဘိုင်းမြို့) သို့ ရောက်ရှိ၍ နိုင်ငံရေးအခြေအနေများကို လေ့လာနေကြောင်း၊ သတင်းထုတ် ပြန်လိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဤဆုံးဖြတ်ချက်ကို ဖိတ်ကြားခံရသူအဖြစ် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော သခင်သန်းမြိုင်နှင့် ကျွန်တော်ကလည်း ထောက်ခံကြပါသည်။

သတင်းစာတိုက် အသီးသီးသို့ သတင်းထုတ်ပြန်ချက်ကို ပါတီစာနယ်ဇင်း ဗျူရိုတာဝန်ခံ၊ သခင်သန်းမြိုင်က၊ ရေးသားပြီး ပီ–ဘီက အတည်ပြု၍ စာချောရိုက်ခါ ထိုနေ့ညတွင်းချင်းပင် သတင်းစာတိုက်အသီးသီးသို့ ပို့ပေးလိုက်ပါသည်။

နောက်နေ့ထုတ်၊ သတင်းစာအသီးသီးတွင် သတင်းထူးအဖြစ် စာလုံးမဲခေါင်းစီးများဖြင့် သခင်စိုး၊ သတင်းပါလာပါသည်။

စုံထောက် ဘိန်ချောင်းလည်း ကျွန်တော့ထံသို့ ထပ်ရောက်မလာတော့ပါ။ သခင်စိုး သတင်း၊ သတင်းစာများတွင် ပါလာသည့် နံနက်မှာပင် ကျွန်တော်သည် သခင်စိုး၏ ဇနီးမနှင်းမေထံသို့သွားပြီး၊ စိုးရိမ်ပူပန်မှုမရှိရန်၊ အဖြစ်အပျက်ကို ရှင်းပြရပါသည်။

မနှင်းမေကမူ ဤသတင်းကြောင့် သခင်စိုးအိန္ဒိယတွင် အဖမ်းခံရမှာကို ပူပန်နေပါသည်။ ဂျပန်များအဝိုင်းခံရသည့်အထဲမှ ပသေလို့လွတ်မြောက်လာခဲ့သူဖြစ်သဖြင့် အိမ်ဖြေပျက်လောက်အောင်တော့ မနှင်းမေပျက်နှာတွင် စိုးရိမ်မှု လက္ခဏာ မတွေ့ခဲ့ရပါ။

သခင်စိုးရန်ကုန်ပြန်ရောက်လာရာ

သခင်စိုးသည် ၁၉၄၅–ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင်၊ ရန်ကုန်လေယာဉ်ကွင်းမှ ဗြိတိသျှစစ်လေယာဉ်ဖြင့် ကလကတ္တားလေယာဉ်ကွင်းသို့ ရောက်သွားခြင်းဖြစ်သည်။

အိန္ဒိယသို့ အသွားခရီးတွင် လေယာဉ်ဖြင့် အပြန်ခရီးတွင်ကား သခင်စိုးသည် အိန္ဒိယနှင့် မြန်မာနယ်စပ်ဖွစ်တကောင်းနယ်၊ ဒက္ကား (ယခု– ဘင်္ဂလားဒေ့ရှ် နိုင်ငံ– မြို့တော်ဒက္ကား) ကိုဖြတ်၍ နတ်မြစ်ကျော်ကာ ရခိုင်ပြည်– မောင်းတောမှ ကုန်လမ်းခရီး အတိုင်း ရန်ကုန်သို့ ဒီဇင်ဘာလကုန်လောက်တွင် ရောက်ရှိလာပါသည်။

တစ်ညနေတွင် ကျွန်တော့်အိမ်သို့ မင်္ဂလာလမ်း အမှတ် (၁၁) တွင် နေထိုင်သူ ရန်ကုန် စီရင်စု ကွန်မြူနစ်ပါတီ ခေါင်းဆောင် တစ်ဦး ဖြစ်သော သခင်သန်း (၁၉၅၆ ခုနှစ်လောက်က ပုံတောင်–ပုံညာ ဒေသတွင် ရွာသူရွာသားများ၏ လက်တုံ့ပြန်တိုက်ခိုက် ခြင်းကြောင့်၊ သေဆုံးသွားသူ အလံနီစခန်း တာဝန်ခံ သခင်သန်း) ရောက်ရှိလာပါသည်။

သခင်သန်းသည် ကျွန်တော့်အား လက်ကုတ်၍ တီးတိုးစကားဖြင့် "သခင်စိုးရန်ကုန်ရောက်နေပြီ သခင်တင်မြကို တွေ့ချင် တယ်လို့ ပြောတယ်။ ဘယ်သူမှ မပြောပါနဲ့ဦး။ သူ့မှဲ့တွေ့ဖို့ လိုက်ခဲ့ပါ" ဟု ခေါ်လေသည်။ ကျွန်တော်သည် မျှော်လင့်မထားသဖြင့် အံ့ဩသွားပါသည်။ ချက်ချင်းပင် သခင်စိုးနှင့် တွေ့ရန် သခင်သန်းနောက်သို့ လိုက်သွားပါသည်။

သခင်စိုးသည် ကြည့်မြင်တိုင် ဗားကရာဆိပ်ကမ်းတွင် ဖွင့်လှစ်ထားသော သခင်သန်း၏ ဝါးခနီဆိုင်တွင် တိတ်တဆိတ် တည်းခိုနေခြင်းဖြစ်သည်။

သခင်စိုးသည် ကျွန်တော့်ကို ဖက်လှဲတကင်း ကြိုဆိုလေသည်။ ကျွန်တော်က ဘေးမသီ ရန်မခဘဲ ကျန်းမာစွာဖြင့် ရောက်လာသဖြင့် ဝမ်းမြောက်ကြောင်း ပြောမိသည်။

သခင်စိုးက "ဘေးမသီ ရန်မခအောင် ကျုပ်မနည်းကြီး ရှောင်ခဲ့တိမ်းခဲ့ရတယ်။ ရောက်စတုန်းကတော့ ဘုံဘေ ကွန်မြူနစ် ပါတီဌာနချုပ်မှာ ဒိုတီတောင်ဝတ်ဖို့မလိုဘူး၊ လုံချည်နဲ့ပဲ ခက်တည်တည် ဘင်္ဂလီလိုလို နေလိုက်တယ်။ တစ်လကျော်ကျော် လောက်ကတော့ ဘာအနှောက်အယှက်မှ မရှိဘူး၊ ဂိုရှယ်နဲ့အတူ လူထုအစည်းအဝေးတွေ တောင်တက်ခဲ့သေးတယ်။ အဲ တစ်နေ့တော့၊ ဂျိုရှိက ကျုပ်ကိုခေါ်ပြောတယ်။

"သခင်စိုး၊ ခင်ဗျား Underground ဆင်းတော့၊ ခင်ဗျားဒီရောက်နေတာ၊ အစိုးရစုံထောက်ဖက်က သိသွားပြီ၊ ကျုပ်တို့သတင်း အတိအကျ ရထားတယ်လို့ ပြောတော့တာပဲ။ ဒါနဲ့ကျုပ်လည်း အဲဒီနေ့ကစပြီး၊ မြေအောက်လျှိုပြီး အသွားအလာ၊ အနေအထိုင်ကို ဆင်ခြင်ပြီး သူတို့ပါတီဌာနချုပ်က စီစဉ်ပေးတဲ့အတိုင်း၊ သွားလာနေထိုင် ခဲ့ရတယ်။ စိတ်ညစ်ပြီး၊ ရိုးတထိတ်ထိတ်နဲ့ နေခဲ့ရတယ်။ ပထမတော့၊ ကျုပ်သတင်းဘယ်လိုပေါက်ကြားသွားသလဲလို့ ဘယ်သူမှ မသိဘူး၊ မကြားပါဘူး။ တစ်နေ့တော့ မြန်မာသတင်းစာတစ်စောင်ကို ဂိုရှယ်ယူလာပြီး၊ ကျုပ်အိန္ဒိယ ရောက်နေကြောင်း၊ ပါတီတာဝန်ဖြင့် လေ့လာရေးခရီးသွားခြင်းဖြစ်ကြောင်း ပါတီဌာနချုပ်က သတင်းထုတ်ပြန်ထားတာကို ဖတ်ရတယ်"

"ဂိုရှယ်ရော၊ ကျုပ်ရောက ဒီသတင်းစာကြည့်ပြီးတာနဲ့ သန်းထွန်းနဲ့ သိန်းဖေတို့ ပေါင်းပြီး ကျုပ်ကိုချောက်ချလိုက်တာပဲ ဆိုတာ ချက်ချင်းသိလိုက်တယ်။ ဒေါသဖြစ်လိုက်တာလေ။ လုပ်ရက်လေခြင်းပေါ့။ ကျုပ်ဟိုမှာအဖမ်းခံရပြီး၊ ထောင်ထဲရောက် သွားအောင်စီမံလိုက်တာပဲ၊ ဒါမှပါတီကို သူတို့ချယ်လှယ်ချင်တိုင်း ရမယ်ပေါ့"

ကျွန်တော်က သူ့စကားကို ကြားဖြတ်၍ "ကဲသခင်စိုး၊ ကျွန်တော်ပြောပါရစေဦး၊ ဒီမှာ အဲဒီကိစ္စ ဘယ်လိုဖြစ်ခဲ့တယ်ဆို တာ၊ ကျွန်တော်အစအဆုံး ပြောပြပါမယ်။ ကောက်ချက်အရင်မဆွဲပါဦး" ဟု အစချီပြီး ကျွန်တော်ထံ စုံထောက်ဘိန်ချောင်း ရောက်လာစုံစမ်းပုံမှ အစ ပိဘီ–အစည်းအဝေးခေါ်၍ ဆွေးနွေးတိုင်ပင်ကြပြီး၊ ကိုဗဟိန်းအကြံပေးတဲ့အတိုင်း၊ ပါတီကို ကာကွယ်ရန် အသေးအနက်ဆုံးဖြတ်ပုံ၊ ဤဆုံးဖြတ်ချက်ကို သခင်သန်းမြိုင်နှင့် ကျွန်တော်ကပါ သဘောတူထောက်ခံပြီး သတင်းစာတိုက်များသို့ သတင်းထုတ်ပေးပုံများကို အသေးစိတ် ရှင်းလင်းပြပါသည်။

သခင်စိုးသည် ဤသို့ကျွန်တော်ရှင်းပြသည်ကို အလေးအနက်ပင် မစဉ်းစားပါ။ လက်မခံပါ။

"ခင်ဗျားနဲ့ သခင်သန်းမြိုင်တို့က သဘောရိုးသမားတွေပဲ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ ရိုးသားမှုအပေါ်အသုံးချပြီး၊ သူတို့ နှစ်ယောက်က ကျုပ်ကိုချောက်ချတာပဲ၊ ချော်လဲရောထိုင်လိုက်တာ ရှင်းနေတာပဲ" ဟု သခင်စိုး စွတ်ပြောနေပြန်သည်။

"ကိုဗဟိန်းကလည်း ခင်ဗျားတို့လို သူတို့နှစ်ယောက်ရဲ့ အသုံးချတာကိုခံလိုက်ရတာပဲ။ အဲ– ကိုဗဟိန်းကိုတော့ သိပ်မသေ ချာဘူး၊ သူတို့ နှစ်ယောက်နဲ့သိပ်ရင်းနှီးတော့ သူလည်းအလိုတူ အလိုပါဖြစ်နိုင်တယ်။ ကျုပ်ဗျာ ရန်ကုန်အပြန်ခရီးအတွက် ကပ္ပတိန် အဲန်ဂါးတို့နဲ့ စီစဉ်ပြီးသားဗျ၊ ပြည်တော်ပြန်ခရီးမှာလည်း ဗိမ်နဲ့ပြန်ခဲ့ရမှာ၊ ခုတော့ ဒီအစီအစဉ်တွေအားလုံးပျက်ပြီး ဒက္ကားကနေ နတ်မြစ်ဖြတ် နယ်စပ်ကျော်၊ ကုန်းလမ်းခရီးအတိုင်း၊ ရန်ကုန်အရောက် ရင်တထိတ်ထိတ် လာခဲ့ရတာ၊ ပင်ပန်းတာလဲ လွန်ရော– ငါဘယ်နေရာမှာ အဖမ်းခံရမလဲလို့ အမြဲပူပန်နေရတယ်။ ခုလဲကြည့် ဒီမှာပုံးနေရတယ်။ ရင်တထိတ်ထိတ်နဲ့ပဲ နေ–နေရတယ်" "တောက်" ခေါက်၍ စကားဖြတ်လိုက်သည်။

ကျွန်တော်သည် သခင်စိုး၏ မျက်နှာအမူအရာနှင့် လှုပ်ရှားဟန်များ၊ စကားသံများအတွင်းမှ သခင်သန်းထွန်းနှင့် ကိုသိန်းဖေ

တို့နှစ်ယောက်အပေါ် ဖြစ်လွတ်နေသော၊ အမျက်ဒေါသများကို တွေ့နေရသည်။ ပါတီအတွင်းဂိုဏ်းရိုမ်စိတ်များ ဖြစ်ပေါ်လာသည်။ သခင်စိုးကိုတော့ ထုတ်ဖော်မပြောခဲ့ပါ။

သခင်စိုးက "ကဲ ကျုပ်လည်း၊ ရခိုင်ရောက်မှ ရန်ကုန်ထုတ်သတင်းစာတွေ ဖတ်ရတယ်။ ကျုပ်မရှိတုန်း ပါတီမှာ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာတွေ၊ အကျဉ်းခြုံးပြောပြပါဦး" ဟု မေးလာသဖြင့် ကျွန်တော်က အခြေအနေ အရပ်ရပ်ကို ရှင်းပြရပါသည်။

သခင်စိုးက သူရန်ကုန်ပြန်ရောက်နေကြောင်း သခင်သန်းထွန်းနဲ့ ကိုသိန်းဖေတို့ကို အသိမပေးသေးပဲထားရန်။ နှစ်ရက်အကြာ သူပြင်ဆင်စရာရှိသည်များပြီးမှ အသိပေးရန် ပြောပါသည်။ ကျွန်တော့်ကိုလည်း နေ့စဉ်ညပိုင်းတွင်မှ လာတွေ့ရန်။ လာတွေ့ပါကလည်း နောက်ယောင်ခံလိုက်သူရှိမရှိ။ သတိထား၍ လာတွေ့ရန်၊ ထပ်ခါတလဲ မှာနေပါသည်။ ဤနှစ်ရက်အတွင်း၊ သူတွေ့လိုသော ဗဟိုကော်မတီ–ကိုအေးမောင် (ရေနံမြေ– ကိုထွန်းစိန်) အရံဗဟိုကော်မတီဝင် ကိုထွန်းရင် ဒေါ်စောမြတို့ကို သခင်စိုးထံသို့ လျှို့ဝှက်စွာ ပို့ပေးခဲ့ရပါသည်။ ဤနှစ်ရက်အတွင်း အထွေထွေအတွင်းရေးမှူးကို သိန်းဖေနှင့် ပီဘီအဖွဲ့ဝင် သခင်သန်းထွန်းတို့ကို သခင်စိုးရောက်ပြီဖြစ်ကြောင်း၊ သတင်းပို့ရန် ကျွန်တော့်တွင်တာဝန်ရှိပါသည်။ ထိုတာဝန်ကို ကျွန်တော် မကျေပွန်ခဲ့ပါ။ သခင်စိုးတွင် စွဲကပ်နေသော သူတို့နှစ်ယောက်အပေါ်ထားသည့် အယင်မှားမှုနှင့် အမုန်းတရားများကို ကျွန်တော်လန့်ဖြန့်ပြီး သတင်းမပို့ဖြစ်ခြင်းဖြစ်ပါသည်။

သူ့အပေါ်ထားရှိခဲ့သော ကြည်ညိုစိတ်ဖြင့် သူအစီအစဉ်ချ၍ လုပ်လိုသည်များစေခိုင်းသည်များကို စိတ်မပါတပါဖြင့် လုပ်ကိုင်ပေးနေရပါသည်။

ကျွန်တော်၏ ပင်ကိုယ်စိတ်မှာ ညီညွတ်မှုကိုလိုလား၍အတိုက်အခိုက် အငြင်းအခုံတို့ကိုမလိုလားပါ။ မိမိ၏အသိပညာနိမ့်ကျမှုကြောင့် သိမ်ငယ်မှုမရှိသော်လည်း မိမိထက်အတွေ့အကြုံကြီးမားသော ခေါင်းဆောင်များကိုလေးစားပါသည်။ ဤလေးစားဖွယ်ခေါင်းဆောင်များက မိမိမျှော်မှန်းသလို အားထားသလိုဖြစ်မလာသောအခါ စိတ်အားငယ်ရပါသည်။ ထိုရက်များအတွင်းက ကျွန်တော်သည် သခင်စိုးခိုင်းတာလုပ်ပေးနေရသော်လည်း စိတ်ရှုပ်ရှုပ်နှင့် လုပ်နေခြင်းဖြစ်ပါသည်။ တက်တက်ကြွကြွမရှိပါ။

ဤသို့ဖြင့် သခင်စိုးသည် နှစ်ရက်အကြာတွင် အထွေထွေအတွင်းရေးမှူး ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့ကို တစ်နေရာတွင် လျှို့ဝှက်စွာ တွေ့ဆုံကြပါသည်။ တွေ့ဆုံရန် သခင်သန်းထွန်းကပင် စီစဉ်ပေးပါသည်။ သခင်စိုးသည် ရန်ကုန်ရောက်လျှင်ရောက်ချင်း ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ကို အဦးဆုံးတွေ့ဆုံခြင်းဖြစ်ကြောင်း ပြောသည်ဟုသိရပါသည်။

ဤတွင်မှသခင်စိုးက သူ၏လုံခြုံရေးအတွက် ပါတီနှင့်အဆက်အသွယ်ပြုရာတွင် ကျွန်တော်ကို သူအသုံးပြုလိုကြောင်း တောင်းဆိုသဖြင့် ကိုသိန်းဖေက ခွင့်ပြုလိုက်ပါသည်။ ကျွန်တော်သည် ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့နှင့် ပုံးလျှိုးနေရဆဲဖြစ်သော သခင်စိုးအကြားတွင် တရားဝင်ဆက်သွယ်သူဖြစ်လာပါသည်။

သခင်စိုးသည် ဤသည်ကို အခွင့်ကောင်းယူ၍ သူနောက်ထပ် တွေ့ဆုံဆွေးနွေးလိုသူများကို ကျွန်တော်က စီစဉ်ပေးရပါသည်။ ပါတီဌာနချုပ် ပီ–ဘီ ကလည်းသခင်စိုးမြေအောက်လျှိုးနေရသောအဖြစ်မှ ဖြောင်နေထိုင်လှုပ်ရှားနိုင်အောင် အကြံထုတ်၍ အောက်ပါအစီအစဉ်များလုပ်နေကြပါသည်။

၁၉၄၅–ခုနှစ် ဇွန်လကတည်းက ဖွဲ့စည်းခဲ့သော A.B.T.U.C ခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂ၏ ဥက္ကဋ္ဌမှာ ကိုဗဟိန်း၊ ဒုဥက္ကဋ္ဌများမှာ ဦးအောင်သိန်း (စာရေးဆရာ– မြဒေါင်းညို ရဲဘော်သုံးကြိပ် အထုပ္ပတ္တိရေးသော၊ စာရေးဆရာ မြဒေါင်းညို– နောင်တွင်၊ ယူဂိုစလေဗီးယားနိုင်ငံတွင် ဒေါက်တာဘွဲ့ရပြီး၊ အမေရိကန်နိုင်ငံတွင် ကွယ်လွန်သွားသူ) ဦးကိုကိုကြီး (၁၉၄၅–ခုနှစ် ဩဂုတ်လလောက်တွင် အေ–ဘီ–တီ–ယူ–စီ ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော နောင်တွင်ဆိုရှယ်လစ်ပါတီမှ ထုတ်ပယ်ခံရသူ သိန်း (၄၀) ဦးကိုကိုကြီး) တို့ဖြစ်ကြပြီး အထွေထွေအတွင်းရေးမှူးမှာ လက်သီးပုံး ဗိုလ်ဇတင် (၁၉၆၅–ခုနှစ်တွင် မ–ဆ–လ– အစိုးရတွင် အထူးအရာရှိအဖြစ် ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့သူ)ဖြစ်ပါသည်။ ၁၉၄၆–ခုနှစ် ကုန်လောက်တွင် ဥက္ကဋ္ဌ ကိုဗဟိန်းသည် ပလူရေစီရောဂါကြောင့် မကြာခဏအိပ်ယာတွင် လဲနေပါသည်။ ဥက္ကဋ္ဌ တာဝန်ကိုကြေပွန်စွာ မထမ်းဆောင်နိုင်ပါ။ (၈တာ)

ဗဟိုအလုပ်သမား သမဂ္ဂဌာနချုပ်ရုံးမှာ ဘားကရာလမ်းရှိ ပါတီဌာနချုပ် အောက်ထပ်မှာပင်ဖြစ်သည်။ ကိုဗဟိန်း ကျန်းမာရေး အခြေအနေကြောင့် ရုံးသို့မှန်မှန်မလာနိုင်ပါ။ ထိုအတွင်း၊ မြေနုလမ်း၊ ကိုဗဟိန်းနေသော အိမ်အောက်ထပ်မှာ အိမ်ငှား လစ်လပ်သွားသဖြင့် ဗဟိုအလုပ်သမား သမဂ္ဂဌာနချုပ်ရုံးကို ယင်းနေရာသို့ ပြောင်းရွှေ့ ဖွင့်လှစ်ရန် စီစဉ်လာကြပါသည်။ ယင်းအစီအစဉ်နှင့်အတူ ပုံးလျှိုးနေရသော သခင်စိုးကို ဥပဒေတွင်းဖြောင်နေထိုင်လှုပ်ရှားနိုင်အောင် ကိုသိန်းဖေ၊ သခင်သန်းထွန်းနှင့် ကိုဗဟိန်းတို့က ထူးဆန်းသော အစီအစဉ်ဖြင့် "အကြံပိုင်သောငွေး" အဖြစ် ပီ–ဘီတွင် ဆုံးဖြတ်၍ သခင်စိုးကို ပြောပြပါသည်။ သခင်စိုးကလည်း ထိုအကြံအစီသည် အကောင်းဆုံးမဟုတ်သော်လည်း အခြားရွေးစရာမရှိသဖြင့် လက်ခံ၍ ဆောင်ရွက်ရန် သဘောတူလိုက်ပါသည်။

သခင်စိုးသည် မလွတ်လပ်သော စိုးတထိတ်ထိတ်နေထိုင်လှုပ်ရှားနေရသော ဘဝမှ လွတ်မြောက်လိုလှပြီ။ ၁၉၄၆ ခု . . နှစ် ဇန္နဝါရီ ၂၀ ရက်နေ့မှစတင်၍ ရွှေဒဂုန်ဘုရားအလယ်ပစ္စယံတွင် ကျင်းပမည့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ ပြည်လုံးကျွတ် ညီလာခံကြီး ကိုဦးစီးအဖွဲ့ဝင်တစ်ဦးအဖြစ် တက်ရောက်နိုင်ရန် ဆန္ဒပြင်းပြနေပါသည်။ ဤသို့ဆန္ဒပြင်းပြနေသော ရက်များအတွက် သခင်စိုး သည် သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့အပေါ်တွင် မကျေနပ်မှုများကို ထုတ်ဖော်မပြောတော့ပေ။ ဘရောက်ဝါဒအပေါ် ပြင်သစ် ကွန်မြူနစ်ပါတီ၊

အထွေထွေအတွင်းရေးမှူး ဒရူးကလော့(စ်) ၏ ဝေဖန်ချက်များကိုလည်းကောင်း အိန္ဒိယပြည် ကွန်မြူနစ် ပါတီအနေဖြင့် ပီ–ရှီ–ဂျိုရှိနှင့် အာဒီကာရီစသော ခေါင်းဆောင်များက သူတို့ယခင်က ချမှတ်ကျင့်သုံးခဲ့သော နိုင်ငံရေး လမ်းစဉ်များကို ပြန်လည်သုံးသပ်နေပုံတို့ကိုလည်းကောင်း၊ သူနှင့် လျှို့ဝှက်၍ လာတွေ့သူတိုင်းကို ရှင်းလင်း ပြောပြနေပါသည်။

ဤအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂအလုပ်အမှုဆောင် အစည်းအဝေးခေါ်ပြီး ဥက္ကဋ္ဌဖြစ်သူ၊ ကိုဗဟိန်းက ကျန်းမာရေးအကြောင်းပြချက်ဖြင့်၊ နှုတ်ထွက်လိုက်ပါတော့သည်။ မြန်မာပြည်တစ်နေရာတွင် ပါတီတာဝန်ဖြင့် အနားယူနေသော သခင်စိုးကို လစ်လပ်သွားသော ဥက္ကဋ္ဌနေရာတွင် ရွေးတင်မြှောက်လိုက်သည်။ ဤဥက္ကဋ္ဌအပြောင်းအလဲသတင်းကို လောလောဆယ် မထုတ်ပြန်သေးဘဲ လျှို့ဝှက်ထားရန် ဆုံးဖြတ်သည်။

ထို့အပြင် ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် ဖ–ဆ–ပ–လ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်သော ကိုဗဟိန်းသည် ကျန်းမာရေးအကြောင်းပြချက်ဖြင့် နှုတ်ထွက်၍ ယင်းနေရာတွင် သခင်စိုးကို တာဝန်ပေးရန် ကွန်မြူနစ်ပါတီ၏ ပီ–ဘီ–အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဖ.ဆ.ပ.လ အဖွဲ့ချုပ်ရုံးသို့ အကြောင်းကြားခဲ့ရပါသည်။

"အကြံပိုင်သောခွေး နှင့် သခင်စိုး"

ပုံးလျှိုးနေထိုင်ရသော သခင်စိုး၊ မြေပေါ်တွင် လွှပ်ရှားသွားလာနိုင်အောင် "အကြံပိုင်သော ခွေး" အစီအစဉ်မှာ ဤသို့ဖြစ်သည်။ မြေနီကုန်းရပ်ကွက်၊ မြေနုလမ်း အိမ်အမှတ် (၁၄) ကိုဗဟိန်း အိမ်အောက်ထပ်တွင် ဗဟိုအလုပ်သမား သမဂ္ဂဌာနချုပ် ရုံးဖွင့်ပွဲကို ဒီဇင်ဘာလကုန် (—) နေ့တွင် ပြုလုပ်မည်။ ယင်းဖွင့်ပွဲသို့ အင်္ဂလန်လေဘာအစိုးရ၏ မြန်မာပြည်ဘုရင်ခံ၊ ဆါရီဂျီနယ် ဒေါ်မန်စမစ်ကို ကြိုးမှူးဖွင့်လှစ်ပေးရန် ဖိတ်ကြားမည်။ ရုံးဖွင့်ပွဲသို့တက်ရောက်ဖွင့်လှစ်ပေးသော ဘုရင်ခံနှင့် ဗဟိုအလုပ်သမား သမဂ္ဂ အဖွဲ့ချုပ် ဥက္ကဋ္ဌသစ်သခင်စိုးတို့ လက်ဆွဲနှုတ်ဆက်နေမည့် အခမ်းအနားအစီအစဉ်ပင်ဖြစ်ပေသည်။

ဤအစီအစဉ်အတိုင်းပင် ထိုနေ့က ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ အလုပ်သမားသမဂ္ဂ အမှုဆောင်များနှင့် ဆိုရှယ်လစ်ပါတီက ဦးစီးသော ဗဟိုအလုပ်သမား အစည်းအရုံး ခေါင်းဆောင်များ အပါအဝင် လူ ၁၀၀–ခန့် နံနက် (၈) နာရီတွင် ကြိုတင်ရောက်ရှိနေကြပြီး (၉) နာရီတွင် ဘုရင်ခံ ဒေါ်မန်စမစ်သည် အလုပ်သမားဌာနဝန်ကြီးနှင့်အတူ၊ သက်တော်စောင့်များ ခြံရံ၍ ရောက်ရှိလာပါသည်။ ဥက္ကဋ္ဌအသစ် သခင်စိုးသည် ရုံးခန်းတွင်း ပုံးခိုနေရာမှ ရုတ်တရက်ထွက်လာပြီး ဘုရင်ခံကို ကြိုဆိုပါသည်။ ဥက္ကဋ္ဌဟောင်းကိုဗဟိန်းက ဥက္ကဋ္ဌသစ်သခင်စိုးနှင့် ဘုရင်ခံကို မိတ်ဆက်ပေးပါသည်။ ဘုရင်ခံသည် အံ့ဩမှုမပျက်ပါ။ တည်တည်ငြိမ်ငြိမ်ဖြင့်ပင် သခင်စိုးကို လက်ဆွဲနှုတ်ဆက်ပြီး ဝမ်းမြောက်ကြောင်း၊ ကျေးဇူးတင်ကြောင်းပြောပါသည်။ ကျွန်တော်သည် သခင်စိုးတို့နှင့် အလှမ်းဝေးနေသဖြင့် စကားသံကို ပီပီသသ မကြားလိုက်ပါ။

ဘုရင်ခံသည် ရုံးခန်းရှေ့တွင် တားထားသော ဖဲကြိုးကို အလုပ်သမကလေး တစ်ယောက်ကမ်းလင့်သည့် ကပ်ကျေးဖြင့်ညှပ်ကာ ဗဟိုအလုပ်သမားသမဂ္ဂရုံးသစ်ကို အခမ်းအနားနှင့် ဖွင့်လှစ်ပေးလိုက်ပါသည်။ တက်ရောက်သူများက လက်ခုပ်သြဘာသံဖြင့် ချီးကျူးဂုဏ်ပြုလိုက်ပါသည်။ ဘုရင်ခံသည် ဖွင့်ပွဲတွင် ကြာကြာမနေပါ။ ကိုဗဟိန်းနှင့် သခင်စိုးတို့ကို လက်ဆွဲနှုတ်ဆက်ပြီး ရုံးရှေ့တွင် အသင့်ရပ်ထားသော Humber Snipe ကားနက်ကြီးပေါ်သို့ တက်၍ ကိုယ်ရံတော်များနှင့်အတူ ပြန်လည်ထွက်ခွါသွားကြပါသည်။

ဘုရင်ခံလုံခြုံရေးအတွက် လမ်းထဲတွင် ကြိုတင်ရောက်ရှိနေကြသော ပုလိပ်အရာရှိများနှင့် ပုလိပ်များလည်း ပြန်လည်ထွက်ခွါသွားကြပါသည်။ အရပ်ဝတ်စုံထောက်များကား ပရိသတ်များနှင့် ရောနှော၍ ကျန်ရှိနေပါသည်။ ပုလိပ်အရာရှိများသည် သူတို့အဖို့ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မျက်စေ့မျက်နှာပျက်နေကြသော်လည်း ရုံးဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း ဥက္ကဋ္ဌသစ်–သခင်စိုးကိုလည်း အနှောက်အယှက်မပေးကြပါ။

ဥက္ကဋ္ဌသစ်သခင်စိုးကား၊ တိုက်ပုံအင်္ကျီပုဆိုးအသစ်– ဖိနပ်အသစ်နှင့် ပရိသတ်ကြားတွင် စိတ်နေကျင်းကြပ်မနေဟန်တူပါသည်။ သူ့အားလာရောက်နှုတ်ဆက်သူများကိုပင် အလေးထား ပြန်မနှုတ်ဆက်အား၊ အိန္ဒြေဆယ်သော်လည်းမရဖြစ်နေပါသည်။

သခင်စိုးက ကိုသိန်းဖေအား "တစ်ထစ်တော့ အောင်သွားပြီ၊ ဒါပေမဲ့ ညကျရင်တော့ ပုလိပ်ကလာဆွဲမလားမသိဘူး၊ ဒီညတော့ ရှောင်အိပ်ရင်ကောင်းမယ်ထင်တယ်" ဟု အနီးကပ်ပြော၍ သူ့စိုးရိမ်စိတ်ကို ဖော်ပြနေပါသည်။

"ဒီမှာ သခင်စိုး၊ ရှောင်အိပ်မနေပါနဲ့၊ စိတ်ချလက်ချအိပ်စမ်းပါ။ ဘုရင်ခံနဲ့ လက်ဆွဲနှုတ်ဆက်ထားတဲ့ အလုပ်သမားအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးကို ဘယ်ပုလိပ်ကဖမ်းရဲမှာလဲဗျာ။ နောက်တစ်နေ့ သတင်းစာထဲမှာ "ဘုရင်ခံ လက်ဆွဲနှုတ်ဆက်ခဲ့သော၊ အလုပ်သမား သမဂ္ဂအဖွဲ့ချုပ် ဥက္ကဋ္ဌ သခင်စိုး အဖမ်းခံရခြင်း" ဆိုတဲ့ သတင်းကို သူတို့အပါမခံရဲပါဘူးဗျ။ စိတ်အေးအေးထားစမ်းပါ" ဟု သခင်စိုးအနားကပ်၍ တိုးတိုးတိတ်တိတ်ပြောနေသူမှာ ကိုသိန်းဖေဖြစ်ပါသည်။

ဤနည်းဤပုံဖြင့် အိန္ဒိယမှ ပြန်ရောက်ကတည်းက မြေအောက်ရှိနေရသော၊ သခင်စိုးသည်၊ မြေပေါ်သို့ အခမ်းအနားဖြင့် သားနားစွာ ရောက်သွားခြင်းဖြစ်ပါသည်။

ထိုအချိန်မှစ၍ သခင်စိုးသည် ဇနီးမနှင်းမေနှင့် သမီးလေးအား နီးကြောင်ခိုးဝှက် တွေ့ဆုံနေရာမှ၊ မနှင်းမေနေထိုင်ရာ သဘာဝမ္မရုံး အောက်ထပ်သို့ ပြောင်းရွှေ့ရောက်ရှိသွားပါတော့သည်။

ကျွန်တော်သည်လည်း သခင်စိုးကိုသွားတွေ့ရာ၌ မိမိနောက်က နောက်ယောင်ခံလိုက်သူရှိမရှိကို သတိထားသွားလာလှုပ်ရှားရန်မလိုတော့ပါ။ သူရှိရာသို့ ပြောင်ပြောင်တင်းတင်းသွားလာဝင်ထွက်နိုင်ပါတော့သည်။

ထိုရက်များက ကျွန်တော်တို့ပါတီဌာနချုပ်ရှိ၊ တာဝန်ရှိသူတိုင်းမှာ အလွန်အလုပ်များနေကြပါသည်။ ၁၉၄၆–ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့မှစတင်ကျင်းပတော့မည့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ ပြည်လုံးကျွတ်ညီလာခံအတွက်၊ ဝိုင်းဝန်းပြင်ဆင်နေရသောကြောင့် ဖြစ်ပါသည်။

ဖ.ဆ.ပ.လ ညီလာခံ အဖွဲ့ချုပ်၏ ပြည်လုံးကျွတ်ညီလာခံ ပြင်ဆင်ရေးကော်မတီ၏ ရုံးခန်းမှာ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံနိုက်ဦး ဇရပ်တွင် ဖြစ်ပါသည်။

ကျွန်တော်သည် နံနက်နှင့်နေ့လည်တွင် ပါတီဌာနချုပ်ရုံးတက်၍ စည်းရုံးရေးဗျူရို၏ လုပ်ငန်းများကို ဆောင်ရွက်ရပြီး၊ ည – (၈) နာရီတွင် ညီလာခံ ပြင်ဆင်ရေးကော်မတီရုံးသို့သွား၍ ညီလာခံကိုယ်စားလှယ် စိစစ်ရေးအဖွဲ့အစည်းဝေးသို့ တက်ရပါ သည်။

ဖ.ဆ.ပ.လ ညီလာခံ ကိုယ်စားလှယ် စိစစ်ရေးအတွက် ကွန်မြူနစ်ပါတီမှ၊ ကိုဗဟိန်းနှင့် ကျွန်တော့်ကိုထည့်ထားပါသည်။ ကိုဗသိန်းတင်ရောက်လာသောအခါ၊ ကိုဗဟိန်းအစား တက်ပါသည်။ ဆိုရှယ်လစ်ပါတီမှ ကိုယ်စားလှယ်နှစ်ဦးမှာ ကိုကျော်ငြိမ်းနှင့် သခင်သာခင်ဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းရရှိသော နယ်ကိုယ်စားလှယ်စာရင်းနှင့် ညှိနှိုင်းမရသော ကိုယ်စားလှယ်စာရင်းတို့ကို အတည်ပြုရန် သို့မဟုတ် အစားထိုးသတ်မှတ်ပေးရန် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် ဦးချစ်မောင် (ဂျာနယ်ကျော်) တို့ပါဝင်သော အဖွဲ့သို့တင်ပြပါသည်။

ဤညီလာခံကိုယ်စားလှယ် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းများမှာ ညည့်နက်မှပြီးလေ့ရှိသဖြင့် ကျွန်တော်သည် သခင်စိုးထံသို့ နေ့စဉ်မရောက်တော့ပါ။ နယ်အသီးသီးမှ ကြိုတင်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်ပါတီ ကေဒါများကိုမူ သခင်စိုးထံ သွားရောက်တွေ့ဆုံနိုင်ရန် စီစဉ်ပေးနေရပါသည်။

ဤသို့စီစဉ်ပေးခြင်းကို ပါတီဌာနချုပ် ပီ–ဘီ–အဖွဲ့က တရားဝင်ခွင့်ပြုချက်ကို သခင်စိုး၏ တောင်းဆိုမှုအရ ခွင့်ပြုထားပါ သည်။ ၁၉၄၅–ခုနှစ် ဇူလိုင် ဒုတိယအကြိမ်ပါတီညီလာခံက၊ ချမှတ်ထားခဲ့သော ပါတီနိုင်ငံရေး၊ စည်းရုံးရေးလမ်းစဉ်များကို ပြန်လည်ဆုံးသတ်ပြင်ဆင်ရန်အတွက် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀– ရက်နေ့တွင် ခေါ်ယူကျင်းပပေးရန် သခင်စိုး၏ တောင်းဆိုချက်ကိုလည်း ပီ–ဘီအဖွဲ့က သဘောတူပြီး၊ ခရိုင်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဗဟို ကော်မတီလူကြီးများနှင့် ဗဟိုကော်မတီ စည်းရုံးရေးမှူးများထံသို့ အောက်ပါဖိတ်စာများကို ပို့လိုက်ပြီးဖြစ်ပါသည်။

"ရဲဘော်တို့ –

(၁) ၄၅–ခုနှစ် ဇူလိုက်လက ကျင်းပခဲ့သော ပါတီ၏ ဒုတိယကွန်ဂရက်မှစ၍၊ ယနေ့တိုင် ပါတီကချမှတ်ထားခဲ့သော ဝါဒနှင့် လုပ်ခဲ့သော လုပ်ငန်းစဉ်များကို ပြန်လှန်ဆင်ခြင် သုံးသပ်ရန်၊ အခြေသို့ စိုက်ရောက်နေသည်။ အပြန်အလှန်ဝေဖန်၍ သင်ခန်းစာများယူရန်လိုအပ်ပြီ

(၂) မှန်ကန်သော ဝါဒကို တိကျစွာဆုံးဖြတ်၍ လုပ်ငန်းစဉ်သစ်များကို ရေးဆွဲရန်လိုပေလိမ့်မည်။

(၃) လုပ်ငန်းစဉ်သစ်များအရ၊ ရဲဘော်များကို တာဝန်ခွဲဝေမှု အသစ်ပြုပြင်ရပေလိမ့်မည်။

ထို့ကြောင့် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၀–ရက်နေ့ နံနက် (၈) နာရီမှစ၍ ပါတီဌာနချုပ် – အစည်းအဝေးခန်းမတွင် ကျင်းပလိမ့်မည် ဘယ်နည်းနှင့်မဆို တက်ရောက်နိုင်အောင် ကြိုးစားကြစေလိုသည်။

(မှတ်ချက်) ရဲဘော်စိုးက ရှေ့ဆောင်၍ ဝေဖန်ဆွေးနွေးလိမ့်မည်။

ရဲဘော်သိန်းဖေ၊

အထွေထွေ အတွင်းရေးမှူး

ဗမာပြည်ကွန်မြူနစ်ပါတီ

ပြည်လုံးကျွတ် ဖ.ဆ.ပ.လ ညီလာခံကို ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ဆောက်လုပ်ထားသော မဏ္ဍပ်တွင် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ –၁၇ ရက်နေ့တွင် စတင်ကျင်းပခြင်းဖြစ်ပါသည်။

နယ်ကိုယ်စားလှယ်များ စုံညီတက်သော ညီလာခံကို ၁၇–ရက်နေ့မှ ၁၉–ရက်နေ့အထိ ကျင်းပပြီး ၂၀–ရက်နေ့တွင် လူထုအစည်းအဝေးကြီး ကျင်းပ၍ညီလာခံကို ရုပ်သိမ်းမည်ဖြစ်ပါသည်။"

ညီလာခံကျင်းပသော ၁၇–ရက်နေ့တွင် ကျွန်တော်တို့နှင့်အတူ ဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်သော၊ သခင်စိုးလည်း တက်ရောက်ပါ သည်။ ကျွန်တော်တို့က အစည်းအဝေးစတင်သည်မှ ပြီးဆုံးသည့်အထိနေပါသည်။ သခင်စိုးက လာမည့်ဗဟိုကော်မတီအစည်း အဝေးအတွက် ပြင်ဆင်ရန်ရှိသည်ဆိုပြီး၊ နံနက်ပိုင်းမှာပင် ပြန်သွားပါသည်။ နောက်နေ့တွင်လည်း သခင်စိုးညီလာခံသို့ မတက်တော့ပါ။ ညီလာခံကိုယ်စလှယ်များ၏ ဆွေးနွေးတင်ပြချက် အဆိုများနှင့် ဆုံးဖြတ်ချက်မှတ်တမ်းများကိုသာ ကျွန်တော်က ညီလာခံရုံးမှ စောင့်ယူပြီး သခင်စိုးထံသို့ ပို့ပေးရပါသည်။

ညီလာခံသို့ နယ်ကိုယ်စားလှယ်အဖြစ်တက်ရောက်လာကြသော၊ ပါတီဗဟိုကော်မတီဝင်များနှင့် ဗဟိုအစည်းရုံးရေးမှူးများ၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်များကို ညတိုင်းပင် သခင်စိုးက ပါတီဌာနချုပ် အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး လက်ရှိနိုင်ငံရေးအခြေအနေများကို သုံးသပ်ဆွေးနွေးနေပါသည်။ ကျွန်တော်လည်း ထိုဆွေးနွေးပွဲသို့ ညစဉ်ပင်ရောက်ပါသည်။

"ညီလာခံ ဒုတိယနေ့ အဆိုကော်မတီအစည်းအဝေးတွင် ဦးဘဖေနှင့် ဒီးဒုတ်ဦးဘချို့တို့က ဒိုမိယံသာတောင်းရန်အဆိုသွင်းလေသည်။ ကျွန်မြူနစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်များဖြစ်သော၊ ဦးကျော်ငြိမ်း၊ သခင်မြနှင့် ကိုသိန်းဖေတို့က ဒိုနီယံကို ညီညွတ်စွာ ကန့်ကွက်ကြလေသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်းက ကွန်မြူနစ်၊ ဆိုရှယ်လစ်တို့အား ထောက်ခံလိုက်လေရာ ဦးဘဖေက လက်လျှော့သွားလေသည်။ [illegible] အားလုံးသဘောတူ "လုံးဝလွတ်လပ်ရေး" ကို ဆုံးဖြတ်လိုက်ကြလေသည်။ (၁)

သခင်စိုးသည် ညီလာခံ [illegible] အစည်းအဝေးတွင် ဦးဘဖေနှင့် ဒီးဒုတ်ဦးဘချို့တို့ ပူးတွဲတင်သွင်းသော ဒိုမိနီယံတောင်းသည့်အဆိုကို ဝေဖန်ရှုံ့ချထားသည့် ဆောင်းပါးတစ်စောင်ရေးသား၍ ၁၉၄၆–ခုနှစ် ဇန်နဝါရီလ ၂၀–ရက်နေ့ထုတ် ကွန်မြူနစ်နေ့စဉ် သတင်းစာတွင် ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့၏ သဘောတူညီချက်ဖြင့် ထည့်လိုက်လေသည်။

ဆောင်းပါးခေါင်းစဉ်မှာ မျက်မဲစာလုံးကြီးများဖြင့် "ဒိုမိနီယံ ဦးဘဖေကို လိပ်ကျောက်မြီးနှင့် ဆော်ပြီဟူ၍ဖြစ်သည်။ ၂၀–ရက်နေ့ နံနက် လူထုအစည်းအဝေးကြီးမကျင်းပမီ ပရိသတ်အကြားတွင် သတင်းစာလက်ပွေ့ အရောင်းသမားများက ကျွန်မြူနစ်နေ့စဉ်သတင်းစာကို ကိုင်မြှောက်ပြပြီး "ဒိုမိနီယံ ဦးဘဖေကို လိပ်ကျောက်မြီးနဲ့ ဆော်ပြီ" သိလိုရင် သခင်စိုးရေးတဲ့ ဆောင်းပါးကို ဖတ်ပါ" ဟု အော်ဟစ်၍ ရောင်းကြသည်။

ဤတွင် ဖ.ဆ.ပ.လ ဦးစီးအဖွဲ့တွင် ပြဿနာတက်တော့သည်။

"ထိုအခါတွင် သခင်စိုးက မိမိ၏ မူဝါဒအတိုင်း ဦးဘဖေကဲ့သို့သော အလိုတော်ရိများ ခနရှင်များအား ဖ.ဆ.ပ.လမှ ထွက်သွားရလေအောင် စွတ်စွဲရေးသားလျက် ကွန်မြူနစ် သတင်းစာတွင် ထည့်သွင်းစော်ကားလိုက်လေသည်။ ဤ ..ခေါ်ကားသော ဆောင်းပါးရေးရာတွင် သခင်သန်းထွန်း၊ ကိုသိန်းဖေတို့နှင့် တိုင်ပင်၍ ရေးသည်ဆို၏။

သို့ရာတွင်၊ ထိုဆောင်းပါးကို ဖ.ဆ.ပ.လက အရေးယူသောအခါ သခင်သန်းထွန်း၏ ပြောဆိုပြုမူပုံကို သခင်စိုးက မကျေနပ်ဟုဆို၏။ ထို့နောက် ဖ.ဆ.ပ.လ ဗဟိုဦးစီးအဖွဲ့ဝင်များ တစ်ဦးစီ၊ တစ်ဦးစီကို ဝေဖန်မည်ဟူသော ကွန်မြူနစ်တို့၏ သတင်းစာ၏ ကြုံးဝါးသံမှာ၊ ဤဆောင်းပါးတစ်စောင်မျှနှင့် အသံတိတ်၍သွားရရှာလေသတည်း။" (၂)

ဖ.ဆ.ပ.လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် သခင်စိုး၏ ဆောင်းပါးသတင်းစာပါလာသည်ကို အကြောင်းပြုပြီး အတော်တွင်ပင် စိတ်ဆိုးကြောင်း၊ ဤဖြစ်ရပ်ကိုအကြောင်းပြု၍ ဗဟိုဦးစီးအဖွဲ့အစည်းဝေးက သဘောတူဆုံးဖြတ်သော စည်းကမ်းချက်မှာ "ဖ.ဆ.ပ.လ အဖွဲ့အတွင်း၊ သဘောထားကွဲလွဲချက်များကို အပြင်ထုတ်၍ ဝေဖန်ခြင်း၊ ဆောင်းပါးများရေး၍ ဝေဖန်ခြင်းမပြုရန်။ ပြုလုပ်ပါက စည်းကမ်းဖေါက်ဖျက်မှုဖြင့် အရေးယူရန်ဟူ၍ ဖြစ်ပါသည်။

ဖေဖော်ဝါရီ ဗဟိုကော်မီတီအစည်းအဝေး

ဗဟိုကော်မီတီ အစည်းအဝေးကို ဖေဖေါ်ဝါရီ ၂၀–ရက်နေ့တွင် ကျင်းပရန် ရည်ရွယ်ခဲ့သော်လည်း ၂၂–ရက်နေ့ မှသာ ကျင်းပနိုင်ပါသည်။ အစည်းအဝေးသဘာပတိအဖြစ် သခင်ဇင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အထွေထွေ အတွင်းရေးမှူး ကိုသိန်းဖေက ဆောင်ရွက်ပါသည်။

အစည်းအဝေးစလျှင်စခြင်း၊ ဒုတိယအကြိမ်ပါတီ ကွန်ဂရက်က သခင်စိုးအား အိမ်ထောင်ရေးပြစ်မှုဖြင့်၊ ပါတီဝင်အဖြစ်မှ ၂–နှစ် ရပ်စဲထားသော ဆုံးဖြတ်ချက်ကို ဗဟိုကော်မီတီ အစည်းအဝေးက ပြန်လည်ပြင်ဆင်ပေးရန်– ဆုံးဖြတ်လိုက်သဖြင့် သခင်စိုး၊ ပါတီဝင်ပြန်ဖြစ်လာပါသည်။

(၁) (ဦးသိန်းဖေမြင့်ရေး "တော်လှန်ရေးကာလ နိုင်ငံရေး အတွေ့အကြုံများ" စာမျက်နှာ၊ ၇၇– မှ– )

(၂) (ရွှေကလောင်ရေး– "သတင်းစာများကို သုံးသတ်ကြည့်ရာဝယ်" ပထမတွဲ – စာမျက်နှာ– ၇၈ .–မှ)

ဗဟိုကော်မီတီ အစည်းအဝေးရောက်သူများမှာ –

(၁) သခင်စိုး (အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင် –၄–၅–၁၉၇၀တွင် ကွယ်လွန်) (၂) ဦးသိန်းဖေ (ဦးသိန်းဖေမြင့် စာရေးဆရာ။ ပ.မ.ည.တ ခေါင်းဆောင် ၁၉၇၈–ခုနှစ် ဇန်နဝါရီလ ၁၅–ရက်နေ့ကွယ်လွန်) (၃) သခင်သန်းထွန်း (ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ – ၁၉၆၆ ခုနှစ်တွင် ကိုယ်ရံတော်တစ်ဦး၏ လုပ်ကြံမှုဖြင့်ကွယ်လွန်) (၄) သခင်ဗသိန်းတင်၊ (ဗမာကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဟောင်း၊ တရုတ်ပြည်တွင်၊ ၁၉၉၉ တွင် ကွယ်လွန်၊ (၅) သခင်မြသွင် (၁၉၇၆ ခုနှစ်လောက်တွင် အထူးအရာရှိ၊ ကွယ်လွန်။) (၆) သခင်သန်းဖေ (၁၉၄၈–ခုနှစ် စက်တင်ဘာတွင် တောတွင်းကွယ်လွန်) (၇) သခင်ဇင် (၁၉၇၅–ခုနှစ် ပဲခူးရိုးမ တောတွင်းကျဆုံး) (၈) ဗိုလ်သိန်းတန် (တပ်နီဗိုလ်ချုပ် – မ.ဆ.လ ဌာနချုပ်၊ သုတေသန ဌာနကြီးမှူး၊ ၁၉၉၆ ခုနှစ်လောက်တွင် ကွယ်လွန်။) (၉) သခင်တင်မြ– စာရေးသူ (၁၀) ဒေါ်စောမြ၊ (အလံနီပါတီ၊ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ မ.ဆ.လ ခေတ်၊ အလုပ်သမားကောင်စီ၊ ဗဟိုအလုပ်အမှုဆောင်၊ ၂၀၀၃ခုနှစ်၊ ဩဂုတ်လတွင် ကွယ်လွန်။) (၁၁) သခင်သန်းမြိုင် (ဗ.က.ပ

ပေါလစ်ဗျူရိုအဖွဲ့ဝင်။ တရုတ်ပြည်တွင် ပါတီမှထုတ်ပယ်ခံရပြီး၊ ထောင်ကျ ထောင်မှလွတ်ပြီး ပြည်နယ်တစ်ခုတွင် စာကြည့်တိုက်မှူး အဖြစ်ဆောင်ရွက်ရင်း၊ ကွယ်လွန်။) (၁၂) ကိုတင်ထွန်း (ဗ.က.ပ ပေါလစ်ဗျူရိုအဖွဲ့ဝင် ၁၉၆၉–ခုနှစ်လောက်တွင် သီပေါနယ်၊ ကျောက်ဂူဘက်တိုက်ပွဲတစ်ခုတွင် ကျဆုံး။) (၁၃) ကိုငွေး၊ (ဗ.က.ပ ပေါလစ်ဗျူရိုဝင် – ၁၉ ၆၅–ခုနှစ်၊ ဖြုတ်ထုတ်သက်ရာတွင် အသတ်ခံရ။) (၁၄) ကိုအောင်သူ (တောတွင်း ဗ.က.ပ တိုင်း (၃) ဥက္ကဋ္ဌ–အလင်းဝင်၊ ယခု မန္တလေး အရှေ့ပြင်) (၁၅) ကိုလှိုင် (စစ်ကိုင်း) – တောတွင်းကွယ်လွန်)၊ (၁၆) ကိုမြ – (ရဲဘော်မြ မ.ဆ.လခေတ် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး– ၁၉၇၆–ခုနှစ် ကွယ်လွန်) (၁၇) ကိုလှသောင်း၊ (ပ.မ.ည.တ–အမတ်– မ.ဆ.လ ပါတီဌာနချုပ် ပါတီသုတေသနဌာနတွင် လက်ထောက်သုတေသနဌာနကြီးမှူး။ ၂၀၀၀–ခုနှစ်တွင် ကွယ်လွန်) (၁၈) ကိုမြင့်ဆွေ၊ (ဆန်စက်ပိုင်ရှင်၊ ဆန်စက်အသင်းဥက္ကဋ္ဌ–ဟောင်း။ မ.ဆ.လ တွင် ကုန်သွယ်ရေး (၁) အဖွဲ့ဝင် ၁၉၈၇–ခုနှစ်တွင် ကွယ်လွန်) (၁၉) ကိုအုန်းမောင်၊ လေထီး ( ၂၀၀၁–ခုနှစ် ဒီဇင်ဘာ ၂၈–ရက်နေ့တွင် ကွယ်လွန် ) (၂၀) ကိုထွန်းစိန် (ရေနံမြေ) တောတွင်းထူးစိန်ပါတီ ခေါင်းဆောင်၊ မ.ဆ.လ ခေတ်– ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအထူးအရာရှိ ၁၉၈၅ ခုနှစ်လောက်တွင် ကွယ်လွန်) (၂၁) ကိုသက်တင် (ချောက်) ပီကင်းပြန်သက်တင်။ (မ.ဆ.လ ခေတ် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန အထူးအရာရှိ – ၁၉၉၀ ခုနှစ်ကွယ်လွန်) (၂၂) ကိုထွန်းရင် (အလံနီပါတီ– ဗဟိုကော်မတီ။ ပ.ထ.စခေတ်၊ ဝန်ကြီးဦးသွင်၏ ကိုယ်ရေးအရာရှိ ၁၉၇၀–ခုနှစ်လောက်တွင် ကွယ်လွန်) (၂၃) ကိုထွန်းလှ။ (ဗန်းမော်) (အလံနီပါတီခေါင်းဆောင်၊ ၁၉၄၉–ခုနှစ်မတ်လ– ဧပြီလလောက်တွင် မန္တလေးကုရင်အသိမ်းတွင်၊ ဗ.က.ပ အသတ်ခံရ) (၂၄) ကိုထွန်းသန်း (အလံနီကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီ။ တောတွင်းတိုက်ကြီးနယ်တွင်၊ တပ်နီများ၏ အသတ်ခံရ။) (၂၅) ကိုထွန်း (ဖျာပုံ) ဗ.က.ပ သာယာဝတီ ခရိုင်ခေါင်းဆောင်၊ တောတွင်းကွယ်လွန်။ (၂၆) ကိုငွေ–(ဖြူး)– (တောတွင်းတောင်ငူ ခရိုင်ကော်မီတီဝင်ဟောင်း (တောတွင်းကွယ်လွန်) (၂၇) ဦးကျော်ငြိမ်း။ တောတွင်း ဗ.က.ပ. ခရိုင်ကော်မတီ အောင်မာဃ စစ်ဆင်ရေးတွင် ပခုက္ကူနယ်၌ ဖနီးနှင့်အတူ၊ တိုက်ပွဲတွင်ကျဆုံး) (၂၈) ကိုဗဟိန်း – (ဗ.က.ပ ခေါင်းဆောင်၊ ၁၉၄၆ ခုနှစ် မန္တလေးတွင် ရောဂါနှင့် ကွယ်လွန်။) (၁) သခင်စိုးအား ဗဟိုကော်မတီဝင်အဖြစ် ပြန်လည်တာဝန်ပေးရန် အားလုံး သဘောတူဆုံးဖြတ်လိုက်ပါသည်။

၁၉၄၅ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ပါတီကွန်ဂရက်က ဗဟိုကော်မတီဝင် ၂၀–ဦးနှင့် အရံဗဟို ကော်မတီဝင် (ဗဟိုစည်းရုံးရေးမှူးများ) ၁၀–ဦးပေါင်း ၃၀–ဦး ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ဤဖေဖေါ်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးက သခင်စိုးကို ဗဟိုကော်မတီဝင်အဖြစ် ဖြည့်စွက်ရွေးချယ်ခဲ့သဖြင့် ဗဟိုကော်မတီဝင် ၂၁ ဦးနှင့် အရံဗဟိုကော်မတီ ဝင် ၁၀–ဦး၊ ပေါင်း ၃၁–ဦး ဖြစ်ပါသည်။ (၁၉၄၆–ခုနှစ်)

ဤဖေဖေါ်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးသို့အထက်ပါ – ဗဟိုကော်မတီဝင်များနှင့် အရံဗဟိုကော်မတီဝင်များ တက်ရောက်ကြပါသည်။ ကိုဗဟိန်း၊ ဒေါ်ခင်ကြည်ကြည်၊ ဒေါ်စောချစ်တို့ မကျန်းမာသဖြင့် မတက်နိုင်ကြပါ။ ကိုကျော်ရင်မှာ ခရီးလွန်နေပါသည်။

အစည်းဝေးကို သဘာပတိက မိန့်ခွန်းပြောကြားဖွင့်လှစ်ပြီးသည်နှင့် သခင်စိုးက အဆိုတစ်ခုတင်သွင်းလေသည်။

"အစည်းအဝေး အစဉ်အလာအားဖြင့် ဗဟိုကော်မတီလူကြီး ၁၇–ဦးသာ၊ မဲဆန္ဒပေးပိုင်ခွင့်ရှိ၍ စည်းရုံးရေးမှူး (၁၀)ဦးမှာ မဲဆန္ဒပေးပိုင်ခွင့်မရှိချေ။ သခင်စိုးက ဗဟိုကော်မတီလူကြီးနှင့် စည်းရုံးရေးမှူးများ ရွေးချယ်ထားခြင်းနှင့် ပတ်သက်၍ မကျေနပ် သော လူအချို့ရှိသည်။ ထို့ကြောင့် ထိုလူကြီး ၁၇–ဦးနှင့် စည်းရုံးရေး ၁၀–ဦးစလုံး မဲဆန္ဒပေးခွင့်ပြုထိုက်သည်ဟု တောင်းဆို လေသည်။ ပေါလစ်ဗြူရိုက ပါတီတွင်းဂိုဏ်းကွဲမှုကို မလိုလားသဖြင့် သခင်စိုး၏ တောင်းဆိုချက်ကိုလက်ခံရန် ဗဟိုကော်မတီ အား အကြံပေးလေသည်။ ဗဟိုကော်မတီကလည်း လိုက်လျောခြင်းပြုပေရာ တက်ရောက်ကြသော ကော်မတီလူကြီးနှင့် စည်းရုံး ရေးမှူး ၂၇–ယောက်သည် အာဏာပိုင်ဖြစ်လာလေသည်။ ပေါလစ်ဗြူရိုနှင့် သခင်စိုးသည် ထို (၂၇) ဦး၏ များရာဆုံးဖြတ်ချက်ကို လိုက်နာရန် ဖြစ်၍လာပေသည်။"

ဗဟိုကော်မတီ အစည်းအဝေးသို့တင်ပြရန် – စာတမ်းသုံးစောင် သခင်စိုး ရေးသားပြုစုခဲ့သည်။ ပထမ ... ဒုတိယစာတမ်းမှာ "စက္ကူနီစာတမ်း" ... တတိယ စာတမ်းမှာ "ဝေဖန်ရေး အစီရင်ခံစာ" ...

(၁)(ရွှေကလောင် ပြုစုသော "ခေတ်အလိုက်သဘင်းစာများကို လေ့လာသုံးသပ်ကြည့်ရာဝယ်" ပထမတွဲ ၆၇ မျက်နှာ ၈၀–မှ)

... စက္ကူဖြူစာတမ်း ... အစီအစဉ်ကို ... လွတ်လပ်ရေး အမြန်ရရှိအောင် ဆောင်ရွက်သွားရမည့် "စက္ကူနီ" စာတမ်းဟု အမည်တတ်ထားခြင်းဖြစ်သည်။

ဒုတိယ စာတမ်းမှာ ဒုတိယအကြိမ် ပါတီကွန်ဂရက်က ချမှတ်ခဲ့သော နိုင်ငံရေး–စည်းရုံးရေး လမ်းစဉ်များကို ပြန်လည်ဝေဖန် သုံးသပ်ထားသည့် "ဝေဖန်ရေးအစီရင်ခံစာ" ဖြစ်ပေသည်။

သခင်စိုးသည်သူ၏ ပထမစာတမ်းဖြစ်သော "ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးကို ဝေဖန်ချက်" စာတမ်းကို ဗဟိုကော်မတီအစည်းအဝေး ... တွင် ဦးစွာဖတ်ကြား တင်သွင်းလေသည်။

ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးကို ဝေဖန်ချက်။

ငါတို့ဆရာကြီးများ ဖြစ်ကြသော မာ့(က်စ်) အိန်ဂျဲ(လ်စ်) နှင့် လီနင်တို့က လက်နက်မကိုင်ဘဲ၊ တော်လှန်ရေးဖြစ်နိုင်၊ ဖြဒ်နိုင်ဆိုသော အချက်နှင့် ပတ်သက်၍ ဘယ်လိုရေးသားခဲ့ဖူးပြီနည်း၊ ဤအချက်များကို ရှာဖွေရန် လိုပေသည်။

× × × × × × × ×

"လူတန်းစားများနှင့် လူတန်းစား ပဋိပက္ခများကို ပယ်ဖျောက်ပြီးဖြစ်သော လူ့အဖွဲ့အစည်း၌သာ လူ့ဆက်ဆံရေးဖြစ်စဉ်သည် နိုင်ငံရေးတော်လှန်မှုများ ဖြစ်နေရခြင်းမှ ရပ်ဆိုင်းသွားလိမ့်မည်" (မာ(က်စ်) )

လူတန်းစားနှင့် လူတန်းစား ပဋိပက္ခများ ရှိနေသမျှ ကာလပတ်လုံး နိုင်ငံရေးတော်လှန်မှု ရှိနေရအုံးမည်ဟု မာ(က်စ်) ) က ဆိုလိုပေသည်။

"ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးအယူသည် တိုက်ပွဲမပါ (စစ်ရေး သို့မဟုတ် နိုင်ငံရေး) ပဋိပက္ခမပါ၊ အဖြစ်တစ်ခုမှ တစ်ခုသို့ ခုန်ကူးပြောင်းလဲရာ၊ ဟီ(ဂဲလ်)၏ ဆက်ထုံးမပါ၊ အနုပဋိလောမ ရုပ်ဝါဒအလိုဖြစ်သည့် အစုမှ အရည်အချင်းသို့ ပြောင်းလဲခြင်း မပါ၊ ခြယ်လှယ်သူ လူတန်းစား၏ အာဏာနေရာတွင် အခြယ်လှယ်ခံသူ လူတန်းစား၏ အာဏာမပါ၊ ခြယ်လယ်သူ လူတန်းစား၏ အာဏာကို တော်လှန်ရေးအရ ပြောင်းလဲမှုမပါသော၊ အခြားအာဏာတစ်ရပ် အစားသွင်းလာခြင်းမပါ၊ ခုန်ကူးပြောင်းလဲမှုမပါ" ဟု ဆိုလိုဟန်လက္ခဏာ မရှိချေ။"

ဥရောပတိုက်တွင် ကမ္ဘာ့နယ်ချဲ့စနစ်သည် လွန်စွာအင်အားနည်းသောကြောင့် လည်းကောင်း ဆိုရှယ်လစ်အင်အားစုများက လူထုစည်းရုံးရေး အင်အားနှင့် စစ်အင်အားများလည်း လွန်စွာကြီးမားနေသောကြောင့် လည်းကောင်း နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲရုံဖြင့်အောင်မြင်နိုင်သည်။ သို့သော်လည်း အထက်ပါအချက်အလက်များ၊ ပြည့်စုံစွာ မဆိုက်ရောက်ခဲ့သော ဂရိတ်ပြည်၌မူ လက်နက်ကိုင်တိုက်ပွဲ ဖြစ်ခဲ့ရသည်။ စပိန်ပြည်၌လည်း ထိုနည်းအတူ ဖြစ်နေသေးသည်။ စပိန်ပြည်သူလူထု အင်အားသည် ဖရန်ကိုဖက်ဆစ်အစိုးရကို ယခုထက်တိုင်ပြန်၍ မလှန်နိုင်သေးပေ။ ဤအချက်ကိုထောက်၍ ကမ္ဘာ့နယ်ချဲ့စနစ်၏ အင်အားသည် ဥရောပတိုက်၌ပင် မသေးငယ်သေးကြောင်း ထင်ရှားပေသည်။

အာရှတိုက်၌မူကား ကမ္ဘာ့နယ်ချဲ့စနစ်၏ အင်အားသည် ဥရောပတိုက်မှာကဲ့သို့ မဟုတ်ဘဲ၊ ကောင်းမွန်လျက်ရှိသေးသည်။ အခိုင်အမာလည်း တပ်စွဲလျက် ရှိသေးသည်။ ထို့ကြောင့် အာရှတိုက်ရှိ တိုင်းပြည်များ၏ လွတ်လပ်ရေးကို လူထု၏တိုက်ပွဲ ဆင်ရုံဖြင့် ရနိုင်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ယခုအခါ အာရှတိုက်တွင် (၁) နယ်ချဲ့စနစ်သည် အင်အားကောင်း နေသေးသည်။ (၂) ဖက်ဆစ်အသွင်ကိုလည်း ဆောင်ကာ လွတ်လပ်ရေးလှုပ်ငန်းများကို အကြမ်းဖက်၍ ဖိနှိပ်ချိုးနှိမ်နေသည်။ (၃) လွတ်လပ်ရေးလှုပ်ငန်းများသည်လည်း ထိုအကြမ်းဘက်မှုကို ပယ်လှန်နိုင်လောက်အောင် အင်အားမရှိသေးချေ။ (၄) လွတ်လပ် ရေးအတွက် တိုက်ပွဲဆင်ရာတွင် တိုင်းပြည်နိုင်ငံများသည် တစ်ဦးနှင့်တစ်ဦး ခိုင်မြဲသော မဟာမိတ်အဖြစ်ကို အလုပ်ဖြင့်ကောင်းစွာ မပြုနိုင်သေးချေ။ (၅) ဥရောပနိုင်ငံများရှိ ပစ္စည်းမဲ့ လူတန်းစားသည်လည်း၊ မိမိတို့၏ အရင်းရှင်များက အာရှဝိုက်သားတို့၏ လွတ်လပ်ရေးလှုပ်ငန်းကို ချုပ်ချယ်နေသည်ကို ပိတ်ပင်တားမြစ်နိုင်လောက်အောင် စည်းလုံးမှုနှင့် နိုးကြားမှု လုံလောက်စွာ မရှိသေး ချေ။

× × × ×

ဗမာပြည်တွင်း ဂျပန်ကိုမောင်းထုတ်ပြီးစအချိန်တွင် ဗမာပြည်၏ လွတ်လပ်ရေးကို အရဆောင်ယူရာတွင် လက်နက်မကိုင်ဘဲ လူထု၏ နိုင်ငံရေးတိုက်ပွဲဖြင့် အောင်မြင်နိုင် လိမ့်မည်ဟူ၍ လည်းကောင်း၊ ငြိမ်းချမ်းစွာ လွတ်လပ်ရေးသို့၊ ဗမာပြည်ဆိုက်ရောက်သွားမည်ဟူ၍ လည်းကောင်း၊ လွတ်လပ်ရေးနှင့် ပတ်သက်သော၊ ငါတို့၏ လိုလားချက်များကို ဗြိတိသျှအစိုးရက ငါတို့အား၊ အကြမ်းဘက်၍ မနှိမ်ဘဲ၊ လျှော့ပေးလိမ့်မည်ဟူ၍ လည်းကောင်း စသည့် မြောက်များသော အယူအဆများကို ခံယူခဲ့ကြပေသည်။

× × × × × × × × ×

ဗမာပြည်တွင် ဖက်ဆစ်ဝါဒ အဘယ်ကြောင့် လွှမ်းမိုးနေသနည်း ဖက်ဆစ်ဝါဒ အောင်မြင်ကြောင်းသည် (၁) အရင်းရှင်စနစ် အကျပ်အတည်းခံစား နေရသောကြောင့်၊ ဒီမိုကရေစီအခွင့်အရေးများကို လျှော့မပေးနိုင်တော့ဘဲ၊ လူထုလှုပ်ငန်းများကို အကြမ်း ဘက်၍ ဖိနှိပ်လာခြင်း၊ (၂) လူထုလှုပ်ငန်းများတွင်လည်း ခေါင်းဆောင်တို့ လမ်းမှားသို့ လိုက်မိမှုကြောင့်၊ အလုပ်သမားနှင့် လယ်သမား လူတန်းစားတို့၏ စည်းရုံးရေးအင်အား၊ ပျက်ပြားနေခြင်း တို့ဖြစ်ပေသည်။ ဖက်ဆစ်တို့က အကြမ်းဖက်ဖိနှိပ်နေသည် ကို၊ အလုပ်သမားနှင့် လယ်သမားတို့က စည်းလုံး၍ ခုခံခြင်းငှာ မတတ်နိုင်လျှင် ကြာသောအခါ ဖက်ဆစ်ဝါဒသည် သည်ထက် သည်အကြမ်းဖက်၍ ရမ်းကားလာလိမ့်မည်။ ပါတီသည် အရိပ်ပြလျှင် အကောင်ကိုမြင် သကဲ့သို့၊ ဤကဲ့သို့ ဖက်ဆစ်အန္တရာယ်၊ စတင်ဖြစ်ပေါ်နေသည်ကို နောင်တကြီးစွာရပြီးလျှင် အလုပ်သမားနှင့် လယ်သမား၊ လူထုအစည်းအရုံးများကို အင်အားကြီးစွာ **တိုးတက်လာအောင် တိုက်နိုက်သွားကြရမည်။** ဤအချက် သတိရဖို့လိုပေသည်။ မှားခဲ့သောလမ်းကို ပြန်၍ ပြင်ရန်လည်း လိုပေ သည်။

× × × × × × × ×

ဤစာတမ်းကို ဗဟိုကော်မီတီဝင်များက တစ်ယောက်ပြီး တစ်ယောက် မိမိတို့လေ့လာဖတ်ရှုထားသော ကျမ်းကိုးများကိုရွတ်ဆို၍လည်းကောင်း ကြုံတွေ့ခဲ့သော လူထုတွင်း အတွေ့အကြုံများကို သက်သေပြ၍ လည်းကောင်း၊ ထောက်ခံသွားကြပါသည်။

ကျွန်တော်ကမူ "ကိုယ့်ဆရာရဲ့ငါးချင်-ကိုချင်" သည့် အဖြစ်သို့ ရောက်ရှိမည်စိုးသဖြင့် ထ၍ ထောက်ခံဆွေးနွေးခြင်း အမှု မပြုခဲ့ပါ

ဤစာတမ်းကို ဗဟိုကော်မီတီဝင် အများစု၏ ထောက်ခံဆွေးနွေးမှုများဖြင့် အတည်ပြုပြီးသည်နှင့် သခင်စိုးသည် တက်ကြွရွှင်မြူးစွာ သူ၏ ဒုတိယစာတမ်းဖြစ်သော စက္ကူနီစာတမ်းကို ဆက်လက်၍ ဖတ်ကြားတင်ပြပါသည်။

စက္ကူနီစာတမ်း

"စက္ကူဖြူအလိုမရှိဆိုရုံဆိုကာ ပြည်သူ့နည်းပရိယာယ်ကို အစားမထိုးလျှင် ဦးစော၏ နောက်လိုက်ဖြစ်မည်သို့ အစားမထိုးဘဲ စက္ကူဖြူစာတမ်းကိုတိုက်ရှင်း ဒိုမီနီယံကို ရှင်းသွားမည်ဟု ဆိုခြင်းသည် ဒိုမီနီယံထောင်ချောက်အတွင်းသို့ ငါတို့ဝင်ကြစို့ ဟူသော အလိုတော်ရိနည်းမျှသာဖြစ်သည်။ သခင်သန်းထွန်း၏ ရေးသားချက်တွင် ပြည်သူ့နည်းပရိယာယ်ကို အစားမထိုးသောကြောင့် လုံးဝလွတ်လပ်ရေးဟုဆိုထားသော်လည်း ကာယကံမြောက်အားဖြင့် ဒိုမီနီယံသို့သာ ဆိုက်ရောက်စေမည်။ သူ၏ နည်းပရိယာယ်အတိုင်းသာလုပ်သွားလျှင် ဒိုမီနီယံသို့ အမှန်ရောက်မည် ဦးစောနောက်လိုက်အမှန်ဖြစ်သွားမည်။"

"လုံးဝလွတ်လပ်သော ဒီမိုကရေစီ သမ္မတနိုင်ငံကို လိုလားသော၊ ကွန်မြူနစ်များ၏ အားပြုရာသည်။ လုထုများ၏ ထကြွ လှုပ်ရှားမှုများဖြစ်ပေသည်။"

"ထို့ကြောင့် စက္ကူဖြူအစိုးရအဖွဲ့တွင်းသို့ ကွန်မြူနစ်တို့ဝင်ကြရာ၌၊ ပြည်သူလူထုအားကိုသာ အဓိကထားရပေမည်။ ဘုရင်ခံ၏ သဘောကောင်းမှုအပေါ်တွင် အဓိကမထားဘဲ ဘုရင်ခံအားလူထုနှင့် အကြပ်ကိုင်မှုအပေါ်တွင် အဓိက ထားအပ်ပေသည်။"

"ထို့ကြောင့် စက္ကူဖြူအစိုးအရအဖွဲ့အတွင်းသို့ ဝင်ရမည့်ကြောင်းရင်းသည် အရှယ်ရောက်သူတိုင်း၏ မဲပေးခွင့်နှင့် တိုင်းပြည်အား ပြည်သူ့နည်းအရ၊ ပြန်လည်ထူထောင်ရေးအပေါ်တွင် အခြေစိုက်သော အမျိုးသားအစိုးရအဖွဲ့၊ ဖွဲ့စည်းရေး အတွက်၊ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပေသည်။"

"ငါတို့သည် အဘယ်အခါ၌ အမျိုးသားအစိုးရအဖွဲ့ကိုရမည်နည်း"

"ငါတို့စည်းရုံးရေးစွမ်းရည်သတ္တိနှင့် လူထုအင်အားအပေါ်တွင် တည်ပေသည်။ အရွယ်ရောက်သူတိုင်း မဲပေးခွင့်နှင့် တိုင်းပြည်အား ပြည်သူ့နည်းအရ၊ ပြန်လည်ထူထောင်ရေးအတွက် စက္ကူဖြူအစိုးရအဖွဲ့အတွင်း၌ ထိုလူထုစည်းရုံးရေး အင်အားဖြင့် ငါတို့တိုက်ခိုက်အောင်မြင်လေလေ၊ ထိုစက္ကူဖြူအစိုးရသည် အမျိုးသားအစိုးရအဖွဲ့အဖြစ် အသွင်ပြောင်းလေလေ ဖြစ်သ တည်း။ "နယ်ချဲ့သမားလက်နက်ဖြစ်သော စက္ကူဖြူအစိုးအရအဖွဲ့သည် ထိုအခါတွင် ပြည်သူ့လက်နက်ဖြစ်သော အမျိုးသားအစိုးရ ဖြစ်လာရမည်။ ငါတို့၏ နည်းပရိယာယ်သည် အနုပဋိလောမ ကျသောကြောင့် (ဝါ) လူထုဘဝ- လူထုဆန္ဒနှင့် ဟတ်မိသောကြောင့်၊ စက္ကူနီအစိုးရအဖြစ်သို့ မလွဲဧကန်အသွင်ပြောင်းရမည်။ ထိုအခါတွင် စက္ကူဖြူအစိုးရအဖွဲ့သည်။ မိမိကိုယ်ကို မိမိပဋိပက္ခလုပ်ပြီး ဖြစ်ပေသည်။

သခင်စိုးသည် သူ၏ "စက္ကူနီစာတမ်း" ခေါ် ဘုရင်ခံ၏ စက္ကူဖြူ စီမံကိန်းကို ပြည်သူလူထုတိုက်ပွဲများဖြင့် ဘုရင်ခံအစိုးရအဖွဲ့အား အကြပ်ကိုင်ကာ ဖ.ဆ.ပ.လ အဖွဲ့ (ကွန်မြူနစ်ပါတီအပါအဝင်) ၏ တောင်းဆိုချက်များကို လိုက်လျောစေခြင်းဖြင့်၊ မူလစက္ကူဖြူ စီမံကိန်းသည် ပြည်သူ့အလိုကျ စက္ကူနီစီမံကိန်းအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရေးသားထားချက် စာတမ်းကို ဖတ်ကြားတင်သွင်းခဲ့လေသည်။ ဗဟိုကော်မတီအစည်းအဝေး ပထမနေ့ နံနက်ပိုင်းမှာ၊ အထက်ပါ သခင်စိုးဖတ်ကြား တင်သွင်းသော စာတမ်းနှစ်စောင်ဖြင့်ပင် အချိန်ကုန်သွားပါသည်။

နေ့လည်အစည်းအဝေးပြန်စသောအခါ၊ ပါတီအထွေထွေ အတွင်းရေးမှူး၊ ကိုသိန်းဖေနှင့် ဖ.ဆ.ပ.လ ပါတီကိုယ်စားလှယ် သခင်သန်းထွန်းတို့ နှစ်ယောက်က သခင်စိုးဖတ်ကြားတင်သွင်းသွားသော "စက္ကူနီစာတမ်း" ကို ပါတီသည် ၁၉၄၅-ခုနှစ် သြဂုတ်လမှ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ၊ ဖ.ဆ.ပ.လ အဖွဲ့ချုပ်ပြည်လုံးကျွတ်ညီလာခံအထိ၊ ဆောင်ရွက်ချက်များကို နှိုင်းပြပြောဆို၍ သခင်စိုး၏ "စက္ကူနီစာတမ်း" ကို ထောက်ခံ ဆွေးနွေးသွားပါသည်။ ထို့နေ့ ဗဟိုကော်မတီအစည်းအဝေးမှာ "ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးကို ဝေဖန်ချက်" စာတမ်းနှင့် "စက္ကူနီ" စာတမ်းကို ဖတ်ကြားတင်သွင်းခြင်းနှင့် ယင်းစာတမ်းကို ကိုယ်စားလှယ်များက၊ ထောက်ခံဆွေးနွေးခြင်းဖြင့် ယင်းစက္ကူနီစာတမ်းကို အစည်းအဝေးက အတည်ပြုခြင်းဖြင့် ပြီးဆုံးသွားပါသည်။

[ဦးသိန်းဖေမြင့်ရေး "တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ" စာမျက်နှာ ၇၃-၇၄-မှ]

ဝေဖန်ရေးအစီရင်ခံစာ

(၂၃- ၂-၁၉၄၅) နောက်နေ့ အစည်းအဝေးပြန်စသောအခါ သခင်စိုးသည် သူ့အိန္ဒိယမှ ပြန်ရောက်လာကတည်းက အားကြီးမာန်တက် တစ်စိုက်မတ်မတ် ပြင်ဆင်ရေးသားခဲ့သော "ဝေဖန်ရေးအစီရင်ခံစာ" ကို ဖတ်ကြားတင်ပြလေသည်။

ဤ "ဝေဖန်ရေးအစီရင်ခံစာ" ကို သခင်စိုးက ဖတ်ကြားတင်သွင်းခြင်း။ ယင်းအစီရင်ခံစာအပေါ်တွင် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့နှစ်ယောက်က ပြန်လည်ဆွေးနွေး ဝေဖန်ခြင်းပြုကြလေသည်။ ဤအကြောင်းကို ဦးသိန်းဖေမြင့်က "သူ၏- တော်လှန်ရေး

ကာလ၊ နိုင်ငံရေးအတွေ့အကြုံများ" တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

"ထိုဗဟိုကော်မတီအစည်းအဝေး (၁၉၄၆–ခုနှစ် ဖေဖေါ်ဝါရီ အစည်းအဝေး) တွင် အရေးကြီးဆုံးသော ကိစ္စမှာ၊ သခင်စိုးတင်သွင်းသည့် "ဝေဖန်ရေးအစီရင်ခံစာ"ကို ဆွေးနွေးအတည်ပြုခြင်းဖြစ်လေသည်။ ထိုအစီရင်ခံစာကို သခင်စိုးက တင်ပြီးသောအခါ သိန်းဖေနှင့် သန်းထွန်းတို့က ပြန်လည်ဖြေကြားကြလေသည်။ သူတို့ပြန်လည်ဖြေကြားရာ၌ သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာမှာ ပါသောအမှားမှားကို ထောက်ပြပြီးပြန်လည် ဝေဖန်ခြင်းမျိုးမဟုတ်။ ပါတီသည် မှားခဲ့လျှင် သခင်သန်းထွန်းနှင့် သိန်းဖေတို့ချည်းသာ မှားခြင်းမဟုတ်၊ သခင်စိုးလည်းမှားပါသည်။ တာဝန်အတူရှိပါသည်ဟု ရှင်းပြခြင်းသာဖြစ်လေသည်။ သိန်းဖေကမူသူ၏ "အမှားများမှတစ်ဆင့်" ဟူသော စာတမ်းဖြင့် သခင်စိုးတွင် လကျ်ာအချောင်သမား ဝါဒအရင်းခံရှိကြောင်းကို ပါတီတွင်းသို့ "ဘရောက်ဒါဝါဒ" မဝင်မီက ရေးခဲ့သော သခင်စိုး၏ စာတမ်းများကို ကိုးကား၍ ဖြေရှင်းလေသည်။ သို့သော် သခင်စိုးသည် သန်းထွန်း၊ သိန်းဖေတို့နှင့် တန်းတူတာဝန်ရှိကြောင်း လုံးဝလက်မခံ၊ စာအုပ်ကြီးများကိုးကား၍ သိန်းဖေတို့အား ဖိနှိပ်လိုက်လေသည်။ "သိန်း-သန်း အချောင်သမား" နှစ်ယောက်ကလည်း သခင်စိုး၏ ဝေဖန်ရေးကို သဘောမပေါက်၊ မကျေညက်ဘဲနှင့် လက်ခံ၍ အရှုံးပေးလိုက်ကြလေသည်။ သူတို့၏ စိတ်ထဲမှာကား သခင်စိုး၏ဝေဖန်ရေးများသည် အမှားများပါနေသည်ကို သိကြသည်။ သို့သော် ပြန်လည်ဝေဖန်နိုင်စွမ်းမရှိခဲ့ကြချေ။

ဝေဖန်ရေးအစီရင်ခံစာ၌ သခင်စိုးသည် "ဘရောက်ဒါဝါဒ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးဝါဒ" ကို ရှင်းပြလေသည်။ သူ့အစီရင်ခံစာမှာ၊ ပါတီ၏အမှားများကို ထောက်ပြရာ၌ ဖက်ဆစ်ဆန့်ကျင်ရေးတော်လှန်ရေးကာလအတွင်းတွင် အကြီးဆုံးချို့ယွင်းချက်ဖြစ်သော ဖ.တ.ပ.လ နှင့် ပြည်သူတို့က နိုင်ငံရေးအာဏာကို မသိမ်းယူခဲ့ခြင်းကို လုံးဝဖေါ်ပြခြင်းမရှိ။ အင်္ဂလိပ်အား လက်နက်ချလိုက်ခြင်းသည်သာ တစ်ခုတည်းသော အမှားဖြစ်လေဟန်ဖေါ်ပြထားလေသည်။ တော်လှန်ရေး အင်အားစုက လက်နက်ကိုင် ပဋိပက္ခပြဿနာကို ဘယ်သို့သဘောထားရမည်ကိုမရှင်းလင်း။ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲကြီး မပြီးဘဲနှင့် အင်္ဂလိပ်အားလက်နက်နှင့် ခုခံခြင်းသည် မှန်သလား။ စစ်ကြီးပြီးလျှင် လေဘာအစိုးရနှင့် ငြိမ်းချမ်းစွာဖြေရှင်းရန်၊ မကြိုးစားရတော့ဘူးလား။ ကန္ဒီစာချုပ်အရ တော်လှန်ရေးအင်အားစုကို ဗမာ့တပ်မတော်တွင်းသို့ သွင်းခြင်းသည် အရှုံးလော၊ အမြတ်လော စသည့်ပြဿနာများကို တစ်ခုမှ ရှင်းလင်းခြင်းမရှိပေ။ ၁၉၄၅–ခုနှစ် ဩဂုတ်လ စစ်ကြီးပြီးသည့် အချိန်မှ ၁၉၄၆–ခုနှစ် ဖေဖေါ်ဝါရီလအထိ ဗမာ့နိုင်ငံရေးဖြစ်စဉ်အကြောင်း ဘာမျှဆင်ခြင်သုံးသတ်ခြင်းမပြု. သူ့အဖို့ ထိုကာလ တစ်ခုလုံးအမှားချည်း၊ အရှုံးချည်းသာဖြစ်နေလေသည်။

ထို့ကြောင့် သူ့ "ဝေဖန်ရေး အစီရင်ခံစာ" တွင် တစ်ဖက်သတ်ကျသော၊ စကားအရာမှာသာ စူးရှထက်မြက်သော၊ ကပြောင်းကပြန်ဖြစ်အောင် နှိုင်းယှဉ်ချက်များနှင့် ပြည့်စုံနေသော အဆိုအမိန့်များကို အများအပြား တွေ့ရလေတော့သည်။

"ဗမာ့ပြည်သို့ ပြန်ရောက်သော ဗြိတိသျှနယ်ချဲ့စနစ်ကို ဖိနှိပ်ညှင်းဆဲသူများအဖြစ်ဖြင့် ယူဆရမည့်အစား လွတ်လပ်ရေးတိုက်ပွဲသမားများဟု ယူဆခဲ့လေပြီ"

"ဗြိတိသျှ နယ်ချဲ့စနစ်နှင့် ဖက်ဆစ်တို့၏ အလိုတော်ရိများဖြစ်သည့် ဦးဘဖေ၊ ဦးပု၊ ဦးအေး၊ ဆာဂျေအေ ဦးဖိုးပျော စသောသူများကို တိုင်းပြည်၏ တစ်နံပတ် ရန်သူများအဖြစ်ဖြင့် သဘောထားရမည့်အစား မဟာမိတ်များအဖြစ် ဆက်ဆန်ခဲ့လေပြီ။"

"ဂျိုရှီဟု ကြွေးကြော်ရမည့်အစား ဒေါမန်စမစ်" ဟုကြွေးကြော်ခဲ့လေပြီ။" ----

(ဂျိုရှီ–အိန္ဒိယ ကွန်မြူနစ်ပါတီခေါင်းဆောင်။ စာရေးသူ)

သခင်စိုးသည် အခြေခံအမှားကို ကွက်ကွက်ကွင်းကွင်း ဖေါ်ပြနိုင်ခြင်းမရှိဘဲ အခြေခံအမှားကြောင့်ဖြစ်ပွားလာသော ဖြစ်ရပ်လက္ခဏာများကို အထက်ပါစကားမျိုးဖြင့် ထပ်ခါတစ်လဲ တင်ပြခြင်းသာ ပြုနိုင်လေသည်။

တိုင်းပြည်အခြေအနေနှင့် ပါတ်သက်ပြီး အထက်ပါအတိုင်း ဖေါ်ပြပြီးသော် ပါတီအား၊ တစ်ဖက်သတ်ထင်မြင်ယူဆပုံကို အောက်ပါအတိုင်းတွေ့ရလေသည်။ × × ×

ပါတီတွင်း ပစ္စည်းမဲ့ ဒီမိုကရေစီနည်းအရ ဗဟိုမှ ကြိုးကိုင်အုပ်ချုပ်ရမည့်အစား ဝနရှင်ပေါက်စ ဒီမိုကရေစီကို လွတ်လပ်ခွင့်ပေးခဲ့လေပြီ"

"ပါတီသည် ရှေ့ဆောင်တပ်ဦးဖြစ်ရမည့်အစား နောက်လိုက်ဖြစ်ခဲ့လေပြီ။"

ပါတီတွင်း ညီညွတ်မှု ရှိရမည့်အစား၊ ဂိုဏ်းကွဲမှုတွေရှိနေပြီ၊ လူထုလုပ်ငန်းအတွင်းမှ မွေးထွက်လာသော ပါတီကို ဘယ်အခြေအနေမျိုးမှာမဆို စွန့်ခွာသွားဖူးသည်မရှိသော ပါတီအပေါ်တွင် လုံးဝသစ္စာစောင့်သိသော ပြည်သူ့သားများအစစ်ဖြစ်သော၊ ပါတီ ဝင်များကို ကြီးလေးသည့် တာဝန်ပေးရမည့်အစား၊ လူထုနှင့် အဆက်ကင်းနိုင်သမျှကင်းနေသော၊နယ်ချဲ့သမားများ ဖက်ဆစ်များ နှင့် ကြံရာပါလုပ်ဖူးသော၊နယ်ချဲ့တပ်မတော်နှင့် ဖက်ဆစ်တပ်မတော်တွင် [illegible] ဖူးကြသော၊ဖက်ဆစ်ဆန့်ကျင် ရေးလုပ်ရာတွင် အလျှင်မလိုကြနှင့် စောင့်ကြည့်နေကြဦးဟု အကြံပေးဖူးသော စေတနာလည်း မသန့်သော သူများကိုသာ ကြီးလေး သော တာဝန်များကို ပေးခဲ့လေပြီ။

"ပါတီတွင်းသဘောတရားကို အလေးပြုရမည့်အစား ပါတီ၏ အဘိဓမ္မာ ဖြစ်သော အနုပဋိလောမ ရုပ်ဝါဒကိုပင် ပုတ်ခတ်ခဲ့လေပြီ။"

"ဖ.ဆ.ပ.လ တွင် ဝင်ရောက်ဆောင်ရွက်၍ ပါတီ၏ သီးခြားကင်းလွတ်မှု၊ ရှေ့ဆောင်မှုတို့ကို ဖျက်ဆီးကာပါတီကို ဖ.ဆ.ပ.လ ၏ နောက်မြီးဆွဲသဖွယ် ဖြစ်ခဲ့လေပြီ။

"ဤမျှအဖက်ဖက်တွင် ချို့ယွင်းခဲ့သော ငါတို့ပါတီသည် ပါတီအဖြစ်နှင့် ဆက်လက်တည်နိုင်သေး၏လော၊ ဗမာပြည်မှာ ကွန်မြူနစ်ပါတီမရှိတော့ဘူးဟူသော ရဲဘော်ဂျိုရှီ၏ ပြောစကားကို ငါတို့ပြန်လှန်ချေပနိုင်၏လော။"

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်မြောက်ပါတီ ကွန်ဂရက်သည် – အချောင်သမားဝါဒ အောင်ပွဲဆင်သော ကွန်ဂရက်ဟုလည်းကောင်း၊ ပါတီဖျက်သိမ်းရေးကွန်ဂရက်ဟု လည်းကောင်း၊ ဗမာ့ရာဇဝင်တွင် မှတ်တမ်းတင်ရတော့မည်"

(သခင်စိုး – ပေဖန်ရေးအစီရင်ခံစာ စာမျက်နှာ ၄–၅)

သခင်စိုးအဖို့ ပါတီနှင့် ဖ.ဆ.ပ.လသည် အမှားချည်းလုပ်ခဲ့သည်။ ပြည်သူလူထုမှာ အောင်မြင်မှုမရှိ၊ အရှုံးချည်းဖြစ်သည်။ ၁၉၄၆–ခုနှစ် ဇန်နဝါရီလ ဖ.ဆ.ပ.လ ညီလာခံကြီးသည် သခင်စိုးအဖို့ သုံ့ညသက်သက်ဖြစ်လေသည်။ ပြည်သူလူထု၏ ခေါင်းဆောင်ကွန်မြူနစ်ပါတီဆိုသည်မှာလည်း ဗမာပြည်တွင် မရှိတော့ချေ။

× × ×

အင်္ဂလိပ်အမေရိကန်အမှူးရှိသည့် လက်ရှိ ကမ္ဘာ့နယ်ချဲ့စနစ်သည် ကမ္ဘာတွင် အရင်တစ်ခါမှ မကြုံဘူးအောင် ပြင်းထန်သည့် အကြပ်အတည်းများကို ခံစားနေရသောကြောင့် ယဉ်ကျေးသော အရင်းရှင်စနစ် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ ရက်စက်ကြမ်းကြုတ်သော ရိုင်းစိုင်းစွာ ချောက်လှန့်ဖိနှိပ်တတ်သော ဖက်ဆစ်စနစ် လုံးလုံးဖြစ်နေပေပြီ။ ယခုအခါ နယ်ချဲ့စနစ်သည် ဖက်ဆစ်စနစ်မှ လွဲ၍ အခြားအသွင်ကို မဆောင်နိုင်တော့ချေ"

(သခင်စိုး အထက်ပါစာတမ်း –စာ ၂၇–၂၈ မှ)

ကမ္ဘာ့သူ–ကမ္ဘာ့သားတို့သည် ကမ္ဘာ့နယ်ချဲ့စနစ်အား ဖက်ဆစ်အသွင်သို့ မရောက်အောင် တားဆီးနိုင်မည်ဟု သခင်စိုး မယုံကြည်တော့ချေ။ ဤအမှားသည် သခင်စိုး၏ များစွာသော ဂိုဏ်းဂဏဝါဒ အလေ့အကျင့်များ၏ အခြေခံဖြစ်လေသည်။ ဗြိတိသျှနယ်ချဲ့သမားအနေဖြင့်ဆိုရသော် ဗြိတိသျှလေဘာပါတီ အောင်မြင်ခြင်းမှာ ဗြိတိသျှ လူထုလုံးဝအာဏာရခြင်းမဟုတ်သေးသော်လည်း၊ ဗြိတိသျှလူထုသည် ဖက်ဆစ်ဝါဒမဖြစ်နိုင်အောင် တားဆီးနိုင်သော အင်အားရှိကြောင်းပြလိုက်ခြင်းဖြစ်ပေသည်။ ဗမာပြည်သူတို့သည်လည်း နိုင်ငံရေးအာဏာကို ချက်ခြင်းမသိမ်းပိုက်လိုက်နိုင်စေကာမူ ဗြိတိသျှနယ်ချဲ့စနစ်အား ဖက်ဆစ်မဖြစ်အောင် တားနိုင်ဆီးနိုင်စွမ်းရှိနေပေသည်။ သခင်စိုးသည် ဤကဲ့သို့သော ကိုယ့်အင်အား အထင်သေးပြီး ရန်သူ့အင်အားပို တွက်သောကြောင့် ဂယောင်ချောက်ချားအမှားပေါင်းများစွာ ကျူးလွန်သည်မှာ ပါတီကွဲပြီးသောအခါ ပို၍ ထင်ရှားခဲ့လေသည်။

× × × ×

အပြတ်အသတ်ဆင်နွှဲရမည့် လူတန်းစားတိုက်ပွဲမှာ နယ်ချဲ့ဆန့်ကျင်ရေး လူတန်းစားအချင်းချင်း တိုက်ပွဲမဟုတ်၊ နယ်ချဲ့ အရင်းရှင် လူတန်းစားကတစ်ဘက်၊ နယ်ချဲ့ဆန့်ကျင်ရေးလူတန်းစားကတစ်ဖက်၊ နှစ်ဘက်တိုက်ရမည့် လူတန်းစားတိုက်ပွဲဖြစ်လေသည်။ မြေပိုင်ရှင်လူတန်းစားပင်လျှင် အမျိုးသားလွတ်လပ်ရေးတော်လှန်ရေးကာလ၌ ကြားထိုင်အောင်လုပ်ကြရလေသည်။ သခင်စိုးကား ဤမှန်ကန်သော သေနင်္ဂဗျူဟာကို မချမှတ်။ ဘယ်ဟာကိုအဓိကထား ဘယ်ဟာကို သာမန်မရွေး လူတန်းစား တိုက်ပွဲမှန်သမျှ တန်းတူထား တိုက်ရမည်ဟု ဆိုလေသည်။

"ရန်သူအကြီးဆုံးဖြစ်သည့် ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက်ရန် ဖွဲ့စည်းထားသော လူတန်းစားမျိုးစုံပါဝင်သည့် အဖွဲ့ချုပ်အတွင်း၌ပင် လူတန်းစားတိုက်ပွဲကို ဆင်နွှဲရမည့်အစား လူတန်းစားခြင်း ငြိမ်းချမ်းရေးကို လုပ်ခဲ့လေပြီ။ လူတန်းစားတိုက်ပွဲကို ဖြစ်ပေါ်အောင်လုပ်ရမည့်အစား၊ လူတန်းစား ဈေးစပ်ရေးနှင့် လူတန်းစားအတိုက်အခံဖြစ်မှုကို ချောမွေ့အောင်လုပ်ပေးရေးကို ရှေ့နေလုပ်ပေးခဲ့သည်။"

(သခင်စိုး အထက်ပါ –စာ ၅–၆–မှ)

သခင်စိုးသည် အထက်ပါအတိုင်း အခြေခံအမှားများကို ကျူးလွန်ခဲ့ယုံမက၊ မိမိအမှားများကို ကာကွယ်ပုံမှာလည်း ကွန်မြူနစ်ကျင့်ဝတ် သိက္ခာနှင့်ဖီလာကျလေသည်။

အစည်းအဝေးတွင် အချို့ရဲဘော်များက ဂျပန်ခေတ်တွင်၊ စုပေါင်းခေါင်းဆောင်မှု မရှိဟုဖေဖန်ကြလေသည်။ (စာရေးသူမှတ်မိသလောက်၊ ထိုသို့ ဝေဖန်သူများမှာ သခင်သန်းမြိုင် (နောင်တွင် ဗ.က.ပ ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်ပြီး၊ တရုတ်နှင့် ဆိုဗီယက် အကွဲ၊ ဆိုဗီယက်ကို ထောက်ခံခြင်းကြောင့် အပြစ်ပေးခံရ။ ထောင်ကျခဲ့ပြီး တရုတ်ပြည်တွင် ကွယ်လွန်သူ) ကိုအောင်သူ (ယွှ မန္တလေး) နှင့် သခင်မြသွင် (၁၉၇၈–ခုနှစ်လောက်တွင် သံလျင်မြို့တွင် ကွယ်လွန်သူတို့ဖြစ်ကြပါသည်။)

ဂျပန်ဆန့်ကျင်ရေးတော်လှန်ရေးကြီးကို သူတစ်ယောက်တည်း လုပ်ခဲ့လေဟန် အထင်ကြီးသော သခင်စိုးသည် စုပေါင်းခေါင်းဆောင်မှုမရှိဟု ဆိုသည်ကိုဝန်မခံချေ။ (စာရေးသူ၏ အတွေ့အကြုံအရ၊ သခင်စိုးသည် ဂျပန်ခေတ်က စုပေါင်းခေါင်းဆောင်မှုမရှိ၊ သူတစ်ဦးတည်း လမ်းစဉ်ရေးဆွဲ ပါတီကိစ္စငွေကြေးကအစ သူတစ်ဦးတည်း စီမံခန့်ခွဲခြင်းပြုခဲ့သည်။ သူ့ကို ကြည်ညိုစိတ်ဖြင့် သူခိုင်းတာလုပ်ခဲ့ကြသူ ကျွန်တော်တို့လူငယ်စုကလည်း ဗဟိုကော်မတီဝင်ဟု ဆိုစေကာမူ ထိုဇဉ်က သူ့အမှားများကို အလေးအနက် ဝေဖန်ထောက်ပြမှုမပြုခဲ့ကြပါ။ အနည်းငယ်ထောက်ပြလျှင်လည်း သခင်စိုးသည် စိတ်မာန်ဆိုးပြီး ကြိမ်းမောင်းခြင်းပြုလေတော့

သည်။ ထိုဖေဖော်ဝါရီ ဗဟိုကော်မတီအစည်းအဝေးတွင် စုပေါင်း ဦးဆောင်မှုမရှိခဲ့ဟု ဝေဖန်သောအခါ သခင်စိုး၏ ဂိုဏ်းဂဏမှိုင်းမိနေသူ ကျွန်တော်တို့မှာ ထိုသို့ဝေဖန်မှုကို မထောက်ခံနိုင်ကြဘဲ သခင်စိုး၏ တစ်ဦးချင်း ခေါင်းဆောင်မှုနောက်သို့သာ မျက်စေ့မှိတ်၍ လိုက်ခဲ့ကြပါသည်။ ဤအဖြစ်သည် သခင်စိုး၏ ငါတစ်ကော စိတ်ကို မြှောက်ပေးရာကျခဲ့ပါသည်။ ဝန်မခံရုံမက၊ ဝေဖန်သူတို့အား နားလည်အောင်ရှင်းပြရန် သဘောထားရမည့်အစား ရင့်သီးစွာ ပုတ်ခတ်လိုက်လေသည်။ ဂျပန်ခေတ်အတွင်းက ပါတီသည် ဂိုဏ်းဂဏဝါဒစွဲကြီးသည်ဟု ဝေဖန်သည်ကိုလည်း ထိုအတိုင်းပင် ပုတ်ထုတ်လေသည်။ ဝေဖန်သူ မဝေဖန်ရဲအောင် ချောက်လှန့် ခဲ့လေသည်။

"ထို့ကြောင့် ဂျပန်ခေတ်တွင် ပါတီ၌ စုပေါင်းခေါင်းဆောင်မှု မရှိဟုဆိုခြင်းသည် ဂျပန်အား ခုခံတိုက်ခိုက်ရာတွင် ပြည်သူတို့၏ အကူအညီမပါ။ ဟူသော အင်္ဂလိပ်ဝါဒဖြန့်ချိချက်နှင့် တစ်သံတည်း ဖြစ်နေသောကြောင့် အင်္ဂလိပ်အလိုတော်ရိစကားမျှသာ ဖြစ်ချေသည်။"

"ပါတီတွင်း စုပေါင်းခေါင်းဆောင်မှုမရှိဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ ဝန်ခံရပေမည်။ လက်ယာအချောင်သမားများနှင့်မူ ပါတီသည် စုပေါင်းခေါင်းဆောင်မှုမရှိချေ။ အဘယ်ကြောင့်ဆိုသော် အဆွေတို့သိကြသည့်တိုင်း၊ ပုန်ကန်ထကြွရေးလုပ်ပြီးသောအခါ၊ လက်ယာအချောင်သမားများကို စုပေါင်းခေါင်းဆောင်ခွင့်ပေးလိုက်သည်နှင့် တစ်ပြိုက်နက် ပါတီသည် မုဒိန်းအကျင့်ခံရပေသည်။"

(သခင်စိုး [ဝေဖန်ရေးအစီရင်ခံစာ – စာ ၁၃–၁၄–၁၅ ၄၅)

အထက်ပါ သခင်စိုး၏ သံသယနှင့်အာဃာတ စွတ်စွဲချက်များအား စာရေးသူအနေဖြင့် ထိုစဉ်က အဖြစ်အပျက်များကို ပြန်လည် သုံးသပ်ကြည့်သည့်အခါ သခင်စိုးသည် ခေါင်းဆောင်ကောင်းများတွင် ရှိအပ်သော ရေရှည်အကျိုး အတွက် ခွင့်လွှတ်တတ်သော အလေ့မရှိ၊ အညှိုးကြီးသူ (Tit for Tat) လက်တုံ့ပြန်တတ်သူဖြစ်သည်ကို တွေ့ရှိရလေသည်။ သခင်သန်းထွန်း အထူးသဖြင့် ကိုသိန်းဖေကို သခင်စိုးသည် ဒုတိယကွန်ဂရက်က သူ့အား အိမ်ထောင်ရေးပြစ်မှုဖြင့် ပါတီဝင်အဖြစ်မှ နှစ်နှစ် ရပ်စဲသည့် အပြစ်ပေးခဲ့သည်ကို အခဲမကျေ ဖြစ်နေခဲ့ပြီး ဤသူနှစ်ယောက်၏ လက်ချက်ဟု အခိုင်အမာယုံကြည်နေပေသည်။

သူ့အိမ်ထောင်ရေး ပြစ်မှုသည် ပြီးပြတ်ပြီးသားအမှုဟောင်းကို ဒုတိယ ကွန်ဂရက်သို့ ပြန်လည်တင်ပြလာခြင်းတွင် အပေါ်ယံ ဟန်ပြအနေဖြင့် သခင်စိုးဘက်က ကာကွယ်သလိုပြောပြီး အတွင်းကြိတ်သခင်စိုးကို အပြစ်ပေးအောင် ပြုလုပ်သူမှာ သခင်သန်းထွန်းဖြစ်သည်ဟု သခင်စိုးက ယူဆနေပါသည်။

၁၉၄၅–ခုနှစ် မေလ၊ လောက်တွင် အထက်ဗမာပြည်၊ မန္တလေးသို့ အင်္ဂလိပ်တပ်များရောက်ရှိပြီး၊ ကွန်မြူနစ်ပါတီနှင့် ဖ.ဆ.ပ.လ ဆိုင်းဘုတ်များ တင်ကြ။ ရုံးများဖွင့်ကြပြီး လှုပ်ရှားဆောင်ရွက်နေသော ကာလဖြစ်သည်။ ကွန်မြူနစ်ပါတီ၏ အထက်ဗမာပြည် တာဝန်ခံဗဟိုကော်မတီကို စံညွန့် (ကိုနေဝင်း– ပခုက္ကူသား– ၁၉၄၉–ခုနှစ်ခန့်တွင် ထန်းတစ်ပင်နယ်တွင် ကရင်သူပုန်တို့၏ သတ်ဖြတ်ခြင်းခံရသူ) သည် ၄က်ဖျားစွဲ၍ လဲနေသည်။ သူနှင့်တစ်နယ်တည်းသူဖြစ်သော ရဲမေ၊ တစ်ဦးက အနီးကပ်ပြုစုရင်း ညှိဖွန်းကြသည်။ ထိုရဲမေတွင် ယယ်ရည်းစားရှိသည်။ ဗမာ့ဟပ်မကော်မှ အရာရှိတစ်ယောက်ဖြစ်သည်။ ထိုအရာရှိမှာလည်း ကိုစံညွန့်နှင့် ရဲဘော်ရဲဘက် ဖြစ်သည်။ ကိုစံညွန့်က လက်ထပ်ယူမည်ဟု ပြောသောအခါ ထိုရဲမေက ငြင်းသည်။ မယူနိုင်ပါ၊ ကိုစံညွန့်ကိုမချစ်နိုးစပ်ပြီး မှားယွင်းမှုသာ ဖြစ်သည်။ သူ့ရည်းစားကို ဖွင့်ပြော၍ လက်ထပ်ကြမည်ဟု ဖြေလေသည်။ ဤတွင် ရဲဘော်ရဲမေများက ကိုစံညွန့်အပေါ် မကျေမနပ် ဖြစ်လာကြရသည်။ နှစ်ဦးသဘောတူ မဟုတ်ဘဲ ကိုစံညွန့်က ရဲမေအပေါ် အနိုင်ကျင့်ကျူးလွန်ခြင်းဖြစ်သဖြင့် ပါတီစည်းကမ်းအရ အရေးယူပေးရန် ရန်ကုန်ရှိ၊ ပါတီဌာနချုပ်သို့ တိုင်ကြားခဲ့လေသည်။

ဇွန်လတွင် ရန်ကုန်ပါတီဌာနချုပ်တွင်ရှိသော ကျွန်တော်အပါအဝင် ဗဟိုကော်မတီဝင်များဖြစ်သည့် သခင်သန်းထွန်း၊ ဒေါ်စောမြ၊ ကိုဗဟိန်းနှင့် ကျွန်တော်လေးယောက် အစည်းအဝေးထိုင်ကြသည်။ (သခင်စိုးမှာ– စိတ်ဓါတ်ကျပြီး "ဇနီးဟောင်း မခင်စိနှင့် ဇနီးသစ်၊ မနှင်းမေတို့ကို တစ်ပြိုင်တည်း ပေါင်းသင်းတော့မည်။ ထို့ကြောင့်ပါတီမှ နှုတ်ထွက်လိုက်ပြီ" ဟူသော စာတစ်စောင်ကို ရိုက်နှိပ်ဖြန့်ဝေပြီး ပါတီရုံးသို့ပင် မလာဘဲနေသော ကာလဖြစ်သည်။ အစည်းအဝေးတစ်ထိုင်တည်းတွင် ကိုစံညွန့်အား ခေါင်းဆောင်များ လိုက်နာရမည့်ကျင့်ဝတ်ကို ဖေါက်ဖျက်သည်ဟု လေ့လာသုံးသတ်ပြီးပါတီမှ ထုတ်ပယ်သော အပြစ်ကို ပေးလိုက်လေသည်။

ဤသို့ အပြစ်ပေးသည်ကို မကျေနပ်သူများက သခင်စိုး၏ အိမ်ထောင်ရေးပစ်မှုနှင့် နှိုင်းယှဉ်၍ ပြောဆိုလာကြပါသည်။ ၁၉၄၅–ခုနှစ်၊ တော်လှန်ရေးဖြစ်အုံ့ဆဲဆဲ သခင်စိုးသည် ပထမဇနီးနှင့် မပြတ်စဲမီ ပါတီရဲမေ မနှင်းမေနှင့် ငြိစွန်းလက်ထပ်ခဲ့ခြင်းအပေါ် ပါတီဗဟိုကော်မတီက "ပြင်းထန်စွာသတိပေးသည်" ဟူသော အပြစ်မျှသာ ပေးခဲ့သည်။ အိမ်ထောင်ရေးပြစ်မှုတွင် ကိုစံညွန့်က လူပျို၊ ရဲမေကလည်း အပျိုဖြစ်ပါလျှက် ကိုစံညွန့်ကို ပါတီမှ ထုတ်ပစ်ခြင်းသည် မတရားဟူ၍ ပြောဆိုလာခြင်းဖြစ်ပါသည်။

အမှုဟောင်းကို ပြန်စစ်ပေးပါ။ ဤပြောဆိုမှုများသည် အိန္ဒိယပြည်ရှိ၊ ကိုသိန်းဖေတို့ထံသို့ရောက်သွားပါတော့သည်။ ထိုကိစ္စနှင့် ပါတ်သက်၍ ကိုသိန်းဖေက သူ၏ "စစ်အတွင်းခရီးသည် (၂) တွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

"သခင်စိုးသည် မိန်းမကြီးနှင့် ပြတ်စဲရှင်းလင်းခြင်းမရှိဘဲ၊ ထိုမနှင်းမေကို ဒုတိယ မယားအဖြစ်ယူလိုက်လေပြီ။ (အိမ်ထောင်ဆက်အနေဖြင့်မူ – စတုတ္ထဟုဆိုကြ၏။) ထိုအချက်ကို ဗမာပြည်မှ ရဲဘော်များလည်း ပကျေနပ်ကြ။ ကျွန်တော်တို့လည်း သဘော

[illegible]။ ကွန်မြူနစ်ဟောင်းတစ်ယောက်သည် တစ်လင်တစ်မယား စနစ်ကိုလိုက်နာရမည်။ ပါတီခေါင်းဆောင်သည် လူထုကြည်ညိုမှုကို ခံယူနိုင်ရန် အကျင့်သိက္ခာအထူးကောင်းရမည် စသည်ဖြင့် ယူဆကြလေသည်။ သခင်စိုးအနေဖြင့် ဤကိစ္စကို ကြည့်တော့ ကြီးလေးသည်ဟု ထင်မြင်မည်မဟုတ်။ ပါတီဝင်များ၏ အမြင်တွင်ကား၊ အလွန်ကြီးသော ကိစ္စတစ်ခုဖြစ်နေလေသည်။

ရဲဘော်တင်ရွှေ (၁၉၄၉-ခုနှစ်လောက်က ကျောက်ဆည်နယ်တောတွင်း၌၊ ရဲဘော်တစ်ဦး၏ လုပ်ကြံမှုဖြင့် ကျဆုံးခဲ့သူ) သည် မည်မျှမကျေမနပ်ဖြစ်နေသည်ကို အရက်သောက်၍ ဆဲခြင်းဖြင့် ပြလိုက်၏။ သူသည် သုံးရက်ဆက်၍ အရက်မူးအောင်သောက်ပြီး သခင်စိုးအား မိန်းမငယ်ယူခြင်းအတွက် ဆဲသည်။ သခင်သန်းထွန်းအား ကိုကျော်ငြိမ်းနှင့် စားဟားနိုင်ငံရေးခေါင်းဆောင် ဟောင်းကြီးများကို ဖ.ဆ.ပ.လ ဆူပရိမ်းကောင်စီတွင် ထည့်ခြင်းကြောင့်ဆဲလေသည်။

ဒေါက်တာနတ်(ဂ်) မစ္စတာဒေး စသောမြန်ပြည်ပေါက် ဘင်္ဂါလီရဲဘော်များလည်း ထိုသတင်းကြားသောအခါ စိတ်မချမ်းမသာဖြစ်ကြသည်။ အကောင်းဆုံးနည်းဖြင့် ပြေပြေပြစ်ပြစ်ဖြစ်အောင် စဉ်းစားကြသည်။ ကျွန်တော်တို့အားလုံး၏ ရည်ရွယ်ချက်မှာ ဤကိစ္စတွင် ပါတီသည်လည်း ဂုဏ်မပျက်စေလို၊ ပါတီဝင်များလည်း ကြေနပ်စေလိုသည်။ သခင်စိုးအားလည်း ကြီးလေးလှသော အပြစ်မရစေလို။ အထူးသဖြင့် ပါတီအား သခင်စိုးက နိုင်ငံရေးခေါင်းဆောင်မှုပေးခြင်းတွင် အနှောင့်အယှက် မဖြစ်စေလို၊ ဒေါက်တာနတ်(ဂ်) က ဂျိုရှိကို သခင်စိုးထံ စာရေးလျှင်ကောင်းမည်ဟု ဆိုသည်။ ဂျိုရှိက သခင်စိုးထံစာရေး၍ ထိုအကြပ်တည်း မှ မှန်ကန်စွာနှင့် ချောမောစွာထွက်မြောက်နိုင်အောင် နည်းလမ်းရှာပေးဖို့ စာရေးခဲ့လေသည်။

သခင်စိုး မယားငယ်ယူခြင်းကိုအကြောင်းပြု၍ ပါတီဝင်များ၊ မကြေမနပ်ဖြစ်လာခြင်းကို ရှင်းလင်းဖို့လိုလေသည်။ ပါတီ အပေါ်တွင် ပြည်သူလူထု၏ အကြည်ညိုပျက်မှုကိုလည်း တားဆီးရန်လိုလေသည်။ ထို့ကြောင့် ကျွန်တော်သည် ဘုံရိပ်သာ ကလာပ်စည်း အစည်းအဝေးခေါ်ပြီး ဤကိစ္စပြေပြစ်ချောမောအောင်၊ အရေးယူပါမည့်အကြောင်း မြန်မာပြည်ဌာနချုပ်သို့ အကြံပေးဆုံးဖြတ်ချက်ပို့ရလေသည်။ (ဦးသိန်းဖေမြင့် "စစ်အတွင်းခရီးသည် (၂) – စာမျက်နှာ ၂၁၅-၂၁၆ မှ)

**သခင်စိုး၏အမျက်ဒေါသ**

ဤသို့အကြံပေးချက်များကို သိရှိရသော သခင်စိုးသည် မိမိ၏ သံသယကို အမျက်ဒေါသသို့ ပြောင်းလိုက်ပြီး အထက်တွင် ဖေါ်ပြခဲ့သည့် အရွဲ့တိုက်၍ "မယားနှစ်ယောက် တစ်ပြိုင်ပေါင်းဖို့၊ ပါတီမှ ထွက်လိုက်ပြီ" ဟု ကြေညာချက်ထုတ်၍ ပါတီနှင့် အဆက်ဖြတ်သည့်အလုပ်ကို ၁၉၄၅-ခုနှစ် ဇွန်လလောက်ဘယ်သူနှင့်မှ မတိုင်ပင်ဘဲ လုပ်ခဲ့ခြင်းဖြစ်ပါသည်။

သခင်စိုး၏ အိမ်ထောင်ရေးပြစ်မှုဖြင့် လျှော့ပေါ့စွာအရေးယူခြင်းကို မကြေမနပ်ဖြစ်နေသူများမှာ၊ အထက်ဗမာပြည်နှင့် ရန်ကုန်မြို့ရှိ ပါတီဝင်ရဲဘော်များက ပါတီတွင်း ပါတီပ၌ ပြောဆိုနေကြသော်လည်း တစ်ယောက်တစ်ဖွဲ့ကမျှ ပြန်လည်စဉ်းစားဆုံးဖြတ်ရန် ပါတီဌာနချုပ်သို့ တရားဝင် တိုင်ကြားခြင်းမရှိခဲ့ကြပါ။

ကိုသိန်းဖေ၊ ခေါင်းဆောင်သော အိန္ဒိယပြည်ရှိ ကလာပ်စည်း အစည်းအဝေး၊ တစ်ခုကသာအထက်ပါအတိုင်း အကြံပေးဆုံးဖြတ်ချက်ချ၍ ပါတီဌာနချုပ်သို့ ပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။

ဤသည်ကိုသခင်စိုးက ပြီးပြီးသား သူ့အမှုဟောင်းကို ကိုသိန်းဖေက ပါတီရဲဘော်များအဟောင်း လှုံ့ဆော်ပေါ်ထုတ်၍ ပါတီဌာနချုပ်သို့ ပြန်လည်စဉ်းစားရန်တင်ပြခြင်းမှာ သူ့ကိုသက်သက်ပါတီမှ ကင်းကွာအောင်ကြံစည်လုပ်ကိုင်ခြင်းဖြစ်သည်ဟု အစွဲအမြဲယုံကြည်နေလေသည်။ သို့သော် မည်သူ့ကိုမျှ ဤအကြောင်းထုတ်ပြောခြင်းအမှု သခင်စိုးမပြုခဲ့ပေ။ ဤသို့ခေါင်းဆောင် အချင်းချင်း သံသယဝင်နေပါက၊ ပွင့်လင်းစွာ တင်ပြ၍ အပြန်အလှန် ဆွေးနွေးဖြေရှင်းသင့်ပေသည်။ ဤသို့ မပြုခဲ့သဖြင့်လည်း သံသယအစိုင်အခဲ ပို၍ကြီးလာကာ ပါတီတွင်း ညီညွတ်မှုကို ကြီးစွာအန္တရာယ်ပြုပါတော့သည်။

စိတ်ဓာတ်ပျက်ပြီး ပါတီမှ သူ့သဘောနှင့် သူနုတ်ထွက်သွားသော သခင်စိုးကို ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ကို ဗဟိုန်းစသော ခေါင်းဆောင်များက တွေ့ဆုံဖျောင်းဖျ၍ ဒုတိယအကြိမ်ပါတီညီလာခံကို သခင်စိုးပင်ခေါင်းဆောင်၍ ကျင်းပမှ ဖြစ်ပါမည်ဟု တိုက်တွန်းသောကြောင့် လည်းကောင်း၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဒေသအသီးသီးမှ ရန်ကုန်သို့ရောက်ရှိလာကြ သော ကျွန်တော့်အပါအဝင် ပါတီဝင်ရဲဘော်များကလည်း တောင်းပန်တိုးလျှိုးမှုကြောင့်လည်းကောင်း၊ သခင်စိုးသည် ဇူလိုင် ဒုတိယပါတီကွန်ဂရက်ကို သူခေါင်းဆောင်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပါသည်။

ပထမရက်များတွင် သခင်စိုးသည် နိုင်ငံရေး အစီရင်ခံစာ တင်သွင်း၍ အတည်ပြုနိုင်ခဲ့သည်။ သခင်သန်းထွန်း က ဖ.ဆ.ပ.လ အတွင်းပါတီ၏ ဆောင်ရွက်ချက်များကို အစီရင်ခံသည်။ ဗြိတိသျှ ကွန်မြူနစ်ပါတီနှင့် အိန္ဒိယကွန်မြူနစ်ပါတီ တို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို နမူနာယူ၍ ရေးဆွဲထားသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို သခင် သန်းထွန်း တင်သွင်း၍ အတည်ပြုနိုင်ခဲ့သည်။

ကွန်ဂရက်၏ နောက်ဆုံးနေ့တွင် ပြစ်မှုကျူးလွန်သောပါတီဝင်များ၏ အမှုကိစ္စများကို စဉ်းစားဆုံးဖြတ်သောအခါ။ သခင်စိုးသည် သူ့အမှုကိုလွတ်လပ်စွာ ဆုံးဖြတ်နိုင်စိမ့်သောငှာ အစည်းအဝေးမှ၊ ခွင့်တိုင်ပြန်သွားပါတော့သည်။

သခင်စိုးအမှုကို ပြန်လည် စဉ်းစားရာတွင် အလေးအနက်ပြုသင့်သည့်အချက်ကို ကွန်ဂရက်သဘာပတိဖြစ်သူ သခင်သန်းထွန်း က ကွန်ဂရက်ကို ရှင်းပြပါသည်။

သခင်စိုးသည် ပထမဇနီး၊ မခင်စီနှင့် မသင့်မမြတ်ဖြစ်၍ သူက တစ်ဖက်သတ်မခင်စီအား၊ လင်ခန်းမယားခန်းပြတ်စဲထား ခြင်းကို ပါတီသို့ မတင်ပြခဲ့ခြင်းကြောင့် ချို့ယွင်းချက်ရှိခြင်း၊ ပါတီကေဒါ မနင်းမေနှင့် နီးစပ်ပြီး ငြိစွမ်းခြင်းသည် အိမ်ထောင် ရေးပြစ်မှု ကျူးလွန်ရာကျခဲ့ခြင်းမှာ မှန်ပါသည်။ သို့သော် ဖြစ်အံဆဲဆဲ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်၊ သခင်စိုး၏ ခေါင်းဆောင်မှုမှာ မရှိမဖြစ် လိုအပ်နေသဖြင့်၊ တော်လှန်ရေးနှင့် ပါတီအကျိုးကိုကြည့်၍ ဗဟိုကော်မတီက သူ့ကို ဤပြစ်မှုအတွက် ပြင်းထန်စွာ သတိပေးခြင်း အပြစ်ဒဏ်မျှသာပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုဤကွန်ဂရက်က သခင်စိုး၏အမှုကို ပြန်လည်ကြားနာပြီး ပြစ်ဒါဏ်ထပ်ပေးပါက၊ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုတည်း အပေါ်တွင် နှစ်ထပ်ကွမ်းပြစ်ဒါဏ်ချမှတ်သကဲ့သို့ ဖြစ်ပါမည်။ ထိုကြောင့် သခင်စိုးအား ဤပြစ်မှုအတွက် ဗဟိုကော်မတီက ပေးခဲ့ သော အဆုံးအဖြတ်ကိုသာ အတည်ပြုပေးရန် တင်ပြခဲ့သည်။

ကွန်ဂရက်မဲခွဲဆုံးဖြတ်သောအခါတွင်မူ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အဟောင်းကို ပယ်ချကြောင်းအများစုက မဲပေးကြလေ သည်။

သို့ဖြင့် သခင်စိုးအမှုကို ပါတီကွန်ဂရက်က အိမ်ထောင်ရေး ပြစ်မှုအတွက်၊ နှစ်နှစ်ပါတီဝင်အဖြစ်မှ ရပ်စဲရန်နှင့် ဤကိစ္စကို နောင်တွင် ပါတီဗဟိုကော်မတီက ကိုင်တွယ်သွားရန် ဆုံးဖြတ်ခဲ့လေသည်။

ဤသို့သူ့ကိစ္စဖြစ်ပျက်ခဲ့သည်ကို ပါတီကွန်ဂရက်သို့ မတက်ရောက်ခဲ့သော သခင်စိုးအား ကွန်ဂရက်က သူ့ကိစ္စ ဆွေးနွေး ချက် ဆုံးဖြတ်ချက် မှတ်တမ်းများကိုယူ၍ သခင်သန်းထွန်း ကိုဗဟိန်း၊ သခင်သန်းမြိုင်နှင့် ကျွန်တော်တို့ ထိုနေ့မှာပင်၊ သူ့အိမ် သို့ သွားရောက်ရှင်းလင်းပြခဲ့ပါသည်။ သခင်စိုးသည် ကျွန်တော်တို့၏ ရှင်းလင်းပြချက်များကို ငြိမ်သက်စွာနားထောင်ခဲ့ပြီးနောက် “ဒီလိုပဲဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားပြီးသားပါ။ အံ့သြစရာတော့ မဟုတ်ပါဘူး” ဟု ပြန်ပြောပါသည်။ သခင်စိုး၏ စကားသံတွင် မကျေနပ်ချက်မှာ အထင်းသားပေါ်နေပါသည်။

ကျွန်တော်တို့အားလုံးက သူ့ကို စိတ်မပျက်ရန် ပါတီဝင်များ သွေးအေးသွားပြီး၊ မကြာမီတွင်း ဗဟိုကော်မတီက သခင်စိုး ကိစ္စကိုပြန်လည် စဉ်းစား၍ သခင်စိုးပါတီ ပြန်ရောက်လာအောင် လုပ်နိုင်မည့်အလားလာများရှိနေပါသည်။ ဤအတွင်း သခင်စိုးကို ပါတီမှပြစ်မထားပါ။ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးကအစ ပါတီက ထောက်ပံ့သွားပါသည်ဟု သခင်သန်းထွန်းကို ဗဟိန်းတို့က ပြောပြခဲ့ပါသည်။

ထိုဒုတိယကွန်ဂရက်တွင် သူ့အမှုကိစ္စနှင့် ပါတ်သက်၍ ဖြစ်ပျက်ခဲ့သည်များကို ကောင်းစွာသိရှိသော်လည်း သခင်စိုးသည် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့နှစ်ယောက် အပေါ်တွင်သူ့ရှိခဲ့သော သံသယနှင့် အငြိုးအတေးများကို မဖျောက်ဖျက်နိုင်ပဲ အိန္ဒိယပြည်သို့ သူသွားစဉ် သတင်းစာထဲ သူ့သတင်းထုတ်ပြန်ခဲ့သည့်ကိစ္စ ပေါ်လာသောအခါ ထိုအစွဲအလန်းနှင့် အငြိုးအတေး မှာ ပို၍ဆိုးရွားသွားပါတော့သည်။

သူ့အတွင်းစိတ်အတွင်း တငွေ့ငွေ့လောင်မြိုက်နေသော ဤအငြိုးအတေးများကို ပွေ့ပိုက်၍ သခင်စိုးသည် ဖေဖေါ်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးတွင် တင်သွင်းမည့်သူ၏ “ဝေဖန်ရေးအစီရင်ခံစာ” ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ထိုစဉ်က စာရေးသူသည် သူ၏ဂိုဏ်းဂဏမှိုင်းကောင်းစွာ မိနေသူ ဖြစ်သဖြင့်၊ သူ့အပေါ်ချွတ်ယွင်းမှုမမြင်၊ အမှားမထင်၊ သူပြောသမျှအမှန်တွေဟု ယုံကြည်ခဲ့သည့်အလျောက် ဗဟိုကော်မတီအစည်းအဝေးတွင် သခင်စိုး၏ချက်ကျသော ဝေဖန်သုံးသပ် ချက်၊ ရှင်းပြချက်များကို စာရေးသူကဲ့သို့ သခင်စိုး၏ တစ်ပည့်ရင်း၊ ခြောက်ယောက်နှင့်အတူ သောသောညံအောင် လက်ခုတ်ဩဘာ ပြုခဲ့ကြပါသည်။

အစုနှစ်စုအသွင်

ဗဟိုကော်မတီ အစည်းအဝေးမှာ ရက်ကြာလာသည်နှင့်အမျှ သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာတွင် သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့ နှစ်ယောက်ကို အမည်ဖေါ်ထုတ်၍ ပြောင်ပြောင်တင်းတင်း စွဲချက်တင် ဝေဖန်လာသည်နှင့် အစုနှစ်စု၏ အသွင်မှာ ပို၍ပေါ်လာပါတော့သည်။ အစည်းအဝေး တစ်နေ့တာအချိန်စေ့၊ ရပ်နားသွားသောအခါ ဗဟိုကော်မတီအများစုက သခင်သန်းထွန်း အိမ်၊ သို့မဟုတ် ကိုဗဟိန်းအိမ်သို့လည်းကောင်း၊ အနည်းစုဖြစ်သော ကျွန်တော်တို့က မင်္ဂလာလမ်းအမှတ် (၁၁) သခင်သန်းအိမ်သို့ လည်းကောင်း၊ သွားရောက်စုဝေးတိုင်ပင်လေ့ရှိကြပါသည်။

“ဝန်မခံဘဲ ရှောင်တိမ်းမရသော ဘရောက်ဝါဒအမှားများနှင့် ပါတ်သက်၍မူ၊ ရက်ရက်ရောရော ဝန်ခံ၏။ ဟုတ်သည်ထက်ပင် ပို၍ဝန်ခံ၏။ သို့သော် သခင်စိုးသည် “ယင်းသို့သောအမှားများကို ကျူးလွန်မိခြင်းမှာ၊ အမှန်အားဖြင့် ရာဇဝင်အပြောင်းအလဲ ကြောင့် အခြေအနေဆန်းကျယ် ရှုပ်ထွေးလာသည့်အချိန်မျိုးတွင် အင်အားတောင့်ပြီး အတွေ့အကြုံ အားကြီးသောပါတီ သည် မိမိဏ္ဍာဖြေကို စောင့်ထိန်းနိုင်သော အမျိုးသမီးတစ်ယောက်နှင့်တူပေသည်။ အတွေ့အကြုံနည်းသော ပါတီသည် လျှပ်ပေါ်လော်လီသော မိန်းကလေးနှင့်တူသည်။ ထိုမိန်းကလေးသည် ထိုယောကျ်ား၏ သွန်သင်ချက်ဖြင့် မိန်းမကောင်း တစ်ယောက်ဖြစ်နိုင်စရာ အကြောင်းရှိပေသည်။ မှုဒိန်းကျင့်သူနှင့်တွေ့လျှင် ပျက်စီးတတ်သည်။”

"ထို့ကြောင့်၊ ခက္ခုရုမေနသံဝါသာရာဇပုတ္တံ၊ ဝိဇယံတိ၊ ဆိုဘိသကဲ့သို့ လျှပ်ပေါ်လော်လီပြီးလျှင် သားကိုလည်းမျှော်နေသည့်မိန်းမနှင့်တူသော သခင်စိုးသည် ဗြိတိသျှနယ်ချဲ့စနစ်၏ ဩဇာပါတီတွင်းသို့ တစ်ပွေ့တစ်ပိုက်ကြီးယူလာသည့် လက်ယာအချောင်သမား သိန်းဖေနှင့်တွေ့သောအခါ "ပါတီ ကြေညာစာတမ်းအမှတ် -၄-" တွင် (၁၉၄၅-ခုနှစ် ဖေဖေါ်ဝါရီလတွင်၊ သခင်စိုးရေးသားထုတ်ဝေခဲ့သော "ပုန်ကန်ရန်ပြင်ကြစို့" ကို ဆိုလိုရင်း ဖြစ်ပါသည်။ စာရေးသူ-)အောက်ပါ အချောင်သမား သားကောင်းရတနာများကို နောက်ထပ်မွေးထုတ်လာပြန်သည်။"

(သခင်စိုး ဝေဖန်ရေးအစီရင်ခံစာ စာ ၂၀)

သူ့ကိုယ်သူ အမျိုးသမီးကလေးနှင့် နှိုင်း၍ သိန်းဖေသန်းထွန်းတို့အား လူလည်မုဒိန်းသမားများနှင့် နှိုင်းလိုက်ခြင်းသည်ပင်လျှင် ပုဂ္ဂလဒိဋ္ဌာန် လွှမ်းနေသော အယူအဆ၏ လက္ခဏာပင်ဖြစ်လေသည်။ ထို့ကြောင့် သိန်းဖေအား ပုဂ္ဂိုလ်အနေဖြင့်ပင် ယုံကြည်စရာ မရှိလောက်အောင် ရေးသားပြောဆိုလေတော့သည်။

"ထိုအတောအတွင်း ဗမာနှင့် အိန္ဒိယနယ်စပ်တွင် ကြံရာမရ၍ လက်မှိုင်ချနေသော ဗြိတိသျှ နယ်ချဲ့သမားသည် ပြည်သူ့အင်အားကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ပေ။ သူတို့ဖာသာ သူတို့ဂျပန်ကို သူတို့၏လွတ်လပ်ရေးအတွက် ထတိုက်သွားလျှင် ဗမာပြည်အနားသို့ပင် မသီနိုင်မှာစိုးရသည်။ ငါ၏ စစ်အင်အားညံ့ဖျင်းမှုကိုလည်း တစ်ကမ္ဘာလုံးက သိနေပြီ။ ဗမာပြည်တွင် ဂျပန်ဆန့်ကျင်ရေး အင်အားစုများကို ငါ့အကျိုးအတွက် တတ်နိုင်သလောက် ပရိယာယ်ဖြင့်ယူသုံးမည်။ နောက်ပြီး ဒီအင်အားကို မပျက်ပျက်အောင် သူတို့ထဲက ဦးခေါင်းပျော့ညံ့တဲ့ လူတစ်ယောက်ကို မသိမသာ၊ အလိုတော်ရိလုပ်ခိုင်းပြီး၊ ပျက်စီးစေမည်ဟူသော အကြံဖြင့် အံခွအောင်စားဖူးသူ ဗြိသိသျှနယ်ချဲ့သမားသည် တစ်ချက်ခုတ် နှစ်ချက်ပြတ်အလုပ်ကို လုပ်ဆောင်လေတော့သည်"

(သခင်စိုး၏ . . . . စာ - ၁၁)

"ပါတီသည် အင်အားငယ်နေစဉ်နှင့် လက်ျာအချောင်သမားဝါဒ၏ သားကောင်ဖြစ်စေရန် အသင့်ဖြစ်နေသော ပုန်ကန်ထကြွရေးမတိုင်မီ လအနည်းငယ်အချိန်က၊ အောက်ပါပါတီအား ပျက်စီးစေသည့် အဖြစ်အပျက်များသည် ဇက်တိုက် ပေါ်ခဲ့သည်။ ကိုသိန်းဖေသည် အောက်ပါဗြိတိသျှ နယ်ချဲ့၏ ဩဇာလုံးလုံးဖြစ်သော ထင်မြင်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ပို့လွှတ်ခဲ့သည်။

(သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာ-စာ ၁၈)

သခင်သန်းထွန်းသည် သိန်းဖေကဲ့သို့ပင်၊ ဝေဖန်ရေးများကို "အလင်းဉာဏ်ပေါက်ပြီး" ဘဝင်ကျစွာ လက်မခံနိုင်ရကား၊ ပြန်လည်ဖြေရှင်းချက်များလုပ်ရင်း ကြိုးစားလေသေးသည်။ သို့သော် သခင်စိုးသည် သခင်သန်းထွန်းအား "မုံလာဥလုပ်သည်" ဆိုပြီး အပြင်းအထန် ရှုံ့ချဝေဖန်လိုက်သောအခါ သခင်သန်းထွန်းသည် "ကြောက်ပါပြီခင်ဗျာ" ဟုအော်၍နေသည်ကြားမှပင်၊ သခင်စိုး၏ ဒေါသတကြီး ရိုက်နှက်ခြင်းကို အကြိမ်ကြိမ်ခံကြရလေရာ၊ ကိုယ့်ကိုယ်ကိုယုံကြည်မှု သတ္တိကင်းကုန်ကြလေတော့သည်။ သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာကို လက်ခံလိုက်ကြလေသည်။ သခင်စိုးသည် နယေအမြီးတပ်ရန်ပင် ခွင့်မပြုချေ။

ယင်းသို့သိန်းသန်းတို့လူစုက၊ သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာကို လက်ခံလိုက်ကြသော်လည်း သခင်စိုးသည် ပါတီကို ညီညွတ်အောင်မလုပ်ချေ။ လက်ျာအချောင်သမားအစွန်းမှ လက်ဝဲအချောင်သမားအစွန်းသို့ ဥုန်းပစ်၍ ကူးပြောင်းသောသခင်စိုး။ အရောက်ဒါအမှားများနှင့် ပါတ်သက်၍ ဘယ်၍ဘယ်မျှ၊ မှားသည်ဟု မသိသော သခင်စိုး။ ဗြိတိသျှနယ်ချဲ့လက်အောက်မှ ဘယ်ပုံဘယ်နည်း၊ လူတန်းစား သေနင်္ဂဗျူဟာနည်း ပရိယာယ်များခင်းပြီး လွတ်မြောက်အောင် လုပ်မည်ဟု မှန်ကန်စွာလမ်းမညွှန်နိုင်သောသခင်စိုး။ ဗြိတိသျှနယ်ချဲ့စနစ်သည် စစ်အပြီးတွင် ဖက်ဆစ်စနစ်ဖြစ်လာပြီဟု ယူဆသော သခင်စိုး။ ၁၉၄၆ ဖ.ဆ.ပ.လ ညီလာခံ အောင်မြင်မှုကို အသိအမှတ်မပြုသော သခင်စိုး၊ ထိုသခင်စိုးသည် ဗမာပြည်တွင် ကွန်မြူနစ်ပါတီမရှိတော့ဟူသော အယူကို လက်ခံခဲ့ပြီးဖြစ်ရကား၊ သိန်းသန်းတို့က အရှုံးပေးကာမျှဖြင့်၊ ပါတီကိုမခွဲဘဲမနေနိုင်ချေ။

(ဦးသိန်းဖေမြင့်၏ "တော်လှန်ရေးကာလနိုင်ငံရေး အတွေ့အကြုံများ" စာမျက်နှာ ၈၅-၈၆-၈၇-၈၈ မှ )

သိန်းနှင့် သန်းကိုပေါလစ်ဗျူရိုမှဖြုတ်ပေးပါ။

သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာကို အပြန်အလှန် ဆွေးနွေးပြီး ဗဟိုကော်မတီအစည်းအဝေးက လက်ခံအတည်ပြုလိုက် သောအခါ။ ပါတီဦးဆောင်အဖွဲ့ဖြစ်သော၊ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ကို ရွေးချယ်ဖို့ အချိန်ရောက်လာပြီဖြစ်၏။

ဤတွင် ဗဟိုကော်မတီအစည်းအဝေး၏ သဘာပတိ သခင်ဇင်က "ဗဟိုကော်မတီ အစည်းအဝေးကျင်းပနေစဉ်အတွင်း၊ ဖြစ်ပေါ်လာသောလှုပ်ရှားမှုများကို လေ့လာ၍၊ စည်းကမ်းတစ်ခု ပြဋ္ဌာန်းပေးရန် အစည်းအဝေးသို့ တင်ပြတောင်းဆိုပါသည်။ ပါတီတွင်းညီညွတ်မှုနှင့် ပါတီသိက္ခာကို ထိန်းသိမ်းနိုင်ရန်အတွက် ဗဟိုကော်မတီအတွင်း၊ ကွဲလွဲချက်သတင်းများကို မပေါက်ကြားအောင် ဗဟိုကော်မတီတိုင်းက အသိရှိရှိနှင့် ထိန်းသိမ်းကြရန် သတင်းပေါက်ကြားပါက ကာယကံရှင်ကို စည်းကမ်းအရ အရေးယူရန်" ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြရာ ဗဟိုကော်မတီအစည်းအဝေးက သဘောတူကြောင်း ဆုံးဖြတ်လိုက်ပါသည်။

ဤသို့ စည်းကမ်းသတ်မှတ် ဆုံးဖြတ်ရခြင်းမှာ အစည်းအဝေး ရက်ကြာလာသည်နှင့်အမျှ၊ အစည်းအဝေးတွင်း အပြန်အလှန် ဆွေးနွေးမှုများ လူပုဂ္ဂိုလ်အပေါ် စွတ်စွဲမှုများပြင်းထန်လာသည့်အလျောက် ဗဟိုကော်မတီအတွင်း ဂိုဏ်းအစုလှုပ်ရှားမှုသဖွယ် ဖြစ်လာခြင်းတို့နှင့်အတူ ပါတီအောက်ခြေနှင့် အပြင်နိုင်ငံရေး ရပ်ကွက်အတွင်း၊ ပါတီကွဲတော့မည်ဟူသော သတင်းအစအနများ ပျံ့လွင့်လာသောကြောင့် ဖြစ်ပါသည်။

သခင်စိုးက သူ့တင်သွင်းသည့် "ဝေဖန်ရေးအစီရင်ခံစာ" ကို ဗဟိုကော်မတီအစည်းအဝေးက ဆွေးနွေးအတည်ပြုပေးလိုက်သည့်အတွက် ဝမ်းမြောက်ပါကြောင်း ဤသို့အတည်ပြုလိုက်ခြင်းသည် ပါတီတွင်းရှိ အချောင်သမားဝါဒ အပေါ်တွင် တော်လှန်ရေးဝါဒက အနိုင်ရလိုက်ခြင်းပင်ဖြစ်ကြောင်း။ ပစ္စည်းမဲ့လူတန်းစား၏ အောင်ပွဲဟုဆိုနိုင်ကြောင်း၊ သို့ရာတွင် တကဲ့အောင်ပွဲ မဟုတ်သေးကြောင်း တကဲ့အောင်ပွဲဆင်ရန်မှာ စစ်မှန်သည့် ပစ္စည်းမဲ့လူတန်းစား၏ ခေါင်းဆောင်မှုကို ပါတီတွင်း၌ ပြန်လည် ထောင်နိုင်မှသာ အမှန်တစ်ကယ် ရရှိလာမှာဖြစ်ကြောင်း။ ထို့ကြောင့် ဗဟိုကော်မတီဝင်တိုင်းက ပါတီ၏ ဦးဆောင်မှုအခန်းကို ရွေးချယ်ရာတွင် သူတင်သွင်းခဲ့သော "ဝေဖန်ရေးအစီရင်ခံစာ" ကို အားတက်သရော ထောက်ခံချက်ပေးသကဲ့သို့ ယှဉ်တင်ပြမည့် ဗဟိုကော်မတီဝင်များနှင့်၊ နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါလစ်ဗျူရို) ကိုလည်း ရွေးချယ်အတည်ပြုရန် တင်ပြပါကြောင်း" ပြောဆို သွားလေသည်။

ဗဟိုကော်မတီနှင့်ပေါက်ဗျူရိုအဖွဲ့

"သခင်စိုးက၊ ပါတီ၏အမှားများအတွက် သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့သည် အကြီးဆုံးအပြစ်ရှိသည်။ ၎င်းတို့သည် ပြင်ပါမည်ဟု ကတိပေးရုံဖြင့်၊ ပြင်လိမ့်မည်ဟု မယူဆကြောင်းဖြင့် စွတ်စွဲလေသည်။ အများစုက စွတ်စွဲချက်ကိုလက်မခံ။ အမှားများအတွက် အားလုံးပင်အပြစ်ရှိသည်။ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့သည် မသိမသာစိတ်မပါဘဲမှားသည်။ ၎င်းတို့၏ ပြင်မည်ဆိုသော ကတိကို လက်ခံရမည်။ ပြင်လည်းပြင်နိုင်သူများဖြစ်သည်။ ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ကဲ့သို့ပင်၊ သခင်စိုး တွင်လည်း အပြစ်ရှိသည်။ သခင်စိုးက သူ့မှာလည်းအပြစ်ရှိကြောင်းဝန်ခံသည်။ သို့ရာတွင် သခင်စိုးက၊ ကိုသိန်းဖေနှင့် သခင် သန်းထွန်းတို့ကို ခေါင်းဆောင်အဖြစ်မှချရမည်ဟု တောင်းဆိုသည်။ အများစုက သဘောမတူချေ။

သို့သော် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့ကမူ အပြစ်ကို ခံယူသောအားဖြင့် အထွေထွေအတွင်းရေးမှူးအဖြစ်မှ လည်းကောင်း၊ ပေါလစ်ဗျူရိုမှလည်းကောင်း နှုတ်ထွက်စာကို ဗဟိုကော်မတီသို့ တင်ကြလေသည်။

သခင်စိုးကမူ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့သည် ဗဟိုကော်မတီမှပင် ထွက်ပေးရမည်ဟု တောင်းဆိုသည်။ ကိုသိန်းဖေ နှင့် သခင်သန်းထွန်းတို့က အများကတောင်းဆိုလျှင် ထွက်ပေးပါမည်ဟု ပြောခဲ့သည်။ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့သည် ဗဟိုကော်မတီမှပင် ထွက်ပေးပါမည်ဟု ပြောခဲ့သည်။ ကိုသိန်းဖေက အထွေထွေအတွင်းရေးမှူးအဖြစ် နှုတ်ထွက်၊ သခင်သန်းထွန်း ၏ ပေါလစ်ဗျူရိုမှ နှုတ်ထွက်ချက်တို့ကို ဗဟိုကော်မတီက လက်ခံပြီးနောက် ဗဟိုကော်မတီအဖွဲ့ဝင် (ပဲခူး) သခင်ဇင်က၊ အများစု ကိုယ်စားအောက်ပါတို့အား၊ ဗဟိုကော်မတီဝင်အဖြစ်အကြံပေးခဲ့လေသည်။

(၁) သခင်စိုး၊ (၂) သခင်တင်မြ၊ (၃) ကိုသက်တင် (ရေနံမြေ)၊ (၄) သခင်ဗဟိန်း၊ (၅) သခင်သန်းမြိုင်၊ (၆) သခင်သန်းဖေ (တောင်ငူ)၊ (၇) သခင်ဗသိန်းတင် (ထားဝယ်)၊ (၈) ကိုဌေး (မန္တလေး)၊ (၉) ကိုသိန်းတန်၊ (၁၀) ကိုလွန်း (ကိုလှသောင်း) (ဖျာပုံ)၊ (၁၁) သခင်သန်းထွန်း၊ (၁၂) ကိုသိန်းဖေ၊ (၁၃) ကိုတင်ထွန်း တို့ဖြစ်သည်။

အများစု ကိုယ်စားလှယ်များနှင့် သခင်စိုးတို့ စေ့စပ်ရာ၊ အောက်ပါအတိုင်း ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုကို ရွေးကောက် ရန် ပထမဦးစွာ၊ သခင်စိုးက စေ့စပ်လာလေသည်။

ဗဟိုကော်မတီ

(၁) သခင်စိုး၊ (၂) သခင်တင်မြ၊ (၃) မစောမြ၊ (၄) ကိုထွန်းစိန်၊ (၅) ကိုထွန်းသန်း၊ (၆) ကိုထွန်းရင်၊ (၇) **သခင်သန်းဖေ**၊ (၈) **သခင်ဗသိန်းတင်**၊ (၉) **သခင်တင်ထွန်း**၊ (၁၀) **ကိုဌေး**၊ (၁၁) ကိုလှသောင်း၊ (၁၂) သခင်ဗဟိန်း၊ (၁၃) ကိုသိန်းတန်၊ (၁၄)ကိုသိန်းဖေ၊ (၁၅) သခင်သန်းထွန်း၊

ပေါလစ်ဗျူရို။

၁။ သခင်စိုး၊ အထွေထွေအတွင်းရေးမှူး

၂။ သခင်တင်မြ၊ ပါတီပုံနှိပ်တိုက်နှင့် ဂျာနယ်စသည်။

၃။ သခင်သန်းဖေ (သခင်သန်းဖေက လက်မခံ ။)

တို့ကိုထားရန်၊ သခင်စိုးက တောင်းဆိုသည်။

၉-၃-၄၆ နေ့ထုတ် "ပြည်သူ့အာဏာ" သတင်းစာ– မျက်နှာဖုံးပါ သတင်း"မှ ထိုသတင်းစာတွင် ဖော်ပြထားသော ပေါလစ်ဗျူရို စာရင်းတွင် ၁) သခင်စိုး၊ ၂) သခင်သန်းထွန်း (ပေါလစ်ဗျူရိုအတွင်းရေးမှူး) ဟူ၍ရှိပါသည်။ ဤပေါလစ်ဗျူရိုစာရင်းမှာ၊ သခင်စိုးတင်သော စာရင်းမဟုတ်ပါ။ အထက်ပါစာရင်းသာ အမှန်ဖြစ်သည်။ (သခင်တင်မြ)

အများစုက သခင်စိုး၏ ဗဟိုကော်မတီစာရင်းကိုလက်ခံသော်လည်း ပေါလစ်ဗျူရိုစာရင်းကိုမူ လက်မခံ။ သခင်သန်းထွန်း နှင့် ကိုသိန်းဖေတို့ကို ပေါလစ်ဗျူရိုတွင် ထည့်သွင်းရမည်ဟု တောင်းဆိုသည်။ သခင်စိုးမှာလည်း အပြစ်ရှိသည်။ အပြစ်ရှိသူချင်း အတူတူ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့အား အပြစ်ပေးပြီး သခင်စိုးက မိမိကိုယ်ကို အပြစ်မှလွတ်ထားခြင်းမှာ မတရားပါဟု ဗဟိုကော်မတီအများစုက ပြောလာပါသည်။

ဦးမြင့်ဆွေ (ဖြူး) က သခင်စိုးအား ဤကိစ္စတွင် အပြင်းအထန်ပြောကြားဝေဖန်လေသည်။

"ဒီမှာ သခင်စိုး ဘရောက်ဒါဝါဒနဲ့ ပတ်သက်တဲ့ အမှားကိစ္စမှာ သခင်သန်းထွန်းက ဘာမှမပြောခဲ့ဘူး၊ ပြောရင်လည်း ကျွန်တော်တို့နာယူလက်ခံမှာမဟုတ်ဘူး။ ဇူလိုင်ပါတီကွန်ဂရက်ကို လာတက်ရင်း၊ ကျွန်တော်တို့ သခင်စိုးကိုမေးခဲ့တယ်။ အဲဒီတုန်းက သခင်စိုးက ပါတီအထွေထွေ အတွင်းရေးမှူး ပဲ။ ကျွန်တော်တို့က အင်္ဂလိပ်ကို တိုက်ဖို့လက်နက်တွေ ဖွက်ထားကြမယ်လို့ပြောတော့ သခင်စိုးက "ဒီမှာ ကိုမြင့်ဆွေ၊ အင်္ဂလိပ်တွေ ဆက်တိုက်ဖို့မလိုဘူး၊ လွတ်လပ်ရေးကို လူထုအင်အားနဲ့ ငြိမ်းချမ်းစွာရရှိလာမှာဖြစ်တယ်။ ဒါကြောင့် လက်နက်တွေ မဖွက်ပါနဲ့။ အန္တရာယ်များတယ်။ လက်နက်နဲ့တူတဲ့ အပ်ကလေးတောင် မထားပါနဲ့ အပ်လိုက်ပါ" လို့ ပြောခဲ့တာ မှတ်မိလား။ ကျွန်တော်တို့အလွန်လေးစားကြည်ညိုတဲ့၊ သခင်စိုးက ဘရောက်ဝါဒ မွှန်ပြီး ညွှန်ကြားလို့ ကျွန်တော်တို့လက်နက်တွေ အပ်ခဲ့တာ၊ ဒါကြောင့် သခင်သန်းထွန်း၊ ကိုသိန်းဖေတို့အပေါ် အပြစ်လွဲချပြီး ကိုယ်လွတ်မရုန်းပါနဲ့။"

## ပါတီကွဲမှာ နိုးရိမ်ကြပြီ

အချိန်သာကုန်သည်။ ပေါလစ်ဗျူရိုကိစ္စ နှစ်ဖက်သဘောတူညီချက် မရသဖြင့်၊ အစည်းအဝေးကို ထိုနေ့အဖို့ ရပ်ဆိုင်းလိုက်ရပါသည်။

သခင်စိုးသည် မိမိ၏တင်ပြသော ပေါလစ်ဗျူရိုစာရင်းကို ဗဟိုကော်မတီအများစုက လက်မခံဘဲ၊ သူ့အပေါ်တွင် တစ်ယောက်ပြီး တစ်ယောက်ဝေဖန်မှုပြင်းထန်လာသဖြင့်၊ မခံမရပ်နိုင်ဖြစ်နေပါသည်။ ဤအဖြစ်မျိုး နောက်နေ့တွင် ဆက်ဖြစ်နေမည်ကို သူမလိုလားပါ။

ထို့ကြောင့် နောက်နေ့ဗဟိုကော်မတီစုံညီ အစည်းအဝေးကို ရပ်ဆိုင်းထားပြီး ပေါလစ်ဗျူရိုစာရင်းကို၊ သူနှင့်အများစုကိုယ်စားလှယ် သခင်ဇင်၊ သခင်ဗဟိန်း၊ သခင်သန်းဖေတို့နှင့် ညှိကြမည်။ သဘောတူညီချက်ရရှိလျှင် ဖြစ်စေ၊ မရရှိရင်ဖြစ်စေ၊ ယင်းအဖြေကို ဗဟိုကော်မတီ စုံညီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ကြမည်ဟု သဘောတူကြပါသည်။

အစည်းအဝေးမှ ကျွန်တော်တို့စုဝေးရာ၊ မင်္ဂလာလမ်းမှ သခင်သန်းအိမ်သို့ရောက်သည်နှင့်၊ သခင်သန်းက သခင်စိုးနှင့် ကျွန်တော်တို့ကို သတင်းတစ်ခုပေးပါသည်။ စမ်းချောင်း (   ) လမ်းရှိ ရှေ့ဆောင်သတင်းစာတိုက်တွင် မနက်ဖြန်ထုတ်မည့် သတင်းစာ၌ "သခင်စိုးကြောင့် ကွန်မြူနစ်ပါတီကွဲတော့မည်" ဆိုတဲ့ သတင်းကို၊ စာစီနေကြောင်း စာစီသမားကလေးတစ်ယောက်ထံမှ သတင်းအနိုင်အလုံ ရကြောင်း ပြောပါသည်။

သခင်စိုးသည် အလွန်ဒေါသထွက်သွားပါသည်။ "ဒါဘယ်သူ့လက်ချက်လဲ၊ မနက်ဖြန် အစည်းအဝေးမှာ တရားခံဖေါ်ထုတ်ပြီး၊ အရေးယူရမယ်" ဟု ပြော၍ တစ်ဆက်တည်း "သခင်တင်မြ– ကိုထွန်းသန့်း (ဂျာနယ်ကျော်ဦးချစ်မောင်၏ညီ) ဆီသွားပါ။ ပါတီအကျိုး၊ တိုင်းပြည်အကျိုးကို ထောက်ထားပြီး ဒီသတင်းမထည့်ပါနဲ့ ပါတီကွဲမယ်ဆိုတဲ့ သတင်းလည်း မဟုတ်ပါဘူး" လို့ ဖြေရှင်းပြခဲ့။ ဒီသတင်းဘယ်သူပေးတာလဲလို့ ရအောင်မေးခဲ့။ ကျွန်တော်က – လွှတ်လိုက်တာလို့ပြောပါ"

–ကျွန်တော်က အကျိုးအကြောင်းပြောပြသောအခါ ကိုထွန်းသန်းက၊ ဤသတင်း၊ စီထားသော စာဖေါင်ကိုဖျက်ပြစ်ပါမည်။ နောက်နေ့ သတင်းစာတွင် မပါစေရပါဟု အာမခံလိုက်သည်။ သတင်းပေးသူကိုမူ၊ မေး၍မရခဲ့ပါ။ "သတင်းစာကျင့်ဝတ်အရ၊ သတင်းရသောဌာနကို၊ ဖေါ်ထုတ်ပြောဆိုခြင်းမပြုနိုင်ပါ။ တောင်းပန်ပါသည်"ဟု ပြောလိုက်ပါသည်။

သခင်သန်း၏အိမ်သို့ ပြန်ရောက်သောအခါ၊ သခင်သန်းက သူနှင့်ရင်းနှီးသူ စာစီသမားထံသွားမေးပါသည်။ နံနက်က – သခင်သန်းမြိုင်လာပြီး၊ သတင်းစာ တိုက်ပိုင်ကိုထွန်းသန်းနှင့် စကားပြောနေသည်ကို မြင်ကြောင်း ပြောပါသည်။

ဤသတင်းရသည်နှင့် သခင်စိုးသည်၊ ထမင်းပင်မစားနိုင်သေးဘဲ၊ ဗားကရာလမ်းမှ ပါတီဌာနချုပ်သို့သွား၍ အစည်းအဝေး သဘာပတိ၊ သခင်ဇင်ကို၊ "ဤသတင်းပေါက်ကြားမှု သတင်းကို တါးခဲ့ရသည့်အကြောင်း၊ သခင်သန်းမြိုင်ထံမှ သတင်းပေါက်ကြားခြင်းဖြစ်သဖြင့်၊ သခင်သန်းမြိုင်ကို စည်းကမ်းအရ အရေးယူပါ"ဟု ပြောကြားခဲ့သည်။ သခင်ဇင်ကလည်း "ဤသတင်းပေါက်ကြားမှုအတွက် သခင်သန်းမြိုင်ကို အရေးယူပါမည်။ အစည်းအဝေးတက်ခွင့် ခေတ္တရပ်စဲသည့် အပြစ်ပေးပါမည်"ဟု သခင်စိုးကို ပြန်လည်ပြော ကြားလိုက်ကြောင်း သိရပါသည်။

## ပါတီမကွဲသို့

နောက်တစ်နေ့ နံနက်တွင် သခင်စိုးခေါင်းဆောင်သော ကျွန်တော်တို့လူစု သခင်သန်းအိမ်မှာ စုဝေးကြပါသည်။ နေ့လည်တွင် သခင်စိုးနှင့် ဗဟိုကော်မတီအများစုကိုယ်စားလှယ် (၃) ဦးနှင့် တွေ့ဆုံဆွေးနွေးမည့် ကိစ္စကို ကြိုတင်ညှိနှိုင်းဆွေးနွေး

ကြပါသည်။ ဆွေးနွေးနေစဉ် ဗဟိုကော်မတီအများစုတွင် ပါဝင်သော လေထီးကိုအုန်းမောင်၊ ကိုအောင်သူနှင့် စစ်ကိုင်းကိုလှိုင်တို့ရောက်လာပါသည်။ သူတို့သုံးယောက်က သခင်စိုးနှင့် ကျွန်တော်က ပျူငှာစွာလက်ခံကြိုဆိုပါသည်။

သူတို့သုံးယောက်လာသည်မှာ ပေါလစ်ဗျူရိုအဖွဲ့ ရွေးချယ်သည့်ကိစ္စကို အကြောင်းပြု၍ ပါတီကွဲမှာ စိုးရိမ်သဖြင့် သခင်စိုးအားလာရောက်တွေ့ဆုံပြီး ပါတီမကွဲအောင် တားဆီးပေးဖို့ တောင်းပန်ရန်ဖြစ်ပါသည်။ ကိုအုန်းမောင်၊ ကိုအောင်သူနှင့် ကိုလှိုင်တို့က "သူတို့သည် ကျောင်းသားဘဝထဲက သခင်စိုး၊ သခင်သန်းထွန်း၊ ကိုသိန်းဖေတို့၏ နိုင်ငံရေးသွန်သင်မှုဖြင့် မျိုးချစ်စိတ်နှင့် ဆိုရှယ်လစ်ဝါဒကိုယုံကြည်သက်ဝင်လာကြခြင်းဖြစ်ကြောင်း ဤခေါင်းဆောင်များ၏ စည်းလုံးညီညွတ်စွာဖြင့် မှန်ကန်သော ခေါင်းဆောင်မှုအောက်တွင်၊ ကျရာတာဝန်ကို သေတပန်သက်ဆုံး ထမ်းဆောင်သွားမည်ဟု ဆုံးဖြတ်ထားပါကြောင်း၊ ထို့ကြောင့် ဤခေါင်းဆောင်များ တစ်ယောက်နှင့်တစ်ယောက်အပြစ်ရှာပြီး ပါတီကွဲသွားမည်ကို အလွန်စိုးရိမ်ပါကြောင်း၊ သူတို့နည်းတူ အောက်ခြေပါတီဝင်များကလည်း ပါတီကွဲမှာစိုးရိမ်နေကြပါကြောင်း၊ ထို့ကြောင့် သူတို့အားလုံးကို ထောက်ထားပြီး၊ ပါတီမကွဲ အောင် စောင့်ထိမ်းပေးပါရန်" ဟု မျက်ရည်လည်ဝဲဖြင့်၊ အနူးအညွတ်တောင်းပန်နေပါသည်။

သခင်စိုးမှာ သူတို့ပြောစကားများကို ငြိမ်သက်စွာနားထောင်ပြီး ငိုင်တွေနေပါတော့သည်။ ကျွန်တော်တို့လည်း သူတို့သုံး ယောက်၏ ခံဘာချက်နှင့်အတူ နစ်မြောသွားပါသည်။

သူတို့သုံးယောက်ပြန်သွားသောအခါ ကျွန်တော်တို့ ဆွေးနွေးပွဲ ဆက်ကြပါသည်။

ပါတီမကွဲရေးအတွက် အလေးပေးဆွေးနွေးကြပါသည်။ ပေါလစ်ဗျူရို ဖွဲ့စည်းရေးတွင် ကျွန်တော့်ကိုစာရင်းတင်ခြင်း သခင်သန်းထွန်းနှင့် ကိုသိန်းဖေကို ဖယ်လှတ်ထားခြင်းမပြုရန်။ သူစာရင်းတင်ထားပေမဲ့ ကျွန်တော့်အနေဖြင့် ထိုတာဝန်ကို မထိုက်တန်သည့်အလျောက် မယူလိုကြောင်း၊ သခင်သန်းဖေလို ကျွန်တော်လည်း လက်မခံနိုင်ကြောင်း၊ ဤကိစ္စကြောင့် ပါတီမကွဲစေလိုကြောင်း သခင်စိုးကို ပြောပြပါသည်။ ကျွန်ရဲဘော်များကလည်း ကျွန်တော့်သဘောထားကို လက်ခံကြပါသည်။ အမှန်တော့ သခင်စိုးလည်း ပါတီကွဲမှာစိုးရိမ်ပုံရပါသည်။ သခင်စိုးကလည်း ငိုင်တွေစဉ်းစားပြီး "ပါတီမကွဲအောင် ကျုပ်ကပဲလျှော့ပေးပါမယ်။ အချောင်သမားနှစ်ယောက်နဲ့ အလုပ်ရတော့မှာပဲ" ကျုပ်က တစ်ယောက်တည်း သူတို့က နှစ်ယောက်၊ ကျုပ်ကို ချောက်ချမှာပဲ စိုးတယ်။ အရင်တစ်ခါကလည်း ခံလိုက်ရပြီ။ သတိတော့ ထားရမှာပေါ့လေ။ ကျုပ်တစ်ယောက်ထဲကို ပေါလစ်ဗျူရိုမှာ၊ ခင်ဗျားတို့ကလည်း ပစ်မထားပါနဲ့။ အထူးသဖြင့်၊ ဌာနချုပ်မှာ ရှိနေပေမဲ့ သခင်တင်မြ ဒေါ်စောမြနဲ့ ကိုထွန်းသန်းတို့က အမြဲစောင့် ကြည့်ကူညီနေဖို့လိုမယ်" ဟု ပြောပါသည်။

ကျွန်တော်တို့ကလည်း သခင်စိုးဘက်က အမြဲရှိနေမည်ဖြစ်ကြောင်း ကူညီနေမည်ဖြစ်ကြောင်း ကတိပြုအားပေးကြပါသည်။

ပါတီမကွဲရေးအတွက် ပေါလစ်ဗျူရိုတွင် သခင်စိုး၊ သခင်သန်းထွန်း၊ ကိုသိန်းဖေတို့ပါဝင်ဖွဲ့စည်းရန် ကျွန်တော်တို့အားလုံး သဘောတူလက်ခံလိုက်ကြပါသည်။

အများစု၏ သဘောထားကို ဤသို့သဘောတူ လိုက်လျောရခြင်းကြောင့် စိုးရိမ်မှုဖြင့် တင်းကြပ်နေသော ကျွန်တော်တို့စိတ်များသည် ပေါ့ပါးသွားပါတော့သည်။ စိတ်သက်သာရာရသွားပါတော့သည်။

နေ့လည်တွင် သခင်စိုး တစ်ယောက်တည်း၊ ပါတီဌာနချုပ်ရုံးသို့၊ အများစု ကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းရန် ထွက်သွားပါတော့သည်။ ကျွန်တော်တို့လူတစ်စု မခွဲဘဲ သခင်စိုးပြန်အလာကို စောင့်နေရသော်လည်း ပူပန်စိုးရိမ်စိတ် မရှိလှပါ။ သခင်စိုး သိပ်မကြာပါ။ နေ့လည် တစ်နာရီကျော်လောက်တွင် ပြုံးရွှင်စွာဖြင့် ပြန်ရောက်လာပါသည်။

ကျွန်တော်တို့လူစု ဝိုင်းထိုင်နေရာသို့ဝင်လာပြီး "ကဲ-ကဲ စိတ်ချတော့ ပါတီမကွဲတော့ဘူး၊ အားလုံးအဆင်ပြေပါတယ်" ဟု အစချီပြီး ဆက်ပြောပါသည်။

"ပေါလစ်ဗျူရိုအဖွဲ့ကို ကျွန်တော် သခင်သန်းထွန်း၊ ကိုသိန်းဖေတို့ သုံးဦးနဲ့ ဖွဲ့ဘို့သဘောတူကြတယ်။ ကျုပ်က ပေါလစ်ဗျူရိုရဲ့ သဘာပတိ၊ သခင်သန်းထွန်းက အဖွဲ့ဝင်၊ ကိုသိန်းဖေက ပေါလစ်ဗျူရိုရဲ့ အတွင်းရေးမှူး - ကဲသဘောတူကြလား"

ကျွန်တော်တို့အားလုံးက "သဘောတူ တယ်" ဖြေကြသည်။ တစ်ယောက်က ဆက်၍ "ဗဟိုကော်မတီဝင်တွေကရော" ဟု မေးလိုက်ပါသည်။

သခင်စိုးက "ဗဟိုကော်မတီကတော့ ကျွန်တော်တို့ထမနေ့က တင်ပြထားတဲ့အတိုင်း သဘောတူကြတယ်" ဟု ပြောပြီး ပေါလစ်ဗျူရိုအဖွဲ့ဝင်များနှင့် ဗဟိုကော်မတီ အမည်စာရင်းရေးထားသော စာရွက်ကိုထုတ်ပြပါသည်။ ထိုဗဟိုကော်မတီ စာရင်းမှာ-(၁) သခင်စိုး၊ (၂) ကိုသိန်းဖေ၊ (၃) သခင်သန်းထွန်း၊ (၄) သခင်တင်မြ၊ (၅) မစောမြ၊ (၆) ကိုထွန်းစိန်၊ (၇) ကိုထွန်းသန်း၊ (၈) ကိုထွန်းရင်၊ (၉) သခင်သန်းဖေ၊ (၁၀) သခင်ဗသိန်းတင်၊ (၁၁) ကိုလှသောင်း၊ (၁၂) ကိုတင်ထွန်း၊ (၁၃) ကိုငွေး၊ (၁၄) ကိုဗဟိန်း၊ (၁၅) ကိုသိန်းတန်တို့ဖြစ်ကြပါသည်။

အရံဗဟိုကော်မတီနှင့် ပတ်သက်၍မူ ဗဟိုစည်းရုံးရေးကော်မတီဝင် အရေအတွက်နှင့် ပါဝင်သင့်သူများကို ဗဟိုကော်မတီအစည်းအဝေးတွင် ညှိနှိုင်းမည်ဟု သဘောတူခဲ့ကြောင်း ပြောပါသည်။

ပေါလစ်ဗျူရိုအဖွဲ့မှာ ၁) သခင်စိုး (သဘာပတိ)၊ ၂) သခင်သန်းထွန်း (အဖွဲ့ဝင်)၃)၊ ကိုသိန်းဖေ (အတွင်းရေးမှူး)တို့ ဖြစ်ပါသည်။

ဗဟိုကော်မတီ စုံညီအစည်းအဝေးကို နောက်နေ့ (၅-၃-၄၆) နေ့၊ နေ့လည်တွင် ကျင်းပမည်ဖြစ်ကြောင်းလည်း သခင်စိုးက ပြောသည်

ကျွန်တော်တို့ လူစုသည် သခင်စိုးညှိနှိုင်းရရှိခဲ့သော ဤအခြေပေါ်တွင် ကြေနပ်နှစ်သိမ့် စိတ်ပေါ့ပါးစွာဖြင့် လူစုခွဲကြပါသည်။

<u>လူများစုက အနိုင်ကျင့်ခြင်း။</u>

နောက်တစ်နေ့ (၃၈-၂-၄၆) နံနက် ၈–နာရီတွင် သခင်သန်းအိမ်၌ပင် ကျွန်တော်တို့ လူစုဆုံကြပါသည်။ သခင်စိုးသည် သူနံနက်ပိုင်းတွင် ဒလသင်္ဘောကျင်း အလုပ်သမားသမဂ္ဂ အစည်းအဝေးသို့သွားတက်မည်ဖြစ်ကြောင်း နံနက်စာကို ဒလမှာပင် စောစောစားပြီး (၁၂ နာရီ) လောက် ရန်ကုန်ပြန်ရောက်မည်ဖြစ်ကြောင်း ဗဟိုကော်မတီ အစည်းအဝေးမှာ နေ့လည် (၁) နာရီတွင် ရှိကြောင်း ပြောပါသည်။ သခင်စိုးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဥက္ကဋ္ဌ အသစ်ကို ဒလ သင်္ဘောကျင်း အလုပ်သမား သမဂ္ဂဝင်များက တွေ့လို၊ မြင်လို၊ ဆွေးနွေးလို၍ ဖိတ်ကြားခြင်းဖြစ်ပါသည်။

သခင်စိုးသည် ရေနံမြေ ကိုထွန်းစိန်နှင့် ကိုသက်တင်တို့နှစ်ယောက်ကို ခေါ်သွားပါသည်။ သူတို့ထွက်သွားပြီး နှစ်နာရီလောက် အကြာတွင် ပါတီဌာနချုပ်မှ ရုံးအုပ်ဖြစ်သူ ဦးသန်းတင် ကျွန်တော်တို့ဆီရောက်လာပါသည်။ သူနှင့်အတူ ပါတီဗဟိုကော်မတီ အများစုကိုယ်စား အစည်းအဝေး သဘာပတိ၏(၃၀–၃–၆၄) ည– ၉ နာရီ) နေ့စွဲဖြင့် စာပါလာသည်။ စာတွင်အောက်ပါ သဘောများ ပါရှိပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ

ပါတီဌာနချုပ်

<u>ပါတီတွင်း ထုတ်ပြန်ကြေညာချက်</u>

၁) ပါတီ ဗဟိုကော်မတီ အစည်းအဝေးကို ၁၉၄၆–ခုနှစ် ဖေဖော်ဝါရီလ ၂၂–ရက်နေ့မှ ၁၉၄၆ ခုနှစ် မတ်လ ၇–ရက်နေ့အထိ ကျင်းပခဲ့သည်။ ဗဟိုကော်မတီ အစည်းအဝေးတွင် သခင်စိုးက ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးအပေါ်ဝေဖန်ချက်–စာတမ်း "စက္ကူနှီ စာတမ်း" နှင့် "ဝေဖန်ရေး အစီရင်ခံစာ" တို့ကို တင်ပြသည်။ "ပထမနှင့် ဒုတိယစာတမ်းများ" ကို ဗဟိုကော်မတီအစည်းအဝေးတွင် အပြန်အလှန်အကြေအလည် ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

၂) "ဝေဖန်ရေး အစီရင်ခံစာ" ကိုလည်း အပြန်အလှန် ဆွေးနွေးကြသည်။ ဝေဖန်ရေး အစီရင်ခံစာတွင် ပါဝင်သော မှန်ကန်သည့် ဝေဖန်သုံးသပ်ချက်များကို ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့က အလေးအနက် ထောက်ခံခဲ့ကြ(သည်။) များယွင်းသည့် သုံးသပ်ချက်နှင့် ဇွတ်စွဲချက်များကိုမူ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့က ပြန်လည်ဝေဖန်မှု ပြုခဲ့ကြသည်။

၃) ဗဟိုကော်မတီ အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်း အစမှအဆုံးတိုင် (၁) သခင်တင်မြ၊ (၂) ကိုထွန်းသန်း၊ (၃) ကိုထွန်းရင်၊ (၄) ကိုထွန်းစိန်၊ (၅) မစောမြ၊ (၆) ကိုသက်တင်၊ (၇) ကိုထွန်းလှတို့သည် ပါတီခေါင်းဆောင် များအတွင်း၊ ဗဟိုကော်မတီအတွင်း ဂိုဏ်းခွဲမှုများကို ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့ကြသည်။

၄) ဤလူစု၏ သွေးခွဲမှုလုပ်ရပ်များသည် ပါတီ၏ သွေးစည်းညီညွတ်မှုကို အကြီးအကျယ် ထိပါးစေခဲ့သဖြင့် ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ၎င်းတို့ (၇) ဦးအား ပါတီမှ ထုတ်ပယ်လိုက်ရပါသည်။

ဗဟိန်း (သဘာပတိ)

ဗဟိုကော်မတီအများစု

အစည်းအဝေး

၁၆–၃–၁၉၄၆ ခုနှစ်၊ ည–၉နာရီ

ဤစာကို ဖတ်ကြည့်နေစဉ်မှာပင် စာရွက်ကိုင်ထားသော ကျွန်တော့်လက်မှာ တုံလာပါသည်။ ပြီးဆုံးအောင် မနည်းအာရုံစိုက် ဖတ်ရသည်။ အနားတွင်ရှိနေသော ကိုထွန်းသန်းကလည်း သိလိုဇောနှင့် စာကိုဝင်ဖတ်နေပါသည်။ နှစ်ယောက်လုံး၊ ဒေါသစိတ်ဖြင့် မခံမရပ်နိုင်၊ တုံတုံခိုက်ခိုက် ဖြစ်လာပါသည်။ ပါးစပ်ကို ထိန်းမထားနိုင် "တောက်" ခေါက်သံသည် အသိမဲ့စွာ ထွက်သွားပါသည်။

"အနိုင်ကျင့်လွန်းတယ်ဗျာ၊ နေမကောင်းလို့ အစည်းအဝေးမတတ်နိုင်တဲ့ ကိုဗဟိန်းက သဘာပတိတဲ့ဗျား။ ချွေးတပ်ဗိုလ်ကြီး ရယ် လုပ်မှလုပ်ရက်ပလေ" ဟု ကိုထွန်းသန်းက မကြေမချမ်းမှတ်ချက်ချသည်။

ထိုအချိန်က ကျွန်တော်တို့ နှစ်ယောက်သာ သခင်သန်းအိမ်အပေါ်ထပ်တွင် ရှိသည်။

"ဒီမှာ ခင်ဗျားနဲ့ကျွန်တော် သခင်စိုးဆီ လိုက်ကြမယ် ကြည့်ပါအုံးဗျာ။ ဗဟိုကော်မီတီ အစည်းအဝေးမှာ ဂိုဏ်းခွဲတဲ့ ခေါင်းဆောင် ကြီးဖြစ်တဲ့၊ သခင်စိုးကိုတော့ အရေးမယူရဲ၊ ကျုပ်တို့ (၇)ယောက်က သခင်စိုးခေါင်းဆောင်မှု နောက်လိုက်ပြီး သူ့ဝေဖန်တာတွေကို အားတက်သရော ထောက်ခံတာနဲ့ ဂိုဏ်းခွဲတာလို့ ဇွပ်စွဲပြီး ပါတီကထုတ်ပစ်တယ်။ သူတို့ကို သူတို့အများစုဆိုပြီး အနိုင်ကျင့်တာပဲ" ကျွန်တော်ပြောမိသည်။

ကျွန်တော်နှင့် ကိုထွန်းသန်းတို့ သခင်စိုးရှိရာ ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့သို့ ချက်ချင်းလိုက်သွားပါသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် သခင်စိုးတို့ အစည်းအဝေးမှာ မပြီးသေးပါ။ အစည်းအဝေးတွင် စကားပြောနေသော သခင်စိုးတို့သည် ကျွန်တော်တို့ကို မြင်သည်နှင့် အစည်းအဝေးကို ခေတ္တရပ်လိုက်ပြီး ကျွန်တော်တို့နှင့် သီးခြားတွေ့ပါသည်။ ကျွန်တော်က အဖြစ်အပျက်ကိုပြောပြပြီး ကိုဘဟိန်း၏ ထုတ်ပြန်ကြေညာချက်ကို ပြလိုက်ပါသည်။

သခင်စိုးသည် ဒေါသအိုးပေါက်ကွဲ ပါတော့သည်။ "ဒါသက်သက် ကျုပ်တို့ကို အနိုင်ကျင့်တာ သူတို့အလိုကျ ကျုပ်တို့ကလိုက်လျောတာကို ချက်ကောင်းယူပြီးလုပ်တာ၊ နည်းနည်းမှ လူစိတ်မရှိဘူး၊ ကျုပ်မပြောဘူးလား ဒီနှစ်ကောင်နဲ့ ဘယ်လိုမှ တွဲလုပ်လို့မရဘူး၊ သူတို့နှစ်ကောင်ဟာ အမှားကလွဲရင် ဘာမှမလုပ်တတ်တဲ့သူတွေ သိကြားမင်းဆင်းပြီး ကူရင်လည်း အမောသာ အဖတ်တင်မယ်၊ ပြင်နိုင်မဲ့ သူတွေမဟုတ်ဘူး။ **သူတို့နဲ့ အပြတ်လုပ်မှ ဖြစ်မယ်၊ ဒီအစည်းအဝေးကို ရပ်ပြီး ပြန်ကြမယ် ဒီပါတီဗဟိုကော်မီတီ** အစည်းအဝေးသတင်းတွေ မပေါက်ကြားစေနဲ့ အလုပ်သမားတွေ စိတ်ပျက်ကုန်မယ်" ဟု အံတကြိတ်ကြိတ်ပြောပြီး ပြန်ရန်ပြင်ပါသည်။

ဒလအလုပ်သမားခေါင်းဆောင်များကို တောင်းပန်မေတ္တာရပ်ပြီး ကျွန်တော်တို့ ရန်ကုန်ဘက်ကမ်းသို့ ပြန်ခဲ့ကြသည်။

စမ်းချောင်းမင်္ဂလာလမ်းတွင် ကျွန်တော်တို့စုမိသောအခါ နံနက် (၁၃) ကျော်ပြီး ထမင်းမစားနိုင်ကြ၊ ချက်ခြင်းပင် အစည်းအဝေးလုပ်ကြသည်။ ကျွန်တော်တို့ ရစ်ယောက်လုံးမခံမရပ်နိုင် ဖြစ်လွန်းသဖြင့် ဘယ်သူမှ စဉ်းစဉ်းစားစားလုပ်ရန် ပါတီမပြိုကွဲရေးကိုထိမ်းရန် လေသံမျှမဟကြတော့ အားလုံးက ခုနှစ်မောင်းတင်၍ အပြတ်အသတ် တုံ့ပြန်ရန်သာ အားသန်နေကြပါသည်။

သခင်စိုးကစပြီး "ဒီအချောင်သမားတွေနဲ့ တွဲလုပ်၍ မရတော့ဘူး။ "ဘရောက်ဝါဒကို စွန့်ပစ်ပြီး နယ်ချဲ့သမားကို အပြတ်အသတ်တိုက်နိုင်ဖို့အတွက် နယ်ချဲ့သမားတွေကို အကာအကွယ်ပေးနေတဲ့ အချောင် သမားဝါဒကို အရင်တိုက်ရမယ်။ သူတို့ကို "အရင်ရှင်းထားမှ ရန်သူအရင်းရှင်ကို အပြတ်တိုက်နိုင်မယ်" လို့ စတာလင်က ဆိုထား တယ်" ဟုပြောပြီး ကျမ်းကိုးကျမ်း ကားများကို ထောက်ပြပါသည်။

ကျွန်တော်တို့သည် သခင်စိုး၏ အဆိုအမိန့်များကို ခံယူပြီး တထိုင်တည်းမှာပင် ကွန်မြူနစ်ပါတီမှ ခွဲထွက်၍ ပစ္စည်းမဲ့ပါတီသစ် ထူထောင်ရန် ဆုံးဖြတ်လိုက်ကြပါသည်။

ကိုသိန်းဖေ၊ သခင်သန်းထွန်း၊ ကိုဗဟိန်းတို့ ခေါင်းဆောင်သည့် ဗဟိုကော်မတီအများစုသည် ကျွန်တော်တို့ ဗဟိုကော်မီတီ အနည်းစုပေါ်တွင် ပြန်လည်ဖြေရှင်းခွင့်ပင် မပေးဘဲ၊ ဤသို့မတရား အနိုင်ကျင့်ခြင်းသည် ပါတီစည်းကမ်းနှင့် မညီညွတ်ယူဆပါက ပါတီခွဲမထောင်ဘဲ ပါတီစည်းကမ်းအရ ပါတီညီလာခံတွင် အရေးယူခံထားရသော ဗဟိုကော်မီတီအနည်းစုသည် အယူခံနိုင်ခွင့်ရှိပေသည်။ အချိန်တော့ စောင့်ရမည်။ ပါတီမကွဲဖို့အတွက် ဤနည်းတော့ရှိသည်။ ဤနည်းကို ကျင့်သုံးရန်မှာမူ မလွယ်ကူပါ။ ကျွန်တော်တို့အပေါ် အနိုင်ကျင့်ထားသော ဗဟိုကော်မီတီ အများစုသည် ပါတီဌာနချုပ် ယန္တရားကို ချုပ်ကိုင်ထားသူများ ဖြစ်သဖြင့် အမျိုးမျိုးအနှောင့်အယှက် ပေးနိုင်သည်။ ယင်းအနှောင့်အယှက်များကို ကျော်လွန်ရှောင်ရှား၍ သည်းခံစိတ်ဖြင့် ပါတီမကွဲအောင် ကြိုးပမ်းလိုစိတ် ကျွန်တော်တို့တွင် အနည်းငယ်မျှ မရှိတော့ပါ။

<u>ပါတီခွဲထောင်ပြီ</u>

သို့ဖြင့် ကိုဗဟိန်း၏ ထုတ်ပြန်ကြေညာချက်ကို တုံ့ပြန်ဖြေကြားလိုက်သော အောက်ပါစာကို သခင်စိုးကောက်ရေးလိုက် . ပါတော့သည်။

"၁၉၄၂ ခုနှစ်မေလ၊ မန္တလေးထောင်ကအထွက်မှာ ဖက်ဆစ်ဂျပန်များကို ဆန့်ကျင်တိုက်ခိုက်ဖို့နည်းလမ်း ရှာနေကြတဲ့၊ ခေါင်းဆောင်စုအတွင်းက ခွဲထွက်ပြီး "နိုင်ငံရေးကိုတော့ ကျွန်တော်စိတ်ပျက်ပြီး အိမ်ပဲပြန်တော့မယ်"လို့ပြောပြီး အင်းဝကို ပြန်သွားတဲ့ ဗဟိန်း။

ဖက်ဆစ်ဂျပန်ရဲ့ ရုပ်သေးရုပ်ဒေါက်တာဘမော် အစိုးရအဖွဲ့မှာ ချွေးတပ်ဗိုလ်လုပ်ခဲ့တဲ့ ဗဟိန်းက ကလိန်ခြုံသိန်းဖေ၊ မုံ့လာဥသန်းထွန်းတို့ကို "သူတော်ချင်းချင်း–သတင်းလွှေ့လွှေ့လုပ်ပြီး "ဖက်ဆစ်ဂျပန်တော်လှန်ရေးကို အစအဆုံး၊ နောက် မတွန့် မကြောက်ရွံ့ဘဲ ငွေ့ပနှင့် တိုက်ခိုက်ခဲ့ကြတဲ့၊ ပစ္စည်းမဲ့သားကောင်း ရတနာများဖြစ်တဲ့၊ သခင်တင်မြ မစောမြအစရှိတဲ့ ရဲဘော် ၇ ဦးကို ပါတီကထုတ်ပစ်တာဟာ တော်လှန်တဲ့ ပစ္စည်းမဲ့လူတန်းစားကို ရိုင်းရိုင်းပြပြ သစ္စာဖောက်လိုက်တာပဲ။ ဒီသစ္စာဖောက်တစ်စုနဲ့ လမ်းခွဲပြီး စစ်မှန်တဲ့ , အချောင်သမားသြဇာကင်းတဲ့ , တော်လှန်တဲ့ပစ္စည်းမဲ့ လူတန်းစားကိုယ်စားပြုတဲ့ "ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုထူထောင်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်တယ်၊ ဒီကြေညာချက် သောင်းထိုက်–(ခရီးတစ်သောင်းမိုင်၂၀–ခန့်) က ကြားစေသော်

သခင်စိုး

အထွေထွေအတွင်းရေးမှူး

ကွန်မြူနစ်ပါတီ (ဗမာပြည်)

(၁၀ း၃း၄၆)

ထိုစာကိုချက်ခြင်းပင် ကိုဗဟိန်းတို့ထံသို့ ပို့လိုက်ပါသည်။

နောက်တစ်နေ့(၁၃း၃း၄၆) နံနက်တွင် ပြည်သူ့အာဏာသတင်းစာ၌ "ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုးတို့ထွက် ကြခြင်း" သတင်းပါလာပါသည်။

ယင်းသတင်းကို သတင်းစာမျက်နှာဖုံးတွင် ၁၄ပွိုင့်စာလုံးဖြင့် မျက်နှာပြည့်ပါလာခြင်း ဖြစ်ပါသည်။ ယင်းသတင်း ကို အကျဉ်းချုပ်လိုက်ပါက....

ဗဟိုကော်မီတီအစည်းအဝေးကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ရက်ဆက် တစ်နေ့ ၈ နာရီ ထိုင်ပြီး ၁) ပြီးခဲ့သော လုပ်ငန်းစဉ်များနှင့် လုပ်ရပ်များကို ပြန်လည်သုံးသပ်ခြင်း ၂) ရှေ့လုပ်ငန်းစဉ် များကို အပြန်အလှန်ဆွေးနွေး ဆုံးဖြတ်ကြခြင်းတွင် ဗဟိုကော်မီတီအတွင်း သဘောတူညီညွတ်မှု ရှိခဲ့သော်လည်း ဗဟို ကော်မီတီအသစ်နှင့် ပေါလစ်ဗျူရိုရွေးချယ်ရာတွင် သခင်စိုးခေါင်းဆောင်သော ဗဟိုကော်မီတီ ၈ ဦး (အနည်းစု) သည်။ ဗဟိုကော်မီတီအများစု (၂၀) ဦး၏ ဆုံးဖြတ်ချက်ကို မနာခံဘဲ၊ ပါတီတွင်းညီညွတ်မှု ပျက်ပြားအောင်ပြုလုပ်ခဲ့ကြပါသည်။ ဗဟိုကော်မီတီအများစုက သတ်မှတ် ဖွဲ့စည်းပေးသော ဖွဲ့စည်းပုံကို သခင်စိုးတို့ လူစုကလက်မခံဘဲ (၁) သခင်စိုး (၂) သခင်တင်မြ (၃) ကိုထွန်းသန်း (၄) ကိုထွန်းရင် (၅) ကိုထွန်းစိန် (၆) မစောမြ (၇) ကိုသက်တင် (၈) ကိုထွန်းလှတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်သွားကြလေပြီ။

ပါတီမှထွက်သွားသော သခင်စိုး၊ သခင်တင်မြနှင့် ကိုထွန်းစိန်တို့ နေရာတွင် သခင်ဗဟိန်း (ပေါလစ်ဗျူရို သဘာပတိ) (အစည်းအဝေးမတိုင်မီ ကျန်းမာရေးကြောင့်၊ ဗဟိုကော်မီတီမှ နုတ်ထွက်ထားသူ) ကိုကျော်ရင်နှင့် သခင်ဇင် (သူတို့လည်း အစည်းအဝေးအတွင်း၊ စိတ်ပျက်ပြီး ပါတီမှနုတ်ထွက်ခဲ့သူများဖြစ်သည်၊ စာရေးသူ–) တို့အား ထပ်မံရွေးကောက်လိုက် လေသည်။

လာရောက်သော ဗဟိုကော်မီတီ လူကြီးနှင့် ဗဟိုကော်မီတီ စည်းရုံးရေးမှူးပေါင်း ၂၇ ဦး (သခင်ဗဟိန်းပါ ၂၈ ဦး) အနက် အောက်ပါတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီကို ဆက်လက်ခေါင်းဆောင်သွားလိမ့်မည် ဖြစ်ပေသည်။ ။

(၁) ကိုသိန်းဖေ (၂) သခင်သန်းထွန်း (၃) သခင်ဗဟိန်း (၄) သခင်ဗသိန်းတင် (ထားဝယ်) (၅) သခင်သန်းဖေ (တောင်ငူ) (၆) ကိုဌေး (မန္တလေး) (၇) ကိုအောင်သူ (သံမဏိကိုမောင်မောင်) (၈) ကိုလှိုင် (စစ်ကိုင်း) (၉) ကိုလှသောင်း (၁၀) ကိုအုန်းမောင် (လေထီး) (၁၁) သခင်တင်ထွန်း (ပျဉ်းမနား) (၁၂) သခင်တင်ရွှေ (ကျောက်ဆည်) (သခင်တင်ရွှေမှာ ဗဟိုကော်မီတီဝင်ဟောင်း မဟုတ်ပါ။ ပါတီကွဲတော့မည်ဟု သတင်းကြားသဖြင့် ရန်ကုန်ရောက်လာသူ ဖြစ်သည်။ မိန်းမ ကိစ္စအကျင့်ပျက်မှုကြောင့် သခင်စိုးကို အလွန်မုန်းသလောက် ကိုသိန်းဖေ ကိုကြည်ညိုသူဖြစ်သည်။ စာရေးသူ) (၁၃) ကိုထွန်း (သာယာဝတီ) (၁၄) ကိုသိန်းတန် (နောင် တပ်နီဗိုလ်ချုပ်) (၁၅) သခင်သန်းမြိုင် (၁၆) ကိုမြင့်ဆွေ၊ အလုပ်သမားသမဂ္ဂ (၁၇) ဦးကျော်ငြိမ်း (အာအီးတီ) အလုပ်သမားသမဂ္ဂ။ မူလဗဟိုကော်မီတီတွင် ပါဝင်ခဲ့သူ မဟုတ်ပါ။ (၁၈) မောင်မောင်စိန် (ဖြူး) လူနည်းစုစည်းရုံးရေး။ (ဒုတိယအကြိမ်ပါတီညီလာခံတွင် ထိုစည်းရုံးရေးကော်မီတီအဖြစ် အရွေးခံရပြီးနောက် နုတ်ထွက်၍ ဖြူးတွင်ပါတီ တာဝန် ထမ်းဆောင်နေသူ (၁၉) သခင်ဇင် (ပဲခူး) နှင့် (၂၀) သခင်မြသွင် တောင်သူလယ်သမားသမဂ္ဂတို့ ဖြစ်ကြသည်။ –ဟု သတင်းတွင် ဖော်ပြထားလေသည်။

ကျွန်တော်တို့ ပါတီသစ်ထူထောင်ရခြင်း အကြောင်း၊ သတင်းထုတ်ပြန်ချက်မှာ တစ်နေ့နောက်ကျသွားပါသည်။ အထက်ပါ သူတို့ထုတ်ပြန်သော သတင်း(၁၃ း၃း၄၆) နေ့တွင် ကွန်မြူနစ်နေ့စဉ် သတင်းစာနှင့် အခြားသတင်းစာများတွင် ဖော်ပြပါရှိသည့် နေ့တွင်မှ စမ်းချောင်းအမှတ် ၁၁–မင်္ဂလာလမ်းမှ ပါတီဌာနချုပ်ဆိုင်းဘုတ်ပင် မတင်ရသေးသော သခင်သန်းအိမ် အပေါ်ထပ်သို့ သတင်းစာအသီးသီးကို ဖိတ်ခေါ်၍ ပါတီသစ်၏ အတွေ့တွေ့အတွင်းရေးမှူး သခင်စိုးက ပါတီသစ်ထူထောင်ကြောင်း ကြေညာချက် ကိုရှင်းပြခြင်း ဖြစ်ပါသည်။

နောက်နေ့ ၁၄း၃း၄၆ နေ့ နံနက်သတင်းစာများတွင်မှ ကျွန်တော်တို့ပါတီ၏ပါတီ ဘာကြောင့်ကွဲရကြောင်း ရှင်းတမ်း ပါလာပါသည်။

ယင်းရှင်းတမ်းနှင့်အတူ သတင်းစာရှင်းလင်းပွဲတွင် သခင်စိုးပြောကြားသည့် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့အပေါ် ပုဂ္ဂိုလ်ရေး စွပ်စွဲမှုများလည်း ပါလာပါသည်။

## အပြန်အလှန် သိက္ခာချကြခြင်း

ပါတီကွဲသည်ကို မလိုလားကြသော သတင်းစာများက ကွန်မြူနစ်ပါတီအကွဲသတင်းနှင့် ပတ်သက်၍ ထိန်းထိန်း သိမ်းသိမ်း ရေးသားခဲ့ကြသော်လည်း မူလကပင် ကွန်မြူနစ်ပါတီနှင့် ခေါင်းဆောင်များကို တစ်ဖက်သတ်ဆန့်ကျင်မုန်းတီး နေသော "ဗမာ့ခေတ်" "ဟံသာဝတီ" "သူရိယ" စသော သတင်းစာများကမူ တစ်ဆိပ်ကိုတစ်အိတ်လုပ်ပြီး သူတို့၏အမုန်းတရားများကို ရောင်တော်ပြန်နှင့်ရော လွှတ်ကြလေတော့သည်။

မည်သို့ပင်ဆိုစေ၊ ကွန်မြူနစ်ပါတီအကွဲတွင် အုပ်စုနှစ်ခုလုံးက တစ်ဖက်နှင့်တစ်ဖက်ပါတီကွဲခြင်းအတွက် အပြစ်ပုံချ ကြရာတွင် အပြန်အလှန်စွပ်စွဲချက်များမှာ ကိုယ့်ပေါင်ကိုလှန်ထောင်းသကဲ့သို့ လူပုံအလည်တွင် ကိုယ့်အထုတ်စုတ်ကို ဖြေပြသကဲ့သို့ ဖြစ်နေသဖြင့် ကွန်မြူနစ်ပါတီနှင့် ခေါင်းဆောင်များ၏ ဂုဏ်သိက္ခာမှာ တစ်ပြားသားမျှ မကျန်တော့အောင် ဖြစ်သွားပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီအဖို့ ကိုယ်ပိုင်သတင်းစာရှိသော်လည်း ပါတီအကွဲဖာတ်လမ်းနှင့် ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်းရေးသားခဲ့သည်ကို တွေ့ရသည်။ ကိုယ်ပိုင်သတင်းစာမရှိသေးသော ကျွန်တော်တို့ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကမူ ဇက်ကြိုးကုန်လွှတ်ထားသော ဂိုဏ်းဂဏစိတ်ဖြင့် နိုင်ငံရေး စည်းရုံးရေးမဟုတ်တော့ဘဲ ပုဂ္ဂိုလ်ရေးအားဖြင့် ရင့်ရင့် သီးသီး ဆွပ်စွဲပုတ်ခတ်မှုများမှာ တစ်နေ့ထက်တစ်နေ့ ဆိုးသထက်ဆိုးလာပါသည်။

နေ့စဉ်သတင်းစာများတွင် ပါလာသော အောက်ပါသတင်းများကို ကြည့်ပါ။

**"သတင်းစာဆရာများသို့ ဖွင့်ချခြင်း"**

သခင်စိုး၏ ကွန်မြူနစ်ပါတီသည် ယမန်နေ့က သတင်းစာဆရာများအား ဖိတ်ကြားပြီး ဂိုဏ်းခွဲရခြင်း အကြောင်းရင်းကိုရှင်းလင်းပြ၏။ သခင်စိုး၏ ပြောပြချက်များမှ ကောက်နုတ်ချက်များမှာ တက်ဘုန်းကြီးသိန်းဖေနှင့် သခင်သန်းထွန်း တို့မှာ အချောင်သမားများဖြစ်ကြောင်း။

**"အစိုးရနှင့် ဆက်ဆံရေး"**

"တက်ဘုန်းကြီး သိန်းဖေသည်၊ သခင်စိုးရေးသော "တော်လှန်ရေးတပ်ဦး" ခေါ် စာတမ်းကို ပုလိပ်လက်သို့အပ်ခဲ့ ကြောင်း၊ အိန္ဒိယမှနေပြီး ဗမာပြည်ဘုရင်ခံ ဒေါမန်စမစ်ကို စာရေး၍ ချီးကျူးခဲ့ကြောင်း။ ဖ.ဆ.ပ.လ ရာထူးယူရန် မဆုံး ဖြတ်ကြမီက ဦးဘဖေကိုလည်း တစ်နေရာပေးရန်အတွက် အိန္ဒိယမှနေ၍ တိုက်တွန်းခဲ့သူ ဖြစ်ကြောင်း၊ ဦးဘိုးဖြော့ (ဥပဒေ ပြုအမတ်) ကိုလည်း ပစ္စည်းဝေငှရေးအဖွဲ့တွင် လူကြီးတစ်ဦးခန့်ရန် စာဖြင့်အကြောင်းကြားခဲ့ကြောင်း

**"စတင်ကွဲလွဲပုံ"**

အလုပ်သမားအောင်ပွဲ (မေဒေးနေ့) (၁း၅း၄၀ ခုနှစ် ရန်ကုန်တွင် ပထမဆုံးအကြိမ် ကျင်းပသောနေ့ကို ဆိုလိုဟန်တူ ပါသည်။ စာရေးသူ) ကျင်းပစဉ်က ကွန်မြူနစ်အမှုဆောင်ကြီးများက ရှေ့မှတက်ရန်အတွက် သခင်စိုးကပြောသည့်အချိန်တွင် တက်ဘုန်းကြီး သိန်းဖေက ကန့်ကွက်ယောင်ယောင် စကားပြောသေးသည်ဆို၏။ သခင်စိုးက "ကျုပ်တို့ဟာ ရှေ့ဆောင်တပ်ဦးမှ ရဲဘော်များ ဖြစ်ကြောင်း နောက်လိုက်ရဲဘော်များ မဟုတ်ကြောင်း အကယ်၍ ဘေးဥပဒ်တစ်စုံတစ်ရာကြုံတွေ့လျှင် ကျုပ်တို့ကအရင် တိုက်ရမည် ဟုပြောမှ တက်ဘုန်းကြီးသိန်းဖေက အလျှော့ပေးခဲ့ကြောင်း။

**"တစ်မူးသားပိုရှသည်ဆိုခြင်း"**

ပါတီအတွင်းမှာလည်း အဆင့်အတန်းခွဲခြားပြီး တက်ဘုန်းကြီးတို့က အစစအရာရာ သူများထက် တစ်မူးသားပိုရှနေကြောင်း၊ ဥပမာ သူ့ဇီဒိုကို ဖွင့်ကြည့်လျှင် အဝတ်တွေ တစ်ပုံကြီးတွေ့ရမည်ဖြစ်၍ ရဲဘော်များမှာကား တစ်ထည်နှစ်ထည်မျှသာ ရှိကြောင်း။

**"ဝန်ကြီးမဖြစ်မီကပင်"**

ဖ.ဆ.ပ.လ ရာထူးယူမည်ဟု ဆုံးဖြတ်ပြီး တက်ဘုန်းကြီးမှာ ဝန်ကြီးဖြစ်လာတော့မည်ကဲ့သို့ရှိလာသည့်အခါ ၎င်းအတွက် အိမ်ကြီးတစ်လုံးနှင့် မော်တော်ကားကြီးတစ်စီးကို ပါတီမှဝယ်ပေးရမည်ဟု တောင်းဆိုခဲ့ကြောင်း။

**"အလုပ်သမားသမဂ္ဂငွေထိန်း"**

အလုပ်သမားသမဂ္ဂတွင် ဒေါ်ခင်ခင်ကြီး (အမျှောင်စနစ်မကြိုက်သူ) အိုင်စီအက်(စ်) ဦးရွှေဘော်၏ ဇနီးဟောင်း) အား၊ ငွေ ထိန်းအဖြစ် ခန့်ထားရန် တက်ဘုန်းကြီးသိန်းဖေက အဆိုတင်သွင်းခဲ့သေးကြောင်း ။

**"အိန္ဒိယတွင် သံပုံးတီးခံခဲ့ရပုံ"**

တက်ဘုန်းကြီးသိန်းဖေသည် ကုလားစာရန်ပွဲများကို ထောက်ခံသူဖြစ်ခဲ့ပြီး ယခုလည်း ကုလားဗမာသွေးခွဲရေးကို ပြုလုပ် လျက်ရှိကြောင်း၊ ထိုသို့သွေးခွဲမှုကြောင့် တက်ဘုန်းကြီး သိန်းဖေမှာ အိန္ဒိယတွင် နေစဉ်အခါက သံပုံးအတီးခံခဲ့ရပြီး ကြောင်အော် သလို "ညောင်-ညောင်" နှင့် လျောင်ပြောင်ပြီး အအော်ခံရသေးကြောင်း။

**"လခ ၇၅၀ နှင့် ဟော်နန်းကြီး"**

တက်ဘုန်းကြီးမှာ အိန္ဒိယနေစဉ်က ဗြိတိသျှထံက တစ်လလျှင် ၇၅၀ ကျပ်လစာနှင့် ဟော်နန်းကြီးတစ်ခုရနေသည်ကို အဟုတ် ကြီးထင်ပြီး၊ အင်္ဂလိပ်နယ်ချဲ့စနစ်ကို ထောက်ခံခဲ့သူဖြစ်ကြောင်း၊ ဆာ ပေါ်ထွန်း (ဘုရင်ခံအမှုဆောင် ကောင်စီ၏ ဝန်ကြီးချုပ်) ဒေါ်မြဖိန် (လွှတ်တော်အဖတ်ဟောင်းနှင့် အမျိုးသမီးခေါင်းဆောင်ဟောင်း) တို့နှင့်လည်း ပူးပေါင်းကာ အိန္ဒိယ၌ အလုပ်လုပ် ခဲ့သူဖြစ်ကြောင်း။

### "တပ်မတော်နှင့် ဦးအောင်ဆန်း"

ဗမာ့တပ်မတော်ကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်း အိုးစားကွဲပြီး ဗမာ့တပ်မတော်ကြီး အင်္ဂလိပ်လက်အောက် ပြားပြားဝပ်ရောက်ဖို့ အင်္ဂလိပ်ကလိုလားကြောင်းကို တက်ဘုန်းကြီးသိန်းဖေ၊ သို့လျှက်နဲ့ ဗဟိုကော်မီတီကို မပြောပြပဲ အင်္ဂလိပ်အလိုကျ ဖြစ်အောင်သန်းထွန်းနဲ့ပေါင်းပြီး လုပ်ခဲ့ကြောင်း။

### "အချက်(၁၈)ချက်နဲ့ သန်းထွန်း"

ကွန်မြူနစ်ပါတီအဲ့တွက် ဗဟိုကော်မီတီရွေးမည် ပြုသည့်အခါက သခင်စိုးကအချက်ပေါင်း (၁၆)ချက်ကိုတင်ပြပြီး ထိုအချက်များနှင့် ကိုက်ညီမှကော်မီတီသို့ ပါရမည်ဟု တင်ခဲ့ရာ သခင်သန်းထွန်းက ထိုအချက်(၁၆)ချက်အနက် ၎င်းနှင့်တစ်ချက်မျှမကိုက်သဖြင့် ကန့်ကွက်ခဲ့ကြောင်း။

### "မဟုတ်တာတွေ လုပ်သူနှင့်မပေါင်းလို"

သခင်စိုးက၎င်းသည်၊ ဘာမျှနားမလည်သော လူ့သူညတို့နှင့် ပေါင်းလိုသေးကြောင်း၊ တက်ဘုန်းကြီးတို့လို မဟုတ်တာတွေ အကုန်လုပ်တဲ့ လူ့အနုတ်လက္ခဏာတွေနှင့် မပေါင်းနိုင်ကြောင်း။

### " တို့ဗမာအစည်းအရုံးကိုခွဲခဲ့သူ"

သခင်သန်းထွန်းမှာ တို့ဗမာအစည်းအရုံးကြီးကို ခွဲခဲ့သူဖြစ်ကြောင်း၊ ၎င်း၏အကျင့်မှာ ပါတီဂိုဏ်းကွဲအောင်လုပ်ပြီးမှ ထိပ်နေရာကို တက်လေ့ရှိကြောင်း ယခုလည်းသည်အတိုင်းပင် တက်နေကြောင်း။

### "ဂျပန်နှင့်ပေါင်း၍ ဟန်မကျသောအခါ"

သခင်သန်းထွန်းမှာ ဂျပန်နှင့်ပေါင်းပြီး ဝန်ကြီးလုပ် နေရာမကျတော့မှ ကွန်မြူနစ်ထဲ ဝင်လာသူဖြစ်ကြောင်း၊ သခင်သန်းထွန်းသည်ဂျပန်နှင့်ပေါင်းသူများအတွက် ဗြိတိသျှအစိုးရက ချမ်းသာခွင့်ပေးရေးကို ၁၉၄၂ ခုနှစ်ကစပြီး ကြိုးပမ်းခဲ့ရကြောင်း ဒါကတော့ သူလည်းပါဝင်နေလို့ပါ၊ ထိုအခါက ကွန်မြူနစ်ပါတီမှာ တော်လှန်ရေးကို လုပ်နေပြီဖြစ်ရာ သခင်သန်းထွန်းက ဦးဘလွင် (မြို့မကျောင်း) ကိုအိန္ဒိယသို့လွှတ်ပြီး ဂျပန်နှင့်ပေါင်းသူများအတွက် ဆောင်ရွက်စေလျှင် အဘယ်သို့ရှိမည်နည်းဟု သခင်စိုးထံမေးရာ သခင်စိုးက ဗြိတိသျှတို့ကို ဒီလိုအောက်ကျနောက်ကျ သွား၍စေ့စပ်လျှင် မဖြစ်နိုင်ကြောင်း၊ တော်လှန်ရေးကို လုပ်ပြသောအခါ သူတို့က အလိုလိုရှိသေလာမည် ဖြစ်ကြောင်း စာပြန်ခဲ့ရကြောင်း။ ထိုအခါက သခင်သန်းထွန်းမှာ တော်လှန်ရေးမှာ မပါဝင်သေး ကြောင်း၊ ၁၉၄၄ ခုနှစ်ဧပြီလရောက်မှ ဂျပန်ရှုံးမှာ သေချာပေါက်သိပြီးနောက်မှ ကွန်မြူနစ်ပါတီတွင်ဝင်၍ တော်လှန်ခဲ့သူဖြစ်ကြောင်း (သခင်စိုးသည် လိုတစ်မျိုးမလိုတစ်မျိုး ပြောသူဖြစ်ပါသည်။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်ဩဂုတ်လလောက်တွင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးသခင်သန်းထွန်းသည် နယ်လှည့်သည်ဟု အကြောင်းပြု၍ ဝန်ကြီးဦးလှမင်း (ဒေါက်တာဘမော်အဖွဲ့မှ) နှင့်အတူ ဂျပန်အကြံပေးအရာရှိ ခတ်နံနံတစ်ယောက်ကိုပါခေါ်၍ ဖျာပုံသို့ အစိုးရမော်တော်နှင့် သွားကြသည်။ ဖျာပုံမြို့ပေါ်တွင် ပုန်းအောင်း၍ ဖက်ဆစ်ဂျပန်ဆန့်ကျင် စည်းရုံးရေးလုပ်နေသော သခင်စိုးနှင့် ဆွေးနွေးတိုင်ပင်ရန်ဖြစ်သည်။

ဖျာပုံရောက်သောအခါ အတူပါလာသော ဦးလှမင်းနှင့် ဂျပန်အကြံပေးအရာရှိတို့ကို အရက်တိုက်ဧည့်ခံထားစေပြီး သခင်[သန်းထွန်း]သည် ထိုဧဉ်က ဖျာပုံမြေအောက်စည်းရုံးရေးကို ဆောင်ရွက်နေကြသော တို့ဗမာဆင်းရဲသား အစည်းအရုံးခေါင်းဆောင် ကိုအုန်း မောင်နှင့် အာရှလူငယ်ခေါင်းဆောင် ကိုလှသောင်းတို့၏ အစီအစဉ်ဖြင့် သခင်စိုးနှင့် တိတ်တခိုးတွေ့ဆုံကြသည်။ ဆွေးနွေးအပြီး သခင်စိုးက သခင်သန်းထွန်းကို စိုးရိမ်စိတ်ဖြင့် ဤသို့သတိပေးခဲ့ကြောင်း၊ ကိုအုန်းမောင်က စာရေးသူကို ပြောပြဖူးပါသည်။

"သခင်သန်းထွန်း ခင်ဗျား သိပ်သတိထားဖို့လိုမယ်။ ကျွန်တော်က ရန်သူကို ကတုတ်ကျင်းထဲက တိုက်နေရတဲ့သူဖြစ်လို့ အန္တရာယ်ရှိပေမဲ့၊ သေကွင်းနဲ့မနီးဘူး၊ ခင်ဗျားက လိုအပ်တဲ့အတွက် ကတုတ်ကျင်းအပေါ်မှာရပ်ပြီး ရန်သူကိုတိုက်နေရသူဖြစ်လို့ သတိလစ်တာနဲ့ ရန်သူ့အဖမ်းအသတ်ခံသွားရမယ်။ ခင်ဗျားအတွက် ကျွန်တော်စိတ်ပူရတယ်ဗျာ" ဟု ပြောခဲ့ကြောင်း "ဒီစကားကြားရတော့ တို့ခေါင်းဆောင်တွေ အချင်းချင်းသံယောဇဉ် ကြီးကြပါကလားလို့ စိတ်ထဲကြည်နူးခဲ့ရတယ်" ဟု ကိုအုံးမောင်က ဂျပန်ခေတ်တွင်ပြောဖူးပါသည်။

### "ရွှေခွက်တစ်ဆယ်သား"

သို့သော် တော်လှန်စဉ်ကလည်း (တော်လှန်ရေးမစသေးပါ။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာဖြစ်ပါသည်။ သတင်းစာဆရာက အချိန်ကာလမှားရေးခြင်း ဖြစ်ပါမည်) ကဝက်ကင်း (ကျိုက်ထော်နှင့် မအူပင်အကြား) သခင်စိုးပုန်းအောင်းရာ ဌာနသို့လာပြီး သခင်သန်းထွန်းက ၎င်းထံတွင် ရွှေခွက်တစ်ဆယ် (ဆယ်ပိဿာ) ရှိကြောင်း၊ တော်လှန်ရေးအတွက် သုံးရန်ပေးအပ်မည် ဖြစ်ကြောင်း ပြောပြရာ

သခင်စိုးက တောင်းသောအခါတွင် တစ်ပိဿာရကြောင်း ထိုတစ်ပိဿာတွင်လည်း ကြေးကနစ်ဆယ်သားပါနေကြောင်း ဤထိအောင် သခင်သန်းထွန်းမှာ ကလိန်ကျသူဖြစ်ကြောင်း။

(ဤရွှေရုံပုံငွေအကြောင်းကို စာရေးသူ အတော်အတန် သိခဲ့ပါသည်။ ဘီ-အိုင်-အေ-ခေတ်တွင် အောက်ဗမာပြည်၊ ရန်ကုန် စစ်ရုံးကို ဂျပန်ပြန်ဗိုလ်ကျော်ဇော အုပ်ချုပ်ပြီး ဘဏ္ဍာရေးမှူးမှာ သခင်အောင်ကြီး (ကျပ်အောင်ကြီး ရန်ကုန်စီရင်စု) ဖြစ်ပါသည်။ အောက်ဗမာပြည်မြို့နယ် ခရိုင်အသီးသီးမှ ဘီ-အိုင်-အေ တပ်များက ဓားပြများကို နှိမ်နင်းသုတ်သင်ရာတွင် ယင်းဓားပြများထံမှ သိမ်းယူရရှိခဲ့သော တိုက်ရာပါ ပစ္စည်းရွှေငွေများကို ရန်ကုန်ဌာနချုပ်သို့ ပို့ရပါသည်။

မန္တလေးခရိုင်စစ်ဌာနချုပ် ဂျပန်ပြန်ဗိုလ်လင်းယုံတို့တွင် ဤသို့ပင် တိုက်ရာပါ ရွှေငွေပစ္စည်းများ ရရှိခဲ့ပါသည်။ အမရပူရ မြို့တွင် ရုံးစိုက်ထားသည့် ဂျပန်ပြန်ဗိုလ်မှူးကြီးလကျာ၏ ဗဟိုစစ်ဦးစီးချုပ်ရုံးတွင်လည်း နယ်အသီးသီးမှ ပေးပို့သော ဓားပြများ၏ တိုက်ရာပါ ရွှေငွေများ ရှိခဲ့ပါသည်။

ဘီ-အိုင်-အေ တပ်ဖျက်သိမ်းပြီး ဘီ-ဒီ-အေ တပ်ဖွဲ့သောအခါ ရန်ကုန်တွင် ဤရွှေများကို စုပေါင်း၍ တော်လှန်ရေး ရုံပုံငွေ အဖြစ် သခင်သန်းထွန်းအား ခေါင်းဆောင်များ သဘောတူညီချက်နှင့် အပ်နှံထားခြင်း ဖြစ်သည်။ ရွှေစစ်-ငွေစစ် ဖြစ်မဖြစ် ဘယ် ခေါင်းဆောင်မှ မခွဲခြားတတ်ကြပါ။ ဖြူဖြူဆိုပါက-ငွေ၊ ဝါဝါဆိုပါက-ရွှေ၊ ဟူသာ ထင်မှတ်ကြသူများ ဖြစ်ပါသည်။ ရွှေအစစ်လား၊ ခနေဖြူ ဦးဖိုးချမ်း (ရွှေရည်စိမ်) လားမသိသူများသာ ဖြစ်ပါသည်။ ဤရုံပုံငွေကြောင့် သခင်သန်းထွန်းသည် အတော်စိတ်ညစ်ခဲ့ရ သည်။ နာမည်လည်း ပျက်ခဲ့သည်။

တပ်မတော်၏ မြေအောက်လှုပ်ရှားမှု ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံ ပါတီတို့၏ မြေအောက်လှုပ်ရှားမှုများအတွက် ဗိုလ်ချုပ်အောင်ဆန်း ဗိုလ်လကျာ၊ သခင်သန်းထွန်းတို့ သုံးဦးက ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ ပြည်သူ့အရေးတော်ပုံပါတီနှင့် တပ်မတော်တို့က သူတို့အဖို့အရနည်းပြီး ရုံပုံငွေထိမ်းသူ သခင်သန်းထွန်းက သူ့ပါတီကို တိတ်တိတ်ကြိတ်ပြီး သာသာထိုးထိုးပေးနေ သည်ဟု အထင်ခံရ အပြောအဆိုခံရပါသည်။ ဤသို့ခံရပါများလာသောအခါ သခင်သန်းထွန်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လကျာအား "ကျုပ်တော့ ဒီရွှေတွေ မထိန်းချင်တော့ဘူး၊ ခင်ဗျားတို့ တစ်လှည့်ကိုင်ကြပါဦး"ဟု စိတ်ညစ်ညစ်နဲ့ပြောခဲ့ရာ။ "သူတို့ပြောတာတွေ ဂရုစိုက်မနေနဲ့ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ဘဲ။ ခင်ဗျားကို ကျုပ်တို့ယုံတယ်၊ ခင်ဗျား ပဲ ကိုင်လက်စနဲ့ ဆက်ကိုင်ထားပါ" ဟု ပြန်ငြင်းလိုက်သဖြင့် သူပင်ဆက်ကိုင်ထားရကြောင်း သခင်သန်းထွန်းက စာရေးသူကို ၁၉၄၄ ခုနှစ်ကုန် လောက်က ပြောဖူးပါသည်။

ပါတီကွဲသောအခါတွင်ကား ဂျပန်ခေတ်က သခင်သန်းထွန်း၏ စိုးရိမ်စိတ်ဖြင့် ချီးကျူးခဲ့သော သခင်စိုးသည် သူ့ပြောစကားကို မေ့လေပြီ၊ မလိုတမာပြောခဲ့လေပြီ။ ကျွန်တော်တို့တစ်စုကလည်း သခင်စိုးနောက် မျက်စေ့မှိတ်လိုက်ပြီး သခင်စိုးက ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့အပေါ်တွင် မဟုတ်မတရား ပုဂ္ဂိုလ်အရ ပုတ်ခတ်စွပ်စွဲချက်များကို တားဆီးရကောင်း မှန်းမသိ၊ မီးလောင်လေပင့် ပေးခဲ့လေသည်။

"ပြည်သူ့ရုံးတော်"

သခင်စိုးသည် ကိုသိန်းဖေနှင့် သခင်သန်းတို့အပေါ်တွင် စွတ်စွဲချက်အမျိုးမျိုးဖြင့်၊ အချောင်သမား၊ ဂိုဏ်းခွဲသူများ၊ တော်လှန် ရေးသစ္စာဖောက်များဟု သတင်းစာ ကွန်ဖရင့်တွင် ပြောကြားရုံဖြင့် အားမရသေးဘဲ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သော ရှင်းလင်းချက်များကို အခြေခံ၍ ထပ်မံချဲ့ထွင်ရေးသားကာ "ပြည်သူ့ရုံးတော်"ဟူသော စာစောင်ကို အမြန်ဆုံးရိုက်နှိပ်၍ တစ်ပြည် လုံးသို့ ဖြန့်ချိလိုက်ပါသည်။

"သခင်စိုးခေါင်းဆောင်သော မိမိတို့အစုက တော်လှန်ရေးသမား၊အမှန်ဘက်ကနေသူများ၊ ကိုသိန်းဖေနှင့် သခင်ထွန်းတို့က အရှုံးပေးသမား- အမှားဘက်ကနေသူများ ဖြစ်ကြောင်း အမျိုးမျိုးအဖုံဖုံ ကလောင်ထက်ထက်နှင့် ပက်ပက်စက်စက်ရေးသားပြီး ကလိမ်ခြံသိန်းဖေနှင့် မုံလာဥ သိန်းထွန်းဟု အမည်တတ်ထားပါသည်။

သခင်စိုးသည် အဘယ်မျှ အလွန်အကျွန် လုပ်သနည်းဆိုသော် ကျွန်တော်နှင့် ကိုသက်တင်တို့က မလုပ်သင့်ကြောင်း၊ တောင်းပန် သော်လည်းမရသော လုပ်ရပ်ကို အောက်ခြေရဲဘော်များအား ပြုလုပ်ခိုင်းခဲ့ပါသည်။

"ပြည်သူ့ရုံးတော်" စာစောင်ကို မောင်ကြည်ဆိုသူ ရဲဘော်အား ခေါင်းဆောင်စေပြီး အခြားရဲဘော်တစ်ယောက်နှင့် ရဲမေ တစ်ယောက်တို့ ပါဝင်သည့် စာစောင်ရောင်းအဖွဲ့ကို စမ်းချောင်းရပ်၊ စမ်းရေတွင်းလမ်း၊ သခင်သန်းထွန်းအိမ်ရှေ့နှင့် ကိုသိန်းဖေ၊ နေထိုင်ရာ ပါတီဌာနချုပ်ရှေ့သို့ သွားရောက်ကာ အော်လံဖြင့် "ကလိန်ခြံသိန်းဖေနှင့် မုန်လာဥ သန်းထွန်းတို့အကြောင်း သိချင်သလား၊ သိချင်ရင် ပြည်သူ့ရုံးတော်ကိုဖတ်" ဟု အော်ဟစ်စေခြင်း ဖြစ်ပါသည်။

ပါတီကွဲပြီး (၁၀)ရက်ခန့်ကြာသောအခါ အလုပ်သမားသမဂ္ဂနှင့် တောင်သူလယ်သမားတို့ စင်ပြိုင်ထောင်ရေးတွင် သခင်စိုးနှင့် ကျွန်တော် သဘောထား စတင်ကွဲကြပါသည်။

ကျွန်တော်က သခင်စိုး ကျွန်တော်တို့ကို နိုင်ငံရေးသင်တန်းပေးစဉ်က လက်စွဲပြုခဲ့သော ဆိုဗီယက်ယူနီယန် ကွယ်လွန်သူ ခေါင်းဆောင်ကြီး လီနင်ရေးသားခဲ့သည့် "လက်ဝဲဂိုဏ်း ကွန်မြူနစ်ဝါဒ" စာအုပ်တွင် အထူးအလေးထား သတိပေးခဲ့သည့် အဆို အမိန့်ကို ကိုးကားပါသည်။

"အချောင်သမား ဆိုရှယ်ဒီမိုကရက်များ လွှမ်းမိုးထားသည့် အလုပ်သမားသမဂ္ဂများပွင်၊ ကွန်မြူနစ်တပ်သားကောင်းများသည် သူမတူသော သည်းခံစိတ်၊ လိမ်မာပါးနပ်သော စည်းရုံးရေးအရည်အချင်းတို့ဖြင့်၊ ပါဝင်ဆောင်ရွက်ကြရမည်။ အချောင်သမားများနှင့် ကွဲအက်ရမည်။ ခွဲထွက်ရမည်ဟူ၍ မကြွေးကြော်ရ။ "ဖောက်ပြန်သော အလုပ်သမားသမဂ္ဂများ" ဟူ၍ တံဆိပ်တပ်ပြီး ဤသမဂ္ဂများတွင် "ခွေးသေ ဝက်သေ,သေနေရစ်လေတော့" ဟု အော်ဟစ်ပြီး အလုပ်သမားထုကို စွန့်ပစ်ထားခဲ့ရာကျပေမည်။

သူရှက်ဆိုခဲ့သော အထက်ပါ လီနင်၏ အဆိုအမိန့်များကို "ခင်ဗျားတို့ အခြေအနေခြင်း မတူတဲ့နေရာမှာ ကျင့်သုံးဖို့ ကျိုးစားခြင်းဖြစ်တယ်။ မမှန်၊ ကျုပ်ပြောတဲ့အတိုင်း သမဂ္ဂတွေခွဲထောင်ရမယ်" ဟု မာက်(စ်) အိန်ဂျဲလ် ကျမ်းကိုး၊ ကျမ်းကားများပြ၍ ကျွန်တော်တို့ ပြန်မလှန်နိုင်အောင် စာအုပ်ကြီးဖြင့် ဖိခဲ့ပါသည်။ သူ့အပြောအဟောကို မှိုင်းမိနေသူ ဗဟိုကော်မတီများ၏ မဲအများစုဖြင့်၊ ကျွန်တော် သဘောထားကို ပယ်ချ၍ အလံနီ အလုပ်သမားသမဂ္ဂနှင့် အလံနီတောင်သူလယ်သမား သမဂ္ဂတို့ကို စင်ပြိုင်ထူထောင်လိုက်ပါသည်။

အလံနီအလုပ်သမားသမဂ္ဂ၏ ဥက္ကဋ္ဌမှာ သခင်စိုး၊ အတွင်းရေးမှူးများမှာ၊ ကိုစံညွန့် (အိမ်ထောင်ရေးစည်းမျဉ်းဖြင့် ပါတီ မကွဲမီက အရေးယူခံထားရသူ) တို့ဖြစ်ပြီး -

အလံနီ တောင်သူလယ်သမား သမဂ္ဂ၏ ဥက္ကဋ္ဌမှာ မစောမြ အတွင်းရေးမှူးမှာ ကိုထွန်းသန်းဖြစ်ပါသည်။

ပါတီခွဲထူထောင်စဉ်က ပါတီအမည်မှာ သိန်းသန်းပါတီဖြစ်သော ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကွဲပြားခြားနားစေရန် "ကွန်မြူ နစ် ပါတီ (ဗမာပြည်) ဟူ၍ သတ်မှတ်ခဲ့သော်ငြား ရဲဘော်များက စာစောင်များ လှည့်လည်ရောက်ရင်း၊ "သေရဲတာ အလံနီ" "တိုက်ရဲတာ အလံနီ" ဟု ကြွေးကြော်ခဲ့ရာ အမည်ပေးရာတွင် တာ၁,၈က်ပြောက်လှသော သတင်းစာများက "အလံနီ ကွန်မြူနစ်ပါတီ" ဟုအမည်တပ်လိုက်ကြသည်။ ကျွန်တော်တို့ကလည်း ဤအမည်ကို ကင်ပွန်းမတပ်ပဲ ကြေကြေနပ်နပ် လက်ခံလိုက်ကြပါသည်။

သို့ဖြင့် ကျွန်တော်တို့က အလံနီပါတီ ဖြစ်လာသောအခါ သိန်းသန်းပါတီကိုလည်း လွယ်လွယ်နှင့် ခွဲခြားသိရှိအောင်၊ အလံဖြူကွန်မြူနစ်ပါတီဟု သခင်စိုးက နာမ်နိမ်အမည်တပ်လိုက်ပါသည်။ သို့သော် ဤအမည်မတွင်ပါ။

<u>ရဲဘော်ဂိုရှယ်ရောက်လာပြီ</u>

ပါတီကွဲပြီး တစ်လခန့်အကြာ ဧပြီလကုန်လောက်တွင် ရဲဘော်ဂိုရှယ် ရန်ကုန်သို့ ရောက်လာပါသည်။ အိန္ဒိယမှ သခင်စိုး မြန်မာပြည်သို့ ပြန်ခဲ့သည့် လမ်းကြောင်းအတိုင်း၊ စစ်တကောင်းနယ်စပ်မှ ရခိုင်ပြည်ဖြတ်၍ ရောက်လာခြင်း ဖြစ်ပါသည်။

ဧပြီလနှောင်းပိုင်း တစ်နေ့နံနက်တွင် ကျွန်တော့်တို့ရုံးသို့ ကုလားရဲဘော်တစ်ယောက် ရောက်လာပါသည်။ ထိုကုလားရဲဘော်ကို ကျွန်တော် မသိပါ။ သခင်စိုးနှင့်မှ သိကျွမ်းကြပါသည်။ ထိုရဲဘော်က ရဲဘော်ဂိုရှယ်ရောက်နေပြီဖြစ်ကြောင်း သခင်စိုးနှင့် အမြန်တွေ့လိုကြောင်း တိုးကိုးတိတ်တိတ် ပြောလေသည်။

သခင်စိုးက နေ့လည်တွင် ရဲဘော်ဂိုရှယ်နှင့် တွေ့ကြရန် သခင်သန်းအား၊ စီစဉ်ခိုင်းလိုက်ပါသည်။ နေ့လည်တစ်နာရီလောက်တွင် စမ်းချောင်းရပ်ကွက်ထဲမှ လုံခြုံစိတ်ချရသော အိမ်တစ်အိမ်တွင်၊ သခင်စိုးနှင့် ရဲဘော်ဂိုရှယ်တွေ့ကြသည်။ ကျွန်တော်လည်း သခင်စိုးနှင့် အတူပါသွားသည်။

ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ ရဲဘော်ဂိုရှယ်မှာ နှုတ်ဆက်စကားကို ပေါင် အရှည်အဝေးပြောမနေတော့ဘဲ သခင်စိုးကို စိတ်ဆိုးမာန်ဆိုးဖြင့် ကောက်ခါ ငင်ခါ အပြစ်တင်ပါတော့သည်။

"သခင်စိုး-ခင်ဗျားကို ကျွန်တော်အကြိမ်ကြိမ် သတိပေးခဲ့တယ်။ ခင်ဗျားရဲ့မခံချင်စိတ်ကို ထိမ်းပါ။ ကျွန်တော်ရောက်တဲ့အထိ စောင့်ပါ၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ဆိုတာ ခင်ဗျားဗျာ။ ကျွန်တော်လာအောင် မစောင့်ဘဲ၊ ဗဟိုကော်မတီအစည်းအဝေးခေါ်ပြီး ခင်ဗျားပါတီကိုခွဲပစ်တယ်။ ခုတော့ကောင်းရော၊ ကျွန်တော့်ကိုဘာကြောင့် ခင်ဗျား မစောင့်တာလဲ၊ ခင်ဗျား ကတိပျက်တယ်။"

"ကျွန်တော်ခင်ဗျားကို အသေအချာမှာတယ်။ သိန်းဖေနဲ့ သန်းထွန်း အပြစ်အလျှောက် ပါတီက ထွက်သွားရမယ်။ သည်းခံပါ။ အချိန်စောင့်ပါလို့ အကြိမ်ကြိမ် စိုးရိမ်လို့ခင်ဗျားကို မှာခဲ့တယ်။ ခုတော့ ခင်ဗျား ပါတီကို ခွဲပစ်တယ်။ သူတို့နှစ်ယောက် တရားခံဖြစ်ရမှာ။ ခုတော့ ခင်ဗျားတရားခံပဲ"

သခင်စိုးသည် ထိုင်ရာမှ ဝုန်းကနဲ ထလိုက်သည်။ ရဲဘော်ဂိုရှယ်ကို ဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့်ကြည့်၍ ပါးစပ်ကလည်း:-

"ဟောဂိုရှယ်တွေ့ကရာတွေ မပြောမနေနဲ့ မင်းတို့ တစ်တွေဟာ ဂျပန်မရောက်ခင် အန္တရာယ်အနံ့ရတာနဲ့ ခွေးဖင်သီသလို -နစ်မြုပ်စပြုနေတဲ့ သင်္ဘောကို ကြွက်တွေ့စွန့်ပြေးသလို ပြေးခဲ့ကြတယ်။ တို့ဟာ ဂျပန်ဖားအောက်မှာ ပါတီကိုပြန်ထောင်ပြီး ဂျပန်တွေကို တိုက်ခဲ့ရတယ်။ အသက်စွန့်ခဲ့ကြရတယ်။ မင်းတို့က ခုမှလာပြီး ပါတီကို ချစ်သလေး၊ လူထုကိုချစ်သလေးနဲ့ နတ်သံနှော မနေနဲ့ ဒီကအခြေအနေမသိဘဲ ပြောမနေနဲ့ မင်းစကားတွေ ရပ်စမ်း" ဟု ရမ်းရမ်းကားကား ထွက်သွားပါသည်။

ဂိုရှယ်ကလည်း သူ့လိုပင် ထိုင်ရာမှ ဝုန်းကနဲထပြီး သခင်စိုးနဲ့ မျက်နှာချင်းဆိုင်ကာ သခင်စိုးကို လက်သီးနှင့် ထိုးရန် ရွယ်လိုက်ပါသည်။

စောစောကပင် အခြေအနေမဟန်သဖြင့် သတိနှင့်ရှိနေသော ကျွန်တော်သည် သူတို့နှစ်ယောက်ကြား ဝင်ရပ်ခါ၊ လက်ဆန့်တန်းထားပြီး ....

"ခင်ဗျားတို့ကလည်းဗျာ လူကြီးတွေဖြစ်ပြီး အေးအေးသက်သာပြောမှပေါ့၊ ဒီလိုဒေါသနဲ့ ပြောကြတာ ဘယ်ကောင်းမလည်း၊ ကိုယ့်ကိုကိုယ်လည်း ထိမ်းကြပါဦး" ဝင်ပြောမိသည်။

သူတို့နှစ်ယောက်လုံး ကိုယ်ရှိန်သတ်ပြီး ရှက်ရှက်နဲ့ ထိုင်လိုက်ကြသည်။ စကားမပြော၊ အတန်ကြာငြိမ်နေပြီးမှာ တစ်ယောက်နှင့်တစ်ယောက် စကားဆက်ဖြစ်ကြသည်။

သခင်စိုးက "ကျုပ်ရောက်လာပြီး နှစ်လကြာမှ ဗဟိုကော်မတီ အစည်းအဝေးလုပ်တာ။ ဗဟိုကော်မတီ အစည်းအဝေးမှာ ကျုပ်တင်သွင်းမဲ့ စာတမ်းသုံးစောင်က တစ်လအတွင်းမှာ အပြီးရေးနိုင်ခဲ့တယ်။ စာတမ်းပြုစုတာ မပြီးသေးဘူး။ အစည်းအဝေး မခေါ်ပါနဲ့ဦးလို့ နှစ်ကြိမ်အကြောင်းပြ တားခဲ့ရတယ်။ အစည်းအဝေးကို ဒီထက်ရွှေ့လို့လည်း မကောင်းတော့ဘူး၊ သူတို့ရိပ်မိ သွားမှာလည်းစိုးရိမ်ရသေးတယ်။ ခင်ဗျားကလည်း ဘယ်နေ့ရောက်မယ်ဆိုတာ အကြောင်းမကြားတော့ အစည်းအဝေးကို ဘယ်ကာလအထိရွှေ့လို့ရမလဲ။ မသေချာဘူး။ ဒါတောင် အစည်းအဝေး ၂၀–ရက်နေ့ လုပ်မယ်လို့ သတ်မှတ်ထားတာကို လူစုံရောက်နေပေမဲ့ နှစ်ရက်နောက်ရွှေ့ပေးပါဦးလို့ ပြောပြီး ခင်ဗျားကို စောင့်ခဲ့သေးတယ်။ ဒီရက်ထက်လည်း ပိုမစောင့်နိုင်တော့ ဖေဖော်ဝါရီလ ၂၂–ရက်နေ့ မှာ အစည်းအဝေးစခဲ့တာပဲ"

ဂိုရှယ်က ပြန်ပြောသည်မှာ –

"ကဲ–ထားပါတော့ ပါတီကတော့ ကွဲသွားပြီ ပိုဆိုးသထက်ဆိုးသွားအောင် ဘာဖြစ်လို့ ကိုယ့်အထုတ်ပေါင်းတွေကို လူပုံအလယ်ဖြေပြရတာလဲ၊ နိုင်ငံရေးအရ ပါတီဝင်ထုနဲ့– လူထုကို ပညာပေးတာမဟုတ်ဘဲ သူတို့နှစ်ယောက်ရဲ့ ပုဂ္ဂိုလ်ရေး ချို့ယွင်းချက်တွေကို ဘာဖြစ်လို့ ရင့်ရင့်သီးသီး စကားလုံးတွေသုံးပြီး ရန်သူအပေါ် စွတ်စွဲပုတ်ခတ်သလို၊ လုပ်ရတာလဲ၊ ခုတော့ လူထုက နှစ်ဖက်စလုံးကို လူယုတ်မာတွေ၊ သူခိုး ဓါးပြလောက်မှ အချင်းချင်း သစ္စာမရှိတဲ့လူတွေလို့ မြင်ကုန်ကြပြီ။ လူချင်းမတည့်တော့မှ ငယ်ကြိုးငယ်နာတွေ အကုန်ဖေါ်ထုတ်၊ ဝေဖန်ပုတ်ခတ်တာဟာ မါက်စ်လီနင်ဝါဒ သမားတွေရဲ့ ကျင့်စဉ်လို့ ခင်ဗျားမပြောနဲ့" သခင်စိုးကကြားဖြတ်၍ –

"ခင်ဗျားသဘောထားကို ကျွန်တော်တို့လက်မခံနိုင်ဘူး၊ ဒီနေရာမှာ ဝေဖန်ရေးနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ကျွန်တော်တို့ သဘောထားချင်းမတူကြဘူး၊ ဒီမတူတာကိုပဲ နှစ်ဦးနှစ်ဖက်လက်ခံထားလိုက်ပါ၊ ခင်ဗျား ဒီကိစ္စဆက်ပြောနေလည်း လေကုန်ရုံရှိမယ်။ ပါတီကွဲသွားတာကို ဂျိုရှီ (အိန္ဒိယ ကွန်မြူနစ်ပါတီ၊ အထွေထွေအတွင်းရေးမှူး) တို့ ဘယ်လိုမြင်လဲ။ ဘယ်လိုပြောလိုက်လဲ၊ အဲဒါကျုပ်သိချင်တယ်"–

ဂိုရှယ်က သူနှင့်အတူပါလာသော လက်ဆွဲအိတ်ထဲမှ၊ စာစောင်တစ်ခုကို ထုတ်ယူ၍ သခင်စိုးကို ပေးလိုက်ပါသည်။

"အိန္ဒိယ ကွန်မြူနစ်ပါတီရဲ့ ပါတီကွဲတဲ့အပေါ် သဘောထားက ဒီစာတမ်းထဲမှာ အပြည့်အစုံရေးထားခဲ့မယ်။ ထားသင့်တဲ့သဘောထားနဲ့ ရှေ့လျှောက်လုပ်ရမဲ့ အလုပ်တွေကို နှစ်ဖက်စလုံးက ရဲဘော်တွေကို အကြံပေးထားတယ်"

သခင်စိုးနှင့် ကျွန်တော်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာတမ်းခေါင်းစီးကို ဖတ်လိုက်ကြသည်။

" Open letter to the Burmese Comarades " <u>မြန်မာရဲဘော်များသို့ အိပ်ဖွင့်ပေးစာ</u>" – ဟူ၍ ဖြစ်ပါသည်။

"ရေးတာကတော့ ဂျိုရှီကိုယ်တိုင် မဟုတ်ဘူး။ ရေးမဲ့အချက် အလက်တွေကို ပေါလစ်ဗျူရိုမှာ ဆွေးနွေးကြပြီး ဗမာပြည် အကြောင်းအမြဲလေ့လာဖို့ တာဝန်ရှိတဲ့ ပေါလစ်ဗျူရို အဖွဲ့ဝင် ရဲဘော်အဒီကာရီ ရေးတာပဲ။ ပေါလစ်ဗျူရို အစည်းအဝေးကပြင်ဆင်အတည်ပြုထားတယ်"

အိတ်ဖွင့်ပေးစာ၏ အတိုချုပ်သဘောမှာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ဗဟိုကော်မတီအစည်းအဝေးတွင် သခင်စိုးက ငြိမ်းချမ်း စွာဖြစ်ပေါ်ရေးသဘောတရား၊ ဘရောက်ဒါဝါဒကို ဝေဖန်ဆန်းစစ်ချက်မှာ အခြေခံအားဖြင့်မှတ်ကန်ပြီး၊ ဗမာပြည်၏ လွတ်လပ်ရေး ကြိုးပမ်းမှုကို အကျိုးရှိစေမည်။

ယင်းဗဟိုကော်မတီ အစည်းအဝေးက သခင်စိုး၏ ဝေဖန်ရေးအစီရင်ခံစာတွင် ပါရှိသော၊ နိုင်ငံရေးလမ်းစဉ်ကို လက်ခံအတည်ပြုလိုက်သည်မှာ၊ အောင်မြင်မှုပင် ဖြစ်ပေသည်။

သခင်စိုးသည် ဤအောင်မြင်မှုကို အရင်းခံ၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးစည်းရုံးရေး ညီညွတ်မှုကို ထိမ်းသိမ်းသင့်ပေသည်။ ယ္ခုမူ သခင်စိုးသည် အချောင်သမားများနှင့် ကွဲအက်ရမည်၊ ခွဲထွက်ရမည်ဟု ကြွေးကြော်၍ လက်တွေ့တွင် ပါတီကိုခွဲပစ်ခဲ့ခြင်းသည် ကြီးစွာသောအမှားဖြစ်သည်။

ကွန်မြူနစ်ပါတီ နှစ်ခြမ်း အမြန်ပြန်လည် ပေါင်းစည်းပါ၊ ဗြိတိသျှ နယ်ချဲ့သမားနှင့် တိုက်ပွဲဝင်နေသော ဖ–ဆ–ပ–လအဖွဲ့ချုပ်အတွင်း၊ တစ်လုံးတစ်စည်းတည်းသော ပါတီအဖြစ် ပါဝင်ဆောင်ရွက်ပါ။"

"ဤနည်းဖြင့် ဖ–ဆ–ပ–လ၏ **စည်းလုံးညီညွတ်ရေးကို ထိမ်းသိမ်းပါ" စသည်ဖြင့် အကြံပေးထားခြင်း ဖြစ်ပေသည်။**

ဂိုရှယ်သည် စိတ်အနယ်ထိုင်သွားပြီးဖြစ်သဖြင့်၊ သခင်စိုးက၊ သူ့အပေါ်ပုဂ္ဂိုလ်အရ၊ ပုတ်ခတ်ပြောဆိုချက်များအပေါ် မည်သို့မျှအမှုမထားဟန်ဖြင့် သူ၏မခံချင်စိတ်ကို ချိုးနှိမ်ပြီး လေသံအေးအေးဖြင့် ကွန်မြူနစ်ပါတီ အကွဲကိုပြန်လည်စေ့စပ်၍ တစ်ပါတီ

တည်းပြန်ဖြစ်လာအောင် သခင်စိုး၏ ခေါင်းဆောင်မှုအစွမ်းဖြင့် ကြိုးပမ်းပါရန် အနူးအညွတ် မေတ္တာရပ်ခံလေတော့သည်။

သခင်စိုးကား၊ ထုံးစံအတိုင်းပင် "ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့သည် ကုသ၍မရသော ကျောရိုးမဲ့သတ္တဝါအချောင်သမားသာ ဖြစ်ကြောင်း သူတို့ကို ကုသပေးနိုင်မည့် နေရာဌာနမှာ သင်္ကြိုင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့နှစ်ယောက်ကို ကုသ၍ ရဦးမည်ဟု ယုံကြည်ပါက သူတို့ထံသွားပြီး သူတို့နှင့်အတူ ပူးတွဲအလုပ်လုပ်ကြည့်ပါ။ ခင်ဗျားရဲ့ ကိုယ်ပိုင်အတွေ့အကြုံအရ သိလာပါလိမ့်မည်။"

"ကျုပ်တို့ကိုတော့ သူတို့နဲ့ ပြန်ပေါင်းဖို့ ခင်ဗျား–လေကုန်ခံပြီး လာပြောမနေနဲ့တော့၊ ဘယ်တော့မှ သူတို့နှစ်ယောက်နဲ့အတူ ပေါင်းလုပ်ဖို့ မဖြစ်နိုင်ဘူးလို့ ရတိပြတ်ဆုံးဖြတ်လိုက်ပြီး ပါတီထူထောင်တာ လမ်းဆုံးရောက်နေပြီ နောက်ကြောင်းပြန်လှည့်ဖို့ ဖိတ်မကူးတော့ဘူး၊ ခင်ဗျား သူတို့ပေါ် စိတ်မကုန်သေးရင် သူတို့ဆီသွားပြီး သူတို့နှင့်ပေါင်း လုပ်ပါ" ဟု သခင်စိုးက အပြတ်ပြောလိုက်ပါသည်။

ဂိုရှယ်သည် အတော်စိတ်ပျက်သွားပါပုံရပါသည်။ အလာတုန်းကလို တက်တက်ကြွကြွ အမူအရာမရှိတော့။ စိတ်ပျက်အားလျှော့ပုံကို၊ မဖုန်းမဖိနိုင်ဘဲ ပြန်ထွက်သွားပါတော့သည်။

ကျွန်တော်တို့ကြားသိရသည်မှာ ဂိုရှယ်ယူလာသော အဒိကာရီ၏ "အိပ်ဖွင့်ပေးစာ" ကို ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့က၊ ကြိုဆိုလက်ခံကြောင်းပင် ဖြစ်သည်။

ဂိုရှယ်သည် သခင်စိုးထံ နောက်ထပ်နှစ်ခါလောက်လာတွေ့၏ သခင်စိုးက ပါတီပြန်လည်ပေါင်းစည်းရေးကို ဘယ်လိုမှ လက်မခံငြင်း၍ နေသဖြင့်၊ နောက်ပိုင်းထပ်မလာတော့ပါ။ ၁၉၄၆–ခုနှစ် ဒီဇင်ဘာလလောက်တွင် ဂိုရှယ်သည် မြန်မာပြည်အခြေအနေကို ပြန်လည်အစီရင်ခံရန် အိန္ဒိယသို့ပြန်သွားပြီး၊ ချက်ချင်းပင် ရန်ကုန်သို့ ပြန်ရောက်လာသည်ဟု ကြားရသည်။

ရန်ကုန်ပြန်ရောက်သည်နှင့် ဂိုရှယ်သည် ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗဟိုကော်မတီဝင်ဖြစ်လာပြီး မရှေးမနှောင်းပင် ပေါလစ် ဗျူရိုအဖွဲ့ဝင် ဖြစ်ခဲ့သည်။

ဂိုရှယ်သည် အိန္ဒိယမှ ဂျိုရှီ၏လမ်းညွှန်မှုဖြင့် ကွဲနေသော ကွန်မြူနစ်ပါတီကို ပြန်လည်ညီညွတ်လာရန် ထပ်မံကြိုးစားခဲ့ပါသေးသည်။ ဂိုရှယ်သည် သခင်စိုးနှင့်လူချင်းတွေ့၍ ဆွေးနွေးပါသေးသည်။ သခင်စိုးက နှစ်ဖက်ညီညွတ်ရေးပြောပြီး၊ ကြားမနေ သိန်း၊ သန်းတို့နောက်လိုက်သွားလုပ်သည်ဆိုပြီး ပက်ပက်စက်စက် ပြောဆိုရေးသားနေရာ ဂိုရှယ်သည် ဤသို့ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများကို သည်းမခံနိုင်တော့သဖြင့် လူချင်း လာမတွေ့တော့ပါ။ နှစ်ပါတီညီညွတ်ရေးအတွက်၊ အကြံပေးစာတမ်းများကိုမူ မကြာခဏ သခင်စိုးထံ ပို့ပေးနေပါသေးသည်။

"ပြည်သူ့အာဏာ" ဂျာနယ်နှင့် သတင်းစာများတွင် ဆောင်းပါးများရေးသားရာ၌ အလံနီကွန်မြူနစ်ပါတီဘက်သို့ ကာကွယ်ရေးသားမှုများကို ဂိုရှယ်သည် အခွင့်အရေးရတိုင်း ရေးသားလေ့ရှိသည်။ "မိတ်ဆွေအောင်ဆန်းဘယ်လဲ" ဆောင်းပါး (၃၁း ၁း ၄၇) တွင်လည်း အလံနီကွန်မြူနစ်ပါတီဘက်က၊ ကာကွယ်ရေးသားခြင်းကို တွေ့နိုင်ပါသည်။

ဂိုရှယ်က ဤသို့ရေးသားခဲ့သော်လည်း၊ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့အပေါ်တွင် အငြိုးကြီး အခဲမကျေဖြစ်နေသော၊ သခင်စိုးသည် သူတို့နှင့် ပြန်လည်ညီညွတ်ပါဟု ပြောလာသော ဂိုရှယ်နှင့် ဂျိုရှီတို့အပေါ်တွင် ခွင့်မလွှတ်နိုင်ပါ။ အချောင်သမားများ၏ နောက်လိုက်သူ၊ သစ္စာဖောက်များဟု တံဆိပ်တပ်ကာ အဆက်မပြတ် ပစ်တင်ရှုံ့ချလေတော့သည်။

၁၉၄၆ ခုနှစ် ဇွန်လ်လောက်မှစ၍ ထုတ်ဝေခဲ့သော အလံနီကွန်မြူနစ်ပါတီ၏ ကြေးကြော်သံ "အာဏာသစ်" ဂျာနယ်တွင် "ဂို၊ ဂျိုသိန်းသန်းအဖွဲ့ရှယ်" ဟူသော ဆောင်းပါးတစ်စောင်ကို၊ သခင်စိုးရေးသားထည့်သွင်းခဲ့လေသည်။

(ဂိုမှာ – ဂိုရှယ်။ ဂျိုမှာ ဂျိုရှီ။ သိန်းမှာ ကိုသိန်းဖေ၊ သန်းမှာ သခင်သန်းထွန်း ဖြစ်ပါသည်။)

ဤသို့ဖြင့် ၁၉၄၆–ခုနှစ် ဖေဖော်ဝါရီလ၊ ဗဟိုကော်မတီအစည်းအဝေးမှစတင်ခဲ့သော ကွန်မြူနစ်ပါတီအကွဲမှာ၊ နေမြင့်လေ အရှုးရင့်လေ ဆိုဘိသို့၊ နောင်နှစ်ပေါင်းများစွာ တိုင်အောင် မြန်မာနိုင်ငံရေး နယ်ပယ်ကို ဂိုဏ်းဂဏအညစ်အကြေးတို့ ဖုံးလွှမ်းစေခဲ့ပါသည်။

နိုင်ငံရေးနယ်ပယ်အတွင်း၊ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ၊ ဗဟိုကော်မတီ အစည်းအဝေးမှ စတင်ခဲ့သော အထက်ပါ ကွန်မြူနစ်ပါတီအကွဲဇာတ်လမ်းသည် ၁၉၅၈ နှင့် ၆၀– ခုနှစ်များအထိ၊ အတောမသတ်၊ အကွဲဇါတ်ခင်းခဲ့ကြသည်ဟု ဆိုရပါမည်။

၁၉၅၀– ခုနှစ် အာဏာရဆိုရှယ်လစ်ပါတီမှ၊ သခင်ချစ်မောင်၊ သခင်လွင်တို့ အစုခွဲထွက်၍ ဆိုရှယ်နီပါတီ ထူထောင်ခဲ့သည့် ဆိုရှယ်လစ်ပါတီအကွဲ။ ၁၉၅၈ ခုနှစ်အတွင်း သန့်ရှင်းနှင့်တည်မြဲအဖြစ်– ဖ.ဆ.ပ.လ အကွဲ။

တဖန် ၁၉၆၀ ခုနှစ်တွင်လည်း၊ သန့်ရှင်း ဖ.ဆ.ပ.လ တစ်ဖြစ်လည်း ပြည်ထောင်စု အဖွဲ့ (ပ.ထ.စ) အတွင်း။ ဦးဗိုလ်အစုနှင့် သခင်အစုတို့ ခေါင်းဆောင်မှုလု၍ အတိအလင်းကွဲခဲ့ကြသည့် ပ.ထ.စ အကွဲ။

ဤနိုင်ငံရေးပါတီများ၏ အကွဲဇာတ်လမ်းများသည် အယူဝါဒရေး၊ နိုင်ငံရေးလမ်းစဉ်များကြောင့်၊ ကွဲခဲ့၊ ခွဲခဲ့ကြခြင်းမဟုတ်ဘဲ၊ ထိပ်ပိုင်းခေါင်းဆောင်များအတွင်း ပုဂ္ဂိုလ်ဆိုင်ရာ ချွတ်ယွင်းချက်များ အတေးအမှတ်များကို အပြန်အလှန် အကြောင်းပြု၍၊ အမှိုက်ကစ ပြဿဒ်မီးလောင်သကဲ့သို့ ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဤပါတီများ၏ အကွဲဇာတ်လမ်းများသည် ဤပါတီများနှင့် သက်ဆိုင်ရာပြည်သူလူထုနှင့် လူထုလူတန်းစား အဖွဲ့အစည်းအပေါ်တွင် နိုင်ငံရေး စည်းရုံးရေး ဩဇာပမာဏ၊ အတိုင်းအတာအလျှောက်၊ ထိခိုက်နစ်နာစေခဲ့ပေသည်။ ပြည်သူ

လူထုမှာ ကျွဲနှစ်ကောင်ခတ်သည့်အကြား မြေစာပင်ခံရဘိသို့ ရှိခဲ့ပေသည်။

၁၉၄၀ ခုနှစ်လောက်မှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်လောက်အထိ၊ သက်ရှိထင်ရှား ရှိခဲ့ကြသော အာဏာရှိ၊ အာဏာမဲ့ နိုင်ငံရေး
ခေါင်းဆောင်ဟောင်း၊ ခေါင်းဆောင်သစ်များသည် နိုင်ငံရေးနယ်ပယ်တွင်၊ မိမိတို့ကိုယ်တိုင်ပါဝင် ကျူးလွန်မိခဲ့ကြသော၊ အထက်ပါ
နိုင်ငံရေး ဂိုဏ်းဂဏအမှားများကို အခြေခံကျကျ ပြန်လည်ဝေဖန် သုံးသတ်ရန် အမှန်ကိုမြင်ခဲ့ကြပါ၏လော ။
အမှားများကို ရှာဖွေ၍ တွေ့ရှိသော်လည်း မိမိရင်ဆိုင်ရသော ဝန်းကျင်အခြေအနေကြောင့် အမှန်ရောက်အောင် ပြန်ပြင်ရန်
ဆန္ဒရှိစေကာမူ အခါအခွင့်မသင့် ဖြစ်နေပါသလော။

ဤသို့ဆိုသော်၊ ဤအမှားကျူးလွန်ခဲ့သော ပုဂ္ဂိုလ်များကို၊ မျက်မှောက်နှင့် အနာဂါတ် သမိုင်းဆိုင်ရာ တရားသူကြီးက ခွင့်လွှတ်
နိုင်ရန် စဉ်းစားပေးပါလိမ့်မည်။

ဤမျက်မှောက်နှင့် အနာဂါတ်သမိုင်းဆိုင်ရာ တရားသူကြီးက၊ ခွင့်လွှတ်သင့်မသင့် စဉ်းစားရာတွင်၊ ကွယ်လွန်သူ သခင်စိုး
တစ်ယောက်တော့ ပါနိုင်ကောင်း၏ဟု ကျွန်တော်ထင်ပါသည်။

<u>အမှားကိုမြင်၍ ပြင်ရာဝယ်</u>

သခင်စိုးသည် သူကျူးလွန်ခဲ့သော ဂိုဏ်းဂဏအမှားကို ပြန်လည်ပြုပြင်ရန် ကြိုးစားထားသည်ကို "သုံးပါတီဟူသည်မှာ" စာအုပ်တွင်
တွေ့ရသောကြောင့် ဖြစ်ပါသည်။

၁၉၅၂–ခုနှစ် ဇူလိုင်လ၊ ၃–ရက်နေ့မှစ၍ ၁၉၅၂–ခုနှစ် စက်တင်ဘာလ၊ ၁၅–ရက်နေ့အထိ ရက်ပေါင်း ၇၅ ရက်တိုင်၊ ဗမာပြည်
ကွန်မြူနစ်ပါတီ၊အလံနီကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်ပါတီတို့သည် ညီညွတ်ရေးကွန်ဖရင့် ကျင်းပခဲ့ကြသည်။
ကျင်းပရာနေရာမှာ၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ခင်သာရွာ၊ ပုံတောင်ပုံညာဒေသ အလောင်းတော်ကဿပ၏ တောင်ဘက်
အပေါက်ဝအလွန် ချောင်ကျသော၊ တောနက်ထဲမှ တဲစုကလေးတွင် ဖြစ်ပါသည်။

ထိုအစည်းအဝေးတွင် အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်စိုးသည် အောက်ပါအတိုင်း – သူကျူးလွန်ခဲ့သော ဂိုဏ်းဂဏ
အမှားများကို ပြန်လည်သုံးသပ်ပြလေသည်။

"ကျွန်တော်တို့ဟာ ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်လာသူတွေကို အထင်သေးခဲ့တယ်၊ မရိုသေခဲ့ဘူး၊ အဘိဓမ္မာနဲ့ သဘောတရား
ဟာ၊ အလုပ်ရဲ့လမ်းညွှန်ဆိုသလို၊ ကျွန်တော်တို့မှာ ရှိခဲ့တဲ့ ဂိုဏ်းဂဏစွဲ အဘိဓမ္မာတရားဟာ၊ ကျွန်တော်တို့ရဲ့ ဂိုဏ်းဂဏစွဲ စည်းရုံးရေးနဲ့
လက်တွေ့အလုပ်တွေကို နောက်ပိုင်းကနေပြီး စေခိုင်းခဲ့တယ်။ ဒါဟာ ဂိုဏ်းဂဏစွဲရဲ့ စေခိုင်းချက်ကြောင့်ပဲ၊ ပါတီတည်ဆောက်ရေးမှာ
ပါတီတပ်သားတွေကို မွေးထုတ်ရာ၌ တပ်သားတွေ လူတွေကို ရှိသေမှ မှုမှန်ကျယ်ပြန့်တဲ့ ပါတီတစ်ရပ် ကို တည်ဆောက်နိုင်မယ်တဲ့
ဥပမာကို ထင်ရှားစေလိုသောအားဖြင့် ဒီအချက်ကိုတင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ဒီဂိုဏ်းဂဏစွဲဝါဒ အဘိဓမ္မာကြောင့် ဆိုရှယ်လစ်ပါတီနဲ့ ကွဲခဲ့ရတယ်။ မကွဲခဲ့ရင် ဒီလိုအခြေအနေကို ရောက်လိမ့်မယ် မထင်ဘူး။
လွတ်မြောက်နယ်တွေထူထောင်ပြီး ဝင်လာတဲ့ လိပ်ကန်နယ်ချဲ့သမားကို အားကြီးကြီးနဲ့ တိုက်နိုင်မယ်။ နယ်ချဲ့သမားကို မစေ့စပ်တန်း
တိုက်ဖို့နဲ့ အဖွဲ့လိုက်ပူးပေါင်းလုပ်ဖို့ ခေါ်တဲ့ ဆိုရှယ်လစ်ပါတီရဲ့ ညီညွတ်ရေး ကင်းလွတ်ချက်ကို ဂိုဏ်းဂဏစွဲဝါဒ ကြောင့် ဖွဲ့ထုတ်ခဲ့ခြင်း၊
အထင်သေးခြင်း၊ တစ်ဦးချင်းဝင်ရမယ်လို့ လုပ်ခဲ့ခြင်း၊ စသည်အမှားများကို ကျူးလွန်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ဆိုရှယ်လစ်
ပါတီနဲ့၊ မရှုမလှကွဲခဲ့ရတယ်။ (၁၉၄၄ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီ
"တော်လှန် တစ်ဦးသဘောတူညီချက်ဖြင့် တစ်ပါတီ အဖြစ်ပူးပေါင်းခဲ့ခြင်းကို ဖျက်သိမ်းခဲ့ခြင်းနှင့် ၁၉၄၅–ခုနှစ် ဇွန်လတွင် ရန်ကုန်၌
ပြုလုပ်ခဲ့သည့် ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ်ပါတီ တစ်ပါတီတည်း ပူးပေါင်းရေးကို သခင်စိုး လက်မခံ၊ ပယ်ချခဲ့ခြင်းကို
ဆိုလိုဟန်တူပါသည်။ စာရေးသူ) ဒီလိုကွဲသွားရတဲ့အတွက် သူတို့မှာ ချို့ယွင်းချက်ရှိတာထက်၊ ကျွန်တော်တို့ရဲ့ စည်းရုံးရေး
အရည်အချင်းချို့ယွင်းခဲ့လို့ ဖြစ်ရတယ်ဆိုတဲ့အချက်က ပိုပြီးအဓိကကျတယ်။

ဆိုရှယ်လစ်ပါတီဟာ ဖ.ဆ.ပ.လ ထဲကနေပြီး တော်လှန်ရေး ဆန့်ကျင်တဲ့ အလုပ်တွေလုပ်ခဲ့တာကတော့၊ သူတို့ရဲ့ ချို့ယွင်း
ချက်ပဲ၊ ဒါပေမဲ့ ဟိုတုန်းက ကျွန်တော်တို့ဟာ မှုမှန်စွာ သိမ်းသွင်းနိုင်ခဲ့ရင်၊ သူတို့ဒီလိုလုပ်တာတွေကို မဖြစ်အောင်တားမြစ်နိုင်စရာ
အကြောင်းရှိခဲ့တယ်။ အခုဆိုရှယ်နီဟာ ကွဲထွက်လာတော့ (၁၉၅၀ ခုနှစ် ဆိုရှယ်လစ်ပါတီမှ ဆိုရှယ်နီအင်အားစု ခွဲထွက်လာခြင်းကို
ဆိုလိုဟန်တူပါသည်။ စာရေးသူ) အရင်ကသာ ငါတို့မှာ ဂိုဏ်းဂဏစွဲမရှိခဲ့ရင် တော်လှန်ရေးအင်အားစုဟာ ဧရာမအင်အားကြီးဖြစ်
နေမှာဘဲလို့ပြန်သုံးသတ်မိတယ်။

အဲဒါကတော့ ကျွန်တော်တို့ရဲ့ ဂိုဏ်းဂဏစွဲရဲ့ ပထမဆုံး အရိုက်လှဲခံရသူဟာ၊ ဆိုရှယ်လစ်ပါတီဖြစ်ကြောင်း တင်ပြတဲ့အချက်
ပါဘဲ။ ၁၉၄၇–ခုနှစ် အစလောက်မှာ၊ သခင်အောင်ဆန်းအပေါ် သဘောထားမှားခဲ့သလောက် ပြည်သူ့ရဲဘော် တစ်ဖွဲ့လုံးအပေါ် မှာ
သဘောထားမှားခဲ့တယ်။ အလုပ်ညီညွတ်ရေးကို ဘောင်ခတ်ပြီး အပြန်အလှန် တစ်ဦးကိုတစ်ဦး၊ ကူညီရင်း ညှိနှိုင်းရင်း၊ ကျယ်ပြန့်တဲ့
အလုပ်သမားလူတန်းစား ပါတီတစ်ရပ်ထူထောင်ရအောင်ဆိုတာ မမြင်ခဲ့၊ ဉာဏ်မမှီခဲ့တဲ့အတွက်၊ သခင်အောင်ဆန်း နဲ့ရော၊
ပြည်သူ့ရဲဘော်အဖွဲ့နဲ့ပါ။ အလုပ်သမားလူတန်းစားထဲမှာ၊ တစ်လုံးတစ်စည်းတည်းဖြစ်ရမဲ့ ကိစ္စဟာ၊ ပျက်ပြားခဲ့ရတယ်။ အဲဒါကတော့
ကျွန်တော်တို့ ဂိုဏ်းဂဏစွဲ၏ ဒုတိယအကြိမ် ရိုက်လှဲခံရသူဟာ၊ သခင်အောင်ဆန်းနဲ့ ပြည်သူ့ရဲဘော်အဖွဲ့ ဖြစ်ကြောင်း တင်ပြခြင်းပါပဲ။

နောက်တစ်ခါ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂၂ လောက်မှ မတ်လ ၆–ရက်လောက်ထင်ပါရဲ့၊ ကွန်မြူနစ်ပါတီ မကွဲခင်၊ ဗဟိုကော်မတီ အစုံအညီကွန်ဖရင့် အစည်းအဝေးမှာ အချုပ်အားဖြင့် သင့်ခန်းစာရခဲ့တာ ရှိတယ်။ ဒီမှာလဲ ဆိုရှယ်လစ်ပေါ် သဘောထား၊ သခင်အောင်ဆန်း ပေါ်သဘောထားမျိုးလိုပဲ ဖြစ်ခဲ့တယ်။

ဘရောက်ဒါဝါဒနဲ့ ပတ်သက်လို့ တိုက်တဲ့နေရာမှာ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ၊ မူလဂိုဏ်းဂဏစွဲမကင်းတော့၊ (ပါတီတည်ဆောက်ရေးမှာလည်း ဂိုဏ်းဂဏစွဲ မကင်းတော့) ဘရောက်ဒါ ဝါဒကို တိုက်တဲ့နေရာမှာ သဘောချင်းကိုက်ညီကြပေမဲ့ ပစ္စည်းမဲ့လူတန်းစား ဘောင်မခတ်မိတဲ့အတွက် ကွဲကြတာပဲ။ ဒီလူတွေဟာ တော်လှန်ရေးကို ယုံကြည်ကြတယ်။ မါက်(စ်) လီနင်ဝါဒကို လက်ခံသူတွေဖြစ်ကြတဲ့အတွက်၊ မကွဲတန်းညှိနိုင်းပြီး၊ ပါတီတည်ဆောက်ရမဲ့ အလုပ်ကို မလုပ်မိကြဘူး၊ ပါတီတည်ဆောက်ရေးမှာ ဂိုဏ်းဂဏစွဲ ဝါဒရှိခဲ့တဲ့အတွက်၊ အချင်းချင်း ညီညွတ်ရေး ဘောင်မခတ်မိခဲ့ဘူး။ ဒါကြောင့် ကွဲခဲ့တယ်။ ညီညွတ်ရေး ဘောင်ခတ်ခဲ့ရင် မှန်ကန်တဲ့ ညှိနှိုင်းမှုနဲ့ စည်းလုံးမှုကို ရခဲ့မှာ အမှန်ပဲ၊ ကွဲခဲ့တဲ့ ထင်မြင်ချက်တွေ ရှိနေတာကို ညီညွတ်ရေးဘောင်ရဲ့ အပြင်ဘက်မှာ ရှာတော့တော်လှန်မှန်ကန်တဲ့ သစ္စာတရားကို မရခဲ့ဘူး၊ ဒီမိုကရေစီ သစ္စာတရားအစား ဖက်ဆစ်တရားပဲရခဲ့တယ်။ ယဉ်ကျေးမှုတရားမရခဲ့ဘဲ ကြမ်းတမ်းတဲ့ မောင်နှင့်နှမ သားနှင့်အမိ မကြားဝံ့တဲ့ ဆဲရေးတိုင်းထွာတဲ့ တရားသာရခဲ့တယ်။ တိုင်းပြည်ကြီး ကမောက်ကမနဲ့၊ အကွဲကွဲအပြားပြားဖြစ်ပြီး နယ်ချဲ့ပဒေသရာဇ်တွေ အားရစေတဲ့တရားကို သာရခဲ့တယ်။ အဲဒါကတော့ ကျွန်တော်တို့ ဂိုဏ်းဂဏဝါဒရဲ့ အရိုက်လှဲကို တတိယအကြိမ် ခံရသူဟာ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်းပဲ။

"မင်းတို့ကိုယ် မင်းတို့ လူထုနဲ့ အဆက်အသွယ်ရှိနေတယ်လို့လည်း၊ အရမ်းမထင်လိုက်လေနဲ့၊ မင်းတို့ဟာ အမြီးဆွဲ ဝါဒီတွေ ဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ မင်းတို့ကိုယ် မင်းတို့ ကင်းလွတ်တဲ့ပါတီတစ်ရပ်လို့လည်း အရမ်းမထင်လိုက်လေနဲ့၊ မင်းတို့ဟာ ဂိုဏ်းကလေးတစ်ခု ဖြစ်ကောင်းဖြစ်နေလိမ့်မယ်" လို့ ဆိုထားတဲ့အတိုင်း၊ ဟိုတုန်းက ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဂိုဏ်းကလေးကို တကယ့်ကင်းလွတ်တဲ့ ပါတီတစ်ရပ်အထင်နဲ့ လုပ်လာလိုက်တာ နောက်ဆုံး ကိုယ်ပါတီထဲမှာပင် အစိတ်စိတ်အမွှာမွှာ ထပ်ပြီး ကွဲပြန်တယ်။

အဲဒါကတော့ ကျွန်တော်တို့ ဂိုဏ်းစွဲဝါဒရဲ့ စတုတ္ထအကြိမ်ခံရတာက ကျွန်တော်တို့ပါတီအတွင်းရေး ကိုယ်တိုင်ဖြစ်တယ်။ (၁၉၅၁– ခုနှစ် ကျိုက်လတ် ရဲနီတော် သပိတ်နှင့်၊ ၁၉၅၁–ခုနှစ် အထက်ဗမာပြည် တ.ထ.သ တပ်ထွက် သမဂ္ဂ။ ဗ.တ.က ဖြူရှိကရက် တိုက်ဖျက်ရေးအဖွဲ့ နှင့် နောက်ဆုံး၊ အထက်ဗမာပြည် အလံနီပါတီခေါင်းဆောင်များဖြစ်သော ကိုထွး၊ ကိုထွန်းစိန်တို့က၊ သခင်စိုးနှင့် လမ်းခွဲ၍ "ထွးစိန်" ပါတီဟူ၍ ဂိုဏ်းခွဲထောင်ခြင်းကို ဆိုလိုဟန်ဖြစ်ပါသည်။ စာရေးသူ) ဆိုတာတင်ပြခြင်းပါပဲ။ အဲဒီက တစ်ဆက်တည်း အလုပ်သမားတွေ၊ လယ်သမားတွေ၊ လူငယ်တွေ၊ ကျောင်းသားတွေနဲ့၊ တစ်တိုင်းတစ်ပြည်လုံး တန်းလျှောက် ပြီး ကွဲလိုက်လာတာဟွေကို လေ့လာမှုယ်ဆိုရင် ကုန်ဆုံးစရာ အကြောင်းမရှိတော့ပါဘူး။

ကိုလိုနီနဲ့ ကိုလိုနီတစ်ပိုင်းတို့မှာ ကွန်မြူနစ်ပါတီဟာ တစ်မျိုးသားလုံးရဲ့ ဆရာဖြစ်တယ်။ ခေါင်ကမလုံတော့၊ တစ်အိမ်လုံး ဇွဲဇွဲ စိုသွားတယ် ဆိုသလို၊ လက်ရှိပြဿနာတွေ ပေါ်ပေါက်ရခြင်းရဲ့ အရေးကြီးဆုံး ခန်းလည်းဖြစ်၊ အဓိကခန်းလည်းဖြစ်တဲ့၊ ပါတီ တည်ဆောက်ရေး အဘိဓမ္မာရေးမှာ၊ ဂိုဏ်းဂဏစွဲတွေ ဝင်ရောက်ခဲ့တော့ ဗမာပြည်မှာ အလံနီကွန်မြူပါတီရယ်။ ဗမာပြည် ကွန်မြူနစ်ပါတီရယ်၊ ဆိုရှယ်လစ်ပါတီရဲ့ တော်လှန်ရေး အစိတ်အပိုင်းတွေရယ်၊ ပြည်သူ့ရဲဘော်အဖွဲ့ရယ်၊ ဒါတွေ အသီးသီးဟာ၊ ဂိုဏ်းဂဏ စွဲဒဏ်ချက်မှ သက်ရောက်လာတဲ့ တော်လှန်ရေး အင်အားစုတွေ၊ အစိတ်စိတ်အမွှာမွှာ ဖြစ်နေမှုပဲ။

၁၉၅၀ ခု၊ စက်တင်ဘာလထဲလောက် ထင်ပါရဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ သခင်သန်းထွန်းထံမှ စာတစ်စောင်ရတယ်။

ကျွန်တော့်ကို သာယာဝတီထောင်မှ ဗိုလ်ရဲထွဋ်နဲ့ ဗိုလ်အောင်မြင့်တို့ လာလွတ်ပြီး ပြည်မှာ သုံးပါတီ (အလံနီကွန်မြူနစ်ပါတီ။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့) မျက်နှာစုံညီ ဆွေးနွေးကြစဉ် (၁၉၄၉–ခုနှစ်–မေလ စာရေးသူ) တပ်ပေါင်းစု၊ လူမျိုးရေးနဲ့ မြေယာခန်းတွေမှာ သဘောချင်းညှိနှိုင်းမရခဲ့ပါ။ နောက်ဗဟိုမှာ ပြန်ပြီးညှိနှိုင်းပါရစေဆိုပြီး၊ ပြန်ကာနီးမှာ ညီညွတ်ရေးကို လိုချင်လွန်းလို့၊ ဗိုလ်ဇေယျ (ရဲဘော်သုံးကျိပ်အဖွဲ့ဝင် နောင်အခါ ဗ.က.ပ ဗဟိုကော်မတီဝင်နှင့် စစ်ဦးစီးချုပ် – ၁၉၆၅ ခုနှစ် တိုက်ပွဲ ကျဆုံးသူ – စာရေးသူ) က "ညီညွတ်ရေးကိုတော့ မရမနေယူပါ၊ နောက်ဆုံးပိတ်စာကလေး တစ်စောင်လောက်နဲ့တော့ ခင်ဗျားတို့ သဘောထားကို ပြန်ပါဗျာ" လို့ လိုက်မှာသေးတယ်။

ဒါပေမဲ့၊ ဗမာတော်လှန်ရေးက နုနယ်သေးတော့၊ နယ်ချဲ့အင်အားစုနဲ့ ကမ္ဘာ့အခြေအနေက ကြီးမားလာပြီး ဒါက ပုဂ္ဂလဓိဋ္ဌာန်မှာ အရောင်ရိုက်ခံရတာက တစ်ကြောင်း (ဒါက လူမတန်သဖြင့် ကံကိုပုံချသလို ဖြစ်နေပေသည်၊ မမှန်ပါ။ စာရေးသူ) လက်နက်ကိုင် ပုန်ကန်ရေးကာလမှာ၊ ထောင်ထဲရောက်နေတော့ အပြင်အခြေအနေနဲ့ ကင်းပြတ်နေတာက တစ်ကြောင်းကြောင့် အောက်ဗမာပြည်ရောက်တော့ ဂိုဏ်းဂဏစွဲဟာ အထွဋ်အထိပ်ကို ရောက်ခဲ့တော့တာပဲ။ အဲဒီအချိန်မှာ ဗိုလ်ဇေယျမှာလိုက်တဲ့စကားဟာ၊ ကျွန်တော့် ခေါင်းထဲမှာ မှေးမှိန်ပြီး ပျောက်ကွယ်သွားမလောက် ဖြစ်ခဲ့ပါတယ်။

ပါတီဗဟိုကော်မတီမှာလည်း မြေယာခန်းမှာ ဂိုဏ်းဂဏစွဲဝင်ပြီး လူမျိုးရေးကျတော့ မဟာဗမာဝါဒတွေ ဝင်နေတာတွေ့ရပြီး၊ နောက်ဆုံးမှာ ကရင်နဲ့ အလံနီ၊ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ရတော့တာပဲ။ ကရင်နဲ့တိုက်လို့ (၂) လကြာတော့မှ အမှားတွေကို တွေ့ရှိလာပြီး ဗိုလ်ဇေယျဆီကို စာပြန်မိတော့တယ်။ စာထဲမှာတော့ ကွန်မြူနစ်ညီညွတ်ရေး ကွန်ဖရင့်တစ်ရပ်ပါလိမ့်မယ်ထင်တယ်။ (သခင်စိုးထံမှ–ဗိုလ်ဇေယျထံပေးသော ဤစာအရ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကိုယ်စားလည်အဖွဲ့တို့ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလတွင်

ခပါက်ခေါင်းတွင် တွေ့ကြသည်။ သခင်သန်းမြိုင်၊ ဒေါက်တာ နတ်(ဂ်)နှင့် သခင်တင်မြတို့ဖြစ်ပြီး၊ အလံနီကွန်မြူနစ်ပါတီမှ၊ ဒေါ်စောမြ၊ ကိုပြုပင်းနှင့် သခင် ခင် (ပြည်) တို့ဖြစ်ကြသည်။ နှစ်ပါတီ စစ်ရပ်စဲရေးနှင့် သုံးပါတီ ညီညွတ်ရေး ကွန်ဖရင့် ကျင်းပရေး ပြင်ဆင်ရန် ဖြစ်ပါသည်။ စာရေးသူ)

"အခုအစည်းအဝေးမှာ ဂုဏ်ပြုအပ်တဲ့ သဘာပတိဖြစ်တဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဥက္ကဋ္ဌသခင်သန်းထွန်းထံမှ ရတဲ့ ပြန်စာကတော့ နှစ်ပါတီညီညွတ်ရေး ကွန်ဖရင့်ကျင်းပရေးအတွက်ပဲ (၁၉၅၁ ခုနှစ် ဇူလိုင်လလောက်တွင် စာရေးသူသည် သခင်သန်းထွန်း၏ အထက်ပါဖိတ်စာကို ဒေးဒရဲအလံနီ နယ်မြေတွင် သခင်စိုးအား ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။) ဒီစာဟာ ညီညွတ်ရေးအတွက် အဓိက ဖြစ်နေတော့ အများအပြားပဲ ကျေညာချက်ထုတ်ပြီး ဖြန့်ဖြူးခဲ့တယ်။ ဖျာပုံခရိုင် မြင်းကကုန်းမှာ ဗမာပြည်ကွန်မြူနစ်ပါကီမှ ခရိုင်ကော်မတီ (ဒီ-အို-ဒီ) ရဲဘော်ပြုးချိုနဲ့ သွားတွေ့ပြီး ဆွေးနွေးစေစပ်တော့ အဲဒီအချိန်မှာ ဗမာပြည်ကွန်မြူနစ်ဌာနချုပ်က သူတို့ထံ ညွှန်ကြားချက်ရောက်သေးဟန် မတူဘော့၊ သူအဖြေပေးလိုက်တာက "ဝမ်းသာပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ အမှား ဝန်ခံရမယ်။ ပြီးတော့ တစ်ဦးချင်း ဝင်ရမယ်။ လက်နက်တွေလည်း အပ်ရမယ် ဆိုတာပြောတော့ ကိုယ့်ရှုးကိုယ်ပတ်နေတာ တွေ့ရ တော့တာပဲ (ရယ်သံများ) ဟိုတုန်းက ကျွန်တော် ကွန်မြူနစ်ပါတီချင်း ညီညွတ်ရအောင်ဆိုပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ကမ်းလှမ်းစဉ်က ကျွန်တော်တို့ကလည်း ဟင်း-မလိုချင်ဘူး၊ နောက်တစ်ခုကျတော့လည်း ဟင်း-မလိုချင်ဘူး၊ တစ်ယောက်စီ ဝင်ရမယ်၊ မှားတာဝန်ခံရမယ်လို့ ကျွန်တော်တို့ တုန်းကလည်း တောင်းဆိုခဲ့ပေတာကိုး - (ရယ်သံများ)

မော်စီတုန်းပြောတာကတော့၊ မါက်(စ်) လီနင်ဝါဒရဲ့ လောကသစ္စာတရားကို တရုတ်တော်လှန်ရေးရဲ့ လက်တွေ့နဲ့ပေါင်းစပ်ပေးလိုက်တော့၊ အောင်ပွဲဟာရခဲ့တယ်တဲ့၊ ဒါပေမဲ့ ကျွန်တော်တို့တတွေမှာတော့ ဂိုဏ်းဂဏစွဲ လောကတ္တ သစ္စာတရားကို မြူရိကရက် ပဒေသရာဇ်လက်တွေ့နဲ့ ပေါင်းပေးမိနေတော့ အကွဲကွဲအပြားပြား ဖြစ်နေရတော့တာပဲ။ ကျွန်တော်ချုပ်ချင်တဲ့ နိဂုံးကတော့ ဌာနချုပ် တွေကိုယ်တိုင်က ဂိုဏ်းဂဏစွဲကို ချေဖျက်ကင်းလွတ်ဖို့နဲ့ ပစ္စည်းမဲ့ဝါဒရဲ့ ညီညွတ်ရေးကို ထူထောင်ပြီးတော့ စည်းရုံးရေးကို လုပ်ဖို့အတွက် အဘိဓမ္မာအရ ညီညွတ်ရေးဘောင်ခတ်ပြီး လုပ်မှသာ ဖြစ်တော့မယ်ဆိုတာပါပဲ။

အမေရိကန် ကွန်မြူနစ်ပါတီရဲ့ "နိုင်ငံရေး ကိစ္စများ" ဆိုတဲ့ဂျာနယ်မှာ ထိပ်ပိုင်းခေါင်းဆောင်တွေဟာ လူထုနဲ့ အဆက်ဝေးတတ်တဲ့အတွက် ဂိုဏ်းဂဏစွဲဟာ အများဆုံးဖြစ်တတ်တယ်တဲ့။

နယ်တွေမှာ လူထုကအရောင်ဟတ်မှုကြောင့် လူထုနဲ့ အနည်းအများအဆက်အသွယ်ရှိနေတဲ့ ခေါင်းဆောင်တွေဟာ တတ်နိုင်သလောက် ညီညွတ်အောင်လုံးပန်းကြပေမဲ့၊ ဌာနချုပ်တွေရဲ့ ဂိုဏ်းဂဏစွဲဝါဒ စွက်ဖက်လာရင် ပျက်စီးရတာပဲ နယ်တွေမှာဘယ်လိုကြိုးစားကြိုးစား တိတိကျကျ လက်တွေ့ဆောင်ရွက်ချက်တွေကို ဘောင်ခတ်ပြီး ဌာနချုပ်တွေရဲ့ အထက်တန်းခေါင်းဆောင်တွေက တစ်ခုတည်းသော ဌာနချုပ်မရှိသရွေ့ မဖြစ်နိုင်ကြောင်း တွေ့ရတော့တာပဲ။

ဒီလိုမလုပ်ရင် အလုပ်သာနှောင်နှေးတော့မယ်။ တစ်ခါတစ်ခါ ဌာနချုပ်တွေမှာလည်း အောက်ခြေကပြန်ဟတ်တဲ့အမှားတွေ ဝင်တတ်ပါတယ်။ ၄၈-ခုနှစ်တုန်းက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပတ်သက်ပြီး "သူတို့ဟာ သူပုန်ထလာပြီ၊ သူတို့နဲ့ မဟာမိတ်ပြုရမယ်" ဆိုတာ ညွှန်ကြားခဲ့ပေမဲ့ အောက်ထပ်တွေက "ဘယ်ဟုတ်မလဲ ၊၊ အရင်ခင်ဗျားပြောထားတာက ဒီလိုမှမဟုတ်ဘဲ" စသည်တွေဝင်လာတော့ ချကြရတဲ့အထိ အမှားပြန်လည်သွားတာပဲ။

ညီညွတ်ရေးဘောင်ခတ်ပြီး သုံးပါတီ ဌာနချုပ်တွေကို ထူထောင်မှသာ အနှစ်နှစ်က စွဲနေခဲ့တဲ့ ဂိုဏ်းဂဏစွဲရောဂါကို တစ်လုံးတစ်စည်းတည်း ကုစားနိုင်မယ်။ နယ်ခဲ့ပဒေသရာဇ် သြဇာကိုအပြီးတိုင် တိုက်ခိုက်နိုင်မှာပဲ။ ဒီလိုသာ မလုပ်ခဲ့ရင် တော်လှန်ရေးဟာ ပိုပြီးကြာမြင့်နေဦးမှာပဲ၊ ဂိုဏ်းဂဏရောဂါကို ကုစားဖို့ရာအတွက်၊ လုံလောက်တဲ့ ပညာပေးမှုဟာ လိုအပ်ပါတယ်။ ပညာပေးရေးမှာလည်း စိတ်မတိုဖို့လိုမယ်။ ဘာကြောင့်ဆို (၇) နှစ်လောက်စွဲနေတဲ့ အမှားတွေကို တော်တော်နဲ့ ပြေမှာမဟုတ်သေးလို့ဘဲ ဒါတွေကို မြင်ပြီး စိတ်ရှည်ရှည်နဲ့ လုပ်ရင်ပြည့်စုံလာမှာပဲ"

ဤသည်မှာ သုံးပါတီညီညွတ်ရေး ကွန်ဖရင့် (သို့) အလံနီကွန်မြူပါတီ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သခင်စိုး၏ တင်ပြချက်၊ မူရင်းပင်ဖြစ်ပေသည်။

သခင်စိုးသည် မျက်မှန်ကိုချွတ်လိုက်၊ တပ်လိုက်နှင့် တင်ပြဆွေးနွေးနေသည်။ သခင်သန်းထွန်းလည်း သခင်စိုးကိုသာ၊ စူးစိုက်ကြည့်နေသည်။ တစ်ခါတစ်ရံတွင် အသံထွက်၍ ရယ်မောလိုက်သည်။ သခင်စိုး၏ တင်ပြချက်များကို အထူးဂရုစိုက်၍ပင် ရေးမှတ်၍နေလေသည်။ (၁၉၇၀-ခုနှစ်၊ ဇူလိုင်လတွင် ရဲဘော်မြ၊ ရဲဘော်ဘခက်တို့ ပြုစုသော၊ မြရာပင်စာပေတိုက်ထုတ် "သုံးပါတီဆိုသည်မှာ" စာမျက်နှာ ၂၉ -မှ - ၃၉ အထိ)

ဤသုံးပါတီညီညွတ်ရေးညီလာခံတွင်၊ မိမိကျူးလွန်ခဲ့သော အမှားများနှင့်ပတ်သက်၊ သခ်န်းစာရရှိရန် အလံနီကွန်မြူနစ်ခေါင်းဆောင်သခင်စိုးက အထက်ပါအတိုင်း ပြန်လည်သုံးသပ်ခဲ့သည်ကို တွေ့ရသော်လည်း လက်ဝဲ-လက်ယာ အမှားပေါင်း များစွာကို ကျူးလွန်ခဲ့ကြသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်ပါတီမှ ခေါင်းဆောင်များအနေဖြင့် ပြန်လည်သုံးသတ်မှု မပြုခဲ့ကြပါ။

ထို့ကြောင့်ပင် ဤသုံးပါတီလုံးသည် သုံးပါတီညီညွတ်ရေး ကွန်ဖရင့်တွင် ညီညွတ်ရေးဝကားများကို အချိန်များစွာယူ၍ ရက်ပေါင်း ၇၅-ရက်တိုင် အာပေါက်လောက်အောင် အပြန်အလှန်ပြောခဲ့ကြသော်လည်း၊ သူတို့ရည်မှန်းခဲ့သော ညီညွတ်မှု- တစ်ပါတီတည်းဖြစ်မှုကို မရရှိခဲ့ကြပါ။ တစ်ပါတီနှင့် တစ်ပါတီ ကွဲမြဲ-အာဂတတွေ ဆက်ထားမြဲ နေမြဲအတိုင်းသာဖြစ်ခဲ့ပါသည်။

ထိုသုံးပါ/ညီညွတ်ရေး ကွန်ဖရင့်တွင် သခင်စိုးသည် မိမိတစ်ပါတီတည်း၊ ကျူးလွန်ခဲ့သော အမှားများကို ပြန်လည်သုံးသပ်ခဲ့သည့် နောက်ပိုင်းတွင် ထိုမိမိသုံးသပ်ခဲ့သော အမှားဝန်ခံချက်များကို ပြန်လည်မေ့ပြစ်ပြီး အမှားဟောင်းများ အပေါ်တွင် အမှားသစ်များဖြင့် ထပ်ဆင့် တိုးပွားစေခဲ့ကြောင်း၊ သိရှိခဲ့ရပါသည်။

အလံနီကွန်မြူနစ်ပါတီဟူ၍ မရှိတော့ဘဲ ဥပဒေတွင်းသို့ ခေါင်းဆောင်ဟောင်းကြီးတစ်ဦး ဘဝသို့ရောက်လာမှ သခင်စိုးသည် သူ၏နိုင်ငံရေး ဘဝလမ်းကြောင်းတစ်လျှောက် ကျူးလွန်ခဲ့သော လက်ဝဲလက်ယာ အမှားများအပေါ်တွင် နိုင်ငံရေးနောင်တကြီးစွာ ရရှိခဲ့ကြောင်း၊ သူကိုယ်တိုင်ပြောကြားခဲ့၊ ရေးသားခဲ့သည်ကို ကြားနာဖတ်ရှုခဲ့ရပါသည်။

<u>ဂိုဏ်းဂဏစွဲနှင့် ပုဂ္ဂိုလ်ကိုးကွယ်မှုမှ</u>

ကျွန်ုပ်တို့သည် လူ့လောကဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းတွင် တစ်နည်းတစ်ဖုံအားဖြင့်၊ ပါဝင်ပတ်သက်နေသူများသာ ဖြစ်ပါသည်။ နိုင်ငံရေးသမားဖြစ်ပါက၊ မြန်မာနိုင်ငံရေးလမ်းကြောင်းတွင် အခန်းတစ်ခန်းမှ ပါဝင်ခဲ့ကြသော ဇာတ်ကောင်များသာ ဖြစ်ပါသည်။ အရေးပါသော ဇာတ်ဝင်ခန်း ကသော်လည်းကောင်း၊ အရေးမပါ သာမန်ဇာတ်ဝင်ခန်းမှသော်လည်းကောင်း တစ်နေရာရာ ကတော့ ပါဝင်ခဲ့သူဖြစ်ပါမည်။ မိမိပါဝင်ခဲ့သောအခန်း၏ အရေးပါမှု-မပါမှုအလျောက် တိုင်းပြည်နှင့် ပြည်သူတို့၏အကျိုးကို သည်ပိုးခဲ့သည်လည်း ရှိပါမည်။ မိမိတို့၏ အယူမှား၊ အလုပ်မှားများကြောင့် တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ဆုတ်ယုတ်ပျက်စီး စေခဲ့သည်လည်း ရှိခဲ့ပါမည်။

ကျွန်ုပ်တို့ပြုခဲ့သော အမှုတွင် အမှန်ထက် အမှားများနေခြင်း၊ ကောင်းကျိုးထက် ဆိုးကျိုးများနေခြင်းတို့ကြောင့်သာ တိုင်းပြည်နှင့် ပြည်သူများသည် လက်ရှိနိုင်ငံရေး-စီးပွားရေးနှင့် လူမှုရေးတို့တွင် တိုးတက်သင့်သလောက် မတိုးတက်မဖွံ့ဖြိုးပဲ အခက်အခဲ အကြပ် အတည်းများကို ရင်ဆိုင်ခံစားနေရသည်ဟု ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့အတိတ်က ကျူးလွန်ခဲ့မိသော အမှားများ၊ (စေတနာ မည်မျှပင်၊ ကောင်းပါစေ) ကို အရင်းဇစ်မြစ်ကအစ၊ ဘေးမှ ပန့်ပိုးသော အကြောင်းတရားများအဆုံး၊ အားလုံးကိုခြုံ၍ အလေးအနက် ဝေဖန်သုံးသတ်ပြီး၊ အမှန်တရားကို ရှာနိုင်ရပါမည်။ အပျက်တရားကို ဖယ်ရှား၍ အပြုတရားကို ပေါ်ပေါက်စေသော အခြေအနေ၊ အချိန်အခါနှင့် ညီညွတ်သည့် အယူအဆ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းစည်းကမ်းများကို ညှိနှိုင်းချမှတ်နိုင်ရပါမည်။ သို့မှသာ မိမိတို့ကိုယ်ကိုလည်းကောင်း၊ ပြည်သူများကိုလည်းကောင်း၊ ဂိုဏ်းဂဏစွဲ၊ ညွန့်အိုင်အတွင်းမှ ပုဂ္ဂိုလ်ကိုးကွယ်မှု အမှောင်တိုက်အတွင်းမှ ရုံးထွက်နိုင်ကြမည် ဖြစ်ပါသတည်း။

-း-

သခင်တင်မြ
နံနက် ၁၁းနာရီ၊
၁၂၊ ဒီဇင်ဘာ၊ ၂၀၀၃

## သခင်တင်မြ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

၁၉၂၄–ခုနှစ် စက်တင်ဘာလ၊ ၉ ရက်နေ့တွင် ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ ဈေးပိုင်းရပ်– ဦးဘိုငြိမ်၊ ဒေါ်အုန်းပွင့်တို့မှ သားဦးအဖြစ်ဖွားမြင်သည်။ ဇာတာအမည် မောင်စံထွန်း၊ တွင်သောအမည်– မောင်တင်မြဖြစ်သည်။ ညီနှင့် ညီမငယ်မှာ ငယ်စဉ်ကပင် ကွန်လွန်သွားခဲ့သည်။

၆ – နှစ်သားတွင် ဆရာဦးချစ်ဖူး၏ မူလတန်းကျောင်းတွင် ၁၀–နှစ်သားအထိ ပညာသင်ခဲ့သည်။ ၄ တန်းအောင်မြင်သည်။ ၁၀–နှစ်သားတွင် ရှင်သာမဏေ။ ၃–နှစ်အတွင်း၊အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းနှင့် သဂြိုဟ်နှင့် သဒ္ဒါကျမ်းများ သင်ကြားခဲ့ရသည်။ ကိုယ်ရင်ကျင့်ဝတ်လုံအောင် ထိန်းခဲ့သည်။ ကိုရင်ဘဝတွင် ပထမ ကုလားစာအုပ်တိုက် များမှ ထုတ်ဝေသော ပြဇာတ်များ နိပါတ်လာဇါတ်ဝတ္ထုစာအုပ်များကို ဖတ်သည်။ ခေတ်ပေါ်ဝတ္ထုများကိုမူ ဘုန်းကြီးမသိအောင် ခိုးဖတ်ရသည်။

၁၉၃၈–ခုနှစ် အသက် (၁၃) နှစ်သားတွင် ကုလား–ဗမာ အဓိကရုန်းတွင် ကုလား မုန်းတီးရေးစိတ်ဖြင့် သွေးကြွပြီး၊ ဓားကိုင် ဦးပဥ္စင်းများနောက်သို့ တုတ်ကိုင်၍ လိုက်ခဲ့သည်။ လက်တွေ့တွင် ကုလားမရိုက်ဖြစ်ပါ။ ပုလိပ်များ၏ တားဆီး ခံရခြင်းကြောင့် နောက်ပြန်ဆုတ်ခဲ့ရသည်။

၁၉၃၈–ခုနှစ် အကုန် ၁၃၀၀–ပြည့် အရေးအတော်ပုံ ကျောင်းသားသပိတ်တွင် ကျောင်းသားဟောင်းအဖြစ် ကိုရင်လူထွက်၍ သပိတ်စခန်းသို့ သွားနေခဲ့သည်။

သပိတ်လှန်သောအခါ တို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် ၁၃–နှစ်သားတွင် အသင်းဝင်ခဲ့သည်။ မြို့နယ် အစည်းအရုံး ရုံးတွင် ရုံးလုလင်အဖြစ် အချိန်ပြည့် တာဝန်ယူခဲ့သည်။ မြို့နယ် သခင်အသင်း ဥက္ကဋ္ဌ သခင်ဗသိန်း – အတွင်းရေးမှူး သခင်မြသန်း (စာရေးဆရာသခင်မြသန်း) တို့၏ အခိုင်းခံဖြစ်သည်။ – (သခင်ဗသိန်းက အသက် ၃၂–နှစ်ခန့် သခင်မြသန်းက အသက် ၁၈–နှစ်ခန့်ဖြစ်သည်။) သူတို့နှင့်အတူ တောနယ်ဆင်း၊ လယ်သမား စည်းရုံးခဲ့သည်။ မြို့ပေါ် ဆိုက်ကားအသင်း၊ ဆန်စက်အလုပ်သမား၊ ဆေးလိပ်ခုံ အလုပ်သမားများ၊ ဈေးအသင်းများကို စည်းရုံးရသည်။

အားလပ်ချိန်တွင် စာကြည့်တိုက်သွား စာဖတ်သည်။ သခင်စိုး၏ "ဆိုရှယ်လစ်ဝါဒ" သခင်နု၏ "လူမွဲတို့ ထွက်ရပ်လမ်း" သခင်သန်းထွန်း၏ "ဗမာ့တော်လှန်ရေး လယ်သမားအရေး" ကို ဗဟိန်း၏ "ခေနရှင်လောက" မြို့မဆရာ ဟိန်း၏ "ကျွန်ုပ်၏ နွန့်စားခန်းများ"၊ အိုင်ယာလန်သူပုန်ဗိုးအဖွဲ့ "ကျွန်ုပ်နှင့် မိုင်ကယ်ကောလင်း"။ ဖိလစ်ပိုင် သူရဲကောင်း၊ "ဂျို့ဆေရီဇော်" စသည့် စာအုပ်များနှင့် နိုင်ငံရေးဝတ္ထုများ ဖြစ်သည်။

၁၉၄၀–ခုနှစ် ဧပြီလကုန်ခါနီးတွင် ရန်ကုန်–တို့ဗမာအစည်းအရုံးဌာနချုပ် ခေါင်းဆောင်များဖြစ်သော၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်နု၊ သခင်ဘသာ (ဗမာ့ လက်ရုံး တပ်ဗိုလ်ချုပ်) သခင်လှမောင် (ခုနှစ်ထောင်စံ) သခင်ဗိုလ်၊ သခင်တင်မောင် (ပန်းတနော်) သခင်တင်မောင် (ကျုံမငေး) သခင်ကျော်စိန် စသည့် သခင်ခေါင်းဆောင်များကို စတင်တွေ့ရှိသိကျွမ်းရသည်။ ၁၉၄၀ ခုနှစ် မေလ– ၁၁ ရက်– ၁၂–၁၃ ရက်များတွင် သာယာဝတီ ညီလာခံသို့ ဗမာလက်ရုံးတပ်ကိုယ်စားလှယ်အဖြစ် တက်ရသည်။ ညီလာခံရက်အတွင်း သုံးဆယ်မြို့ ရုပ်ရှင်ရုံတွင် ညဘက် ဝါဒဖြန့်ချိရေးတရားဟောရသည်။

– ယင်းတရားဟောမှုဖြင့်၊ ကာကွယ်ရေးပုဒ်မ ၃၈–အရ ဓနုဖြူတွင်၊ ဇူလိုင်လတွင် အဖမ်းခံရသည်။ သာယာဝတီ ထောင်ရောက်သည်။ ဩဂုတ်လတွင် ထောင်ချခံရသည်။

အင်းစိန်ရောက်သည်။ အင်းစိန်တွင်၊ သခင်စိုး သခင်သန်းထွန်းတို့ထံမှ နိုင်ငံရေးသင်တန်းတက်၊ ညတွင် သခင်နု– သခင်သန်းထွန်းထံတွင် အင်္ဂလိပ်စာသင်ခဲ့ရသည်။

၁၉၄၁–ခုနှစ် ဧပြီလတွင် ထောင်မှလွတ်၊ မလွတ်မီ သခင်စိုးထံ ကွန်မြူနစ်ပါတီသို့ ဝင်ရောက်လိုကြောင်း ပြောကြား၊ သခင်စိုးက အသိအမှတ်ပြုပြီး ထောင်ပြင်ရှိ ကိုဘဟိန်းထံသို့လွှတ်၊ ထိုနေ့မှစ၍ ကိုဘဟိန်းထံတွင် ပေးသည့်တာဝန် မြေအောက် စည်းရုံးရေးတာဝန်ယူ။

– Underground Unit ခေါ် (ပြည်သူ့အရေးတော်ပုံ အဖွဲ့တွင် ပါမှန်းမသိပါဝင်နေ) ယင်းအဖွဲ့ခေါင်းဆောင် များဖြစ်သော၊ ဆရာထွန်းရွှေ (နဂါးနီ) ဆရာချစ် – သခင်မြ– ကိုကျော်ငြိမ်း၊ ကိုဘဆွေ၊ ကိုလှမောင်တို့နှင့် ဆက်သွယ် ဆောင်ရွက်နေရ သည်။

– ပဲခူးနယ် စည်းရုံးရေး အထက်ဗမာပြည် မိတ္ထီလာ–မြင်းခြံ– ပခုက္ကူ– မန္တလေး စည်းရုံးရေးဆင်းခဲ့ရ

– မြေအောက်ကွန်မြူနစ်ပါတီအမည်ဖြင့် ထုတ်ဝေသော "ဗမာ့တော်လှန်မှု" အမှတ် (၁) အမှတ် (၂) တို့ ထုတ်ဝေရာတွင် ပါဝင်ခဲ့။

၁၉၄၁-ခုနှစ် ဒီဇင်ဘာတွင် ၊ ကျောင်းသားခေါင်းဆောင် ကိုသိန်းအောင်နှင့် ရခိုင်တိုင်းသို့ စည်းရုံးရေးဆင်းခဲ့ရသည်။

၁၉၄၂-ခုနှစ် ဖေဖေါ်ဝါရီတွင် ရန်ကုန်ပြန်ရောက် ဆရာချစ်စီစဉ်ပေးသဖြင့် ပြည်တွင်း ညှိနှိုင်းကြောင်းဆောင်ရန် ပြန်ရောက်လာသော
သခင်ရှမောင်ခေါ် ဗိုလ်နေဝင်းနှင့်တွေ့ရ။ သူတို့တာဝန်ပေးသဖြင့်၊ အထက်ဗမာပြည် ထောင်အသီးသီးမှ
သခင်ခေါင်းဆောင် များ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် သခင်ဗတင် (လက်သီးပုန်း) နှင့် အတူ
တာဝန်ပေးခံရ။ စက်ဘီးတစ်စီးစီဖြင့် ခနဲ့ဖြူရောက်နေစဉ် ဗိုလ်ရန်နိုင်တင့်နှင့်တွေ့။ ဗမာ့လွတ်လပ်ရေး တပ်မတော်
တွင် တာဝန်ပေးခံရ။ ခနဲ့ဖြူမြို့သိမ်း – ရန်ကုန်မှ သခင်ဗိုလ်က ခေါ်သဖြင့် ရန်ကုန်သွား – ဗိုလ်ကျော်ဇောနှင့်တွေ့။
ဗိုလ်သင်တန်းတက်ရန် တာဝန်ပေး။

၁၉၄၂-ခုနှစ် မေလ ၄-ရက်နေ့ မဖြူဖြူနှင့် လက်ထပ် ၉-ရက်နေ့တွင် ရန်ကုန်သွား။ သခင်နုနှင့်တွေ့ – သခင်စိုး
သခင်သန်းထွန်းတို့နှင့် တွေ့ရန် မန္တလေးသို့တက်သွား။
သခင်စိုး၊ ကိုသိန်းဖေ၊ သခင်ကျော်စိန်တို့ တရုတ်ပြည်တွက်သွားပြီး ကြုံရ–
– သခင်သန်းထွန်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့။ ဂျပန်ပြန် ဗိုလ်လင်းယုန်တပ်တွင် တာဝန်ပေးလေး။
– ၁၉၄၂– ခုနှစ်၊ ဇွန်လတွင် ကိုသိန်းဖေ၊ ကိုတင်ရွှေတို့ကို သခင်စိုးနှင့်အတူ၊ အိန္ဒိယသွားရန် ရခိုင်လိုက်ပို့။
– ၁၉၄၂ ခုနှစ် ဇူလိုင်၊ ရန်ကုန် သခင်စိုးနှင့် ပြန်ရောက်၊ သခင်စိုးမြေအောက် ကွန်မြူနစ်ပါတီထူထောင်၊ သခင်စိုး၏
လက်ထောက်အဖြစ်တာဝန်ယူခဲ့။

၁၉၄၃-ခုနှစ် စက်တင်ဘာလောက်တွင်၊ ကိုကျော်ရင်နှင့် အတူ တရုတ်ပြည်သို့သွားရန် တာဝန်ပေးခံရ။ သွားရောက်မှု
မအောင်မြင် ပြန်လာရ။
– အိန္ဒိယ ကိုသိန်းဖေထံမှ ပြန်ရောက်လာသော သခင်တင်ရွှေနှင့် သခင်စိုးဌာနချုပ်၊ ကျုံက်လက်ညောင်
ချောင်းရွာတွင်တွေ့။

၁၉၄၄-ခုနှစ် ဇန်နဝါရီလတွင် ကွန်မြူနစ်ပါတီ ပထမအကြိမ် ကွန်ဂရက် ကျင်းပတက်ရောက်၊ သခင်စိုး အထွေထွေ အတွင်းရေးမှူး
မိမိဗဟိုကော်မတီဝင်၊ တာဝန်ပေးခံရ။
ရန်ကုန် ဆက်သွယ်ရေး တာဝန်ခံ– အဖြစ်လည်း တာဝန်ယူရ၊ သခင်သန်းထွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လကျာ်၊
ကိုဗဟိန်း၊ သခင်နုတို့ အကြားဆက်သွယ်လုပ်ကိုင်ခဲ့ရ၊ ၁၉၄၄ ခုနှစ် ဩဂုတ်လ ပဲခူးပြဲတွင် ဗိုလ်ချုပ်အောင်ဆန်း၊
သခင် စိုး၊ သခင်သန်းထွန်းတို့ ၃– ဦးတွေ့ဆုံဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်
ဖွဲ့စည်း ရာတွင်၊ ဗိုလ်ကျော်ဇောနှင့်အတူ အစီအစဉ်များပြုလုပ်ပေးခဲ့သည်။

၁၉၄၄-ခုနှစ် စက်တင်ဘာတွင် ပြည်သူ့အရေးတော်ပုံပါတီမှ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ခင်မောင်ကလေး၊ ဦးဘဆွေတို့
သခင်စိုးနှင့် တွေ့ဆွေးနွေးပြီး "တော်လှန်ရေး တပ်ဦး" စာချုပ်ချုပ်ရန် တပ်ပါတီတည်းအဖြစ် ပူးပေါင်းရေး တွင်
ပါဝင်ဆောင်ရွက်ခဲ့။

၁၉၄၅-ခုနှစ် မတ်လ (၁) ရက် (၃) နေ့များတွင် ဖက်ဆစ်ဂျပန်များအား တော်လှန်ရန် အစည်းအဝေးများ၌ သခင်စိုး
သခင်သန်းထွန်းနှင့် အတူ၊ ကျွန်မြူနစ်ပါတီကိုယ်စားလှယ်အဖြစ် တက်ခဲ့ ဖ.ဆ.ပ.လ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်
ပါဝင်ခဲ့။

၁၉၄၅-ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် တိုင်း (၇) တိုင်းနိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့။ တော်လှန်ရေး စတင်သည့်နေ့တွင်
ခြေထောက်သေနတ်မှန်ခဲ့သည်။

၁၉၄၆-ခုနှစ် ဇူလိုင်လ ကွန်မြူနစ်ပါတီ ဒုတိယ ကွန်ဂရက်တွင်၊ ဗဟိုကော်မတီဝင်၊ စည်းရုံးရေးဌာန တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့၊

၁၉၄၆-ခုနှစ် ဖေဖော်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးတွင် ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲရာ၌ အလံနီကွန်မြူနစ်ပါတီ တွင်
ပါဝင်သွားခဲ့သည်။ အလံနီပါတီ ပေါလစ်ဗြူရိုတွင် အဖွဲ့ဝင်။

၁၉၄၇-ခုနှစ် ဖေဖေါ်ဝါရီ မတ်လများတွင် သခင်စိုးနှင့် နိုင်ငံရေးသဘောကွဲလွဲသဖြင့်၊ အလံနီပါတီမှ ထောင်ထဲတွင် နှုတ်ထွက်ခဲ့။

၁၉၄၈-ခုနှစ် ဇွန်လလောက်တွင် သာယာဝတီထောင်ပို့ခဲ့ရ– ထောင်အဝင်အရိုက်ခံရ ခေါင်းကွဲ။ ထောင်တွင်းအနှိပ်စက်ခံ။

၁၉၄၉-ခုနှစ် ဧပြီလ ၃-ရက်နေ့တွင် သာယာဝတီထောင်ဖွင့်သွား၊ ဗ.က.ပ ပါတီဝင်ခွင့်လျှောက်၊ တောတွင်း–သခင်ဇင် သခင်ချစ်၊
သခင်မြသွင်တို့နှင့် ပြန်တွေ့ လက်နက်အလုပ်ရုံတွင် ဝါသနာအလျှောက် တာဝန်ယူ လက်ပစ်ဗုံးလုပ်ရင်း ဗုံးပေါက်
ဒါဏ်ရာများရ၊

၁၉၅၁-ခုနှစ် ဇန်နဝါရီလတွင် ဌာနချုပ်က ခေါ်သဖြင့် ပေါက်ခေါင်းမှ လှည့်သွား၊၊ ပေါက်ခေါင်းတွင် အလံနီ ပါတီမှ
ကိုယ်စားလှယ်၊ ဒေါ်စောမြ၊ ကိုမြမှင်း၊ သခင် ခင် .တို့နှင့် ဗ.က.ပ ကိုယ်စားလှယ် သခင်သန်းမြိုင်၊ ဒေါက်တာနုတ်
နှင့် မိမိပါဝင်၍ အတိုက်အခိုက်ရပ်စဲရေး နှစ်ပါတီညီညွတ်ရေး ဆွေးနွေးကြ။

၁၉၅၁-ခုနှစ် ဖေဖေါ်ဝါရီလတွင် သခင်သန်းထွန်း၊ သခင်ဗသိန်းတင်တို့နှင့်အတူ အထက်ဗမာပြည် တပ်ပေါင်းစု ကွန်ဖရင့်တက်ရေး
ဆက်၍ သခင်သန်းမြိုင်၊ ဗိုလ်ရဲထွဋ်းနှင့်အတူ မုံရွာ-ပုလဲနယ် ပြည်သူ့ရဲဘော်ဌာနချုပ်သို့ အတိုက်အခိုက် ရပ်စဲရေး
ညီညွတ်ရေး ဆွေးနွေးရန် သွားရသည်။

၁၉၅၁-ခုနှစ် မတ်လ၊ သုံးပါတီ ဆွေးနွေးပွဲ တက်ရောက်ရန်အတွက် သခင်စိုးရှိရာ မြစ်ကျွန်းပေါ်၊ ဒေးဒရဲနယ်သို့သွား၍ ဖိတ်ခေါ်သည်။

၁၉၅၂-ခုနှစ် ဖေဖော်ဝါရီလတွင် ဗ.က.ပ ဗဟိုကော်မတီ၏ အစည်းအဝေးက အရံဗဟိုကော်မတီအဖြစ် တာဝန်ပေး။

၁၉၅၂-ခုနှစ် ဇူလိုင် သုံးပါတီ ညီညွတ်ရေး ဆွေးနွေးပွဲ တက်သည်။

၁၉၅၂-ခုနှစ် စက်တင်ဘာလတွင် ရခိုင်သို့ တာဝန်ဖြင့်သွားရသည်။

၁၉၅၅-ခုနှစ် ဒီဇင်ဘာ၊ဇန်နဝါရီ၊ ၅၅ လမ်းစဉ်ချမှတ်သော အစည်းအဝေးတွင် အရံမှ ဗဟိုကော်မတီအဖြစ် တိုးမြှင့်ခံရ။

၁၉၅၈-ခုနှစ် ရန်ကုန်မြေအောက် စည်းရုံးရေး တာဝန်ခံ ။

၁၉၆၀-ခုနှစ် နိုဝင်ဘာလ (၆) ရက်နေ့ ရန်ကုန်တွင် အဖမ်းခံရ၊ ထွက်ပြေးသဖြင့် သေနတ်ဖြင့်ပစ်သည့် ဒဏ်ရာရ၊

၁၉၆၁-ခုနှစ် ဇန်နဝါရီတွင် ဗ.က.ပ မှ နုတ်ထွက်သည်။

၁၉၆၁-ခုနှစ် အောက်တိုဘာ စစ်အချုပ်တွင် "ဘုံဘဝမှာဖြင့်" စာအုပ်ရေးသားသည်။

၁၉၆၂-ခုနှစ် မတ်လ၊ တော်လှန်ရေး ကောင်စီအာဏာသိမ်းသောအခါ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကြေငြာ။ ထောက်ခံသည်။

၁၉၆၃-ခုနှစ် ဘာတွင် အချုပ်မှလွတ်သည်။ ဗိုလ်ချုပ်နေဝင်းနှင့်တွေ့၊ လမ်းစဉ်ပါတီမှာ တာဝန်ယူ...

၁၉၆၃-ခုနှစ် ဇွန်လ ၁၁-ရက်နေ့ တော်လှန်ရေး ကောင်စီက၊ တောတွင်းလက်နက်ကိုင် အဖွဲ့များကို ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်၊ ရွေးချယ်

၁၉၆၃-ခုနှစ် ဩဂုတ်လတွင်၊ တောတွင်းအဖွဲ့များနှင့်တော်လှန်ရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့တွင်ပါဝင် ။

၁၉၆၃-ခုနှစ် နိုဝင်ဘာလလောက်တွင် လမ်းစဉ်ပါတီ ၉.၀.၉ (ဗဟိုစည်းရုံးရေးကော်မတီ) ၏ အကြံပေးအဖွဲ့တွင် ဗိုလ်ရဲထွဋ်၊ ဒေါက်တာမောင်မောင်၊ ဦးဘငြိမ်း၊ ဦးသိဟန်တို့နှင့်အတူပါဝင်။

၁၉၆၄-ခုနှစ် ဧပြီလတွင် လက်ကားလုပ်ငန်းနှင့် ကုန်တိုက်များ၊ ပြည်သူပိုင် သိမ်းရေးတွင်၊ ခေါင်းဆောင်ပါဝင်။

၁၉၆၆-ခုနှစ် လမ်းစဉ်ပါတီ ပထမအကြိမ်ပါတီနီးနှော ဖလှယ်ပွဲများ ဦးဆောင်ကျင်းပရေးတွင်ပါဝင်။

၁၉၆၇-ခုနှစ် အလုပ်သမား ကောင်စီဖွဲ့ရာတွင် စီ-အီး-စီ အဖြစ်ပါဝင်သည်။

၁၉၆၇-ခုနှစ် ဆိုဗီယက်ယူနီယမ် အရှေ့ဂျာမဏီ၊ ပိုလန် - ၃ နိုင်ငံသို့ - ၃ - လကြာ အလုပ်သမားကောင်စီလေ့လာရေး အဖွဲ့တွင် ပါဝင်။ [illegible]

၁၉၇၁-ခုနှစ် ပွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲရေးကော်မရှင်တွင် အဖွဲ့ဝင်။ လူထုရှင်းလင်းရေးအဖွဲ့၊ အမှတ်(၁၂) (မစ်ကိုင်းတိုင်း) တွင် အဖွဲ့အတွင်းရေးမှူး တာဝန်ယူခဲ့ရသည်။

၁၉၇၆-ခုနှစ် အရေးပေါ်ပါတီညီလာခံတွင်၊ အရံဗဟို ကော်မတီအဖြစ်သာ အရွေးခံရသည်။

၁၉၇၇-ခုနှစ် နှစ်လည်လောက်တွင် ပါတီစည်းကမ်းအရ- လမ်းစဉ်ပါတီမှ ထုတ်ပယ်ခံရသည်။

၁၉၇၇-ခုနှစ်မှ -၁၉၈၀ ခုနှစ်အတွင်း၊ စီးပွားရေးလုပ်ငန်းလုပ်နေ ၁၉၈၀ ခုနှစ်နိုင်ငံဂုဏ်ရည် ပထမဆင့်ချီးမြှင့်ခံရသည်။

၁၉၈၁-ခုနှစ် လမ်းစဉ်ပါတီမှ ဦးဇော်မြင့်၊ ဦးဇောဦး၊ ကိုချစ်လှိုင်နှင့် မိမိတို့ ၄ ယောက်အား ခေါ်ယူ၍ လမ်းစဉ်ထူထောင်စ အတွေ့ အကြုံမှတ်တမ်း များကို ၂-လကြာ- ပြုစုရန် တာဝန်ပေး။

၁၉၈၈-ခုနှစ် အရေးအခင်းတွင် ဗိုလ်ရဲထွဋ်နှင့် အတူ ဒေါ်အောင်ဆန်းစုကြည် နှင့် ဗင်ပြန်ရဲဘော်ဟောင်းအဖွဲ့ ဗိုလ်ချုပ် အောင်ရွှေတို့ကို အကူအညီပေးခဲ့သည်။

၁၉၈၈-ခုနှစ် စက်တင်ဘာ ၁၅-ရက်နေ့တွင် မိမိနှင့်ဗိုလ်ရဲထွဋ်တို့ကို စစ်ထောက်လှမ်းရေးမှ ဖမ်း၍ ရေကြည်အိုင်တွင် တစ်ပါတ်ကြာ ခင်ဆေးခဲ့။ ၂၂-ရက်နေ့တွင် ပြန်လွှတ်။

၁၉၈၉-ခုနှစ်တွင်မိမိတို့နှစ်ယောက်ကို ထောက်လှမ်းရေး (၆) က နှစ်ခါခေါ်၍ စစ်ဆေးပြန်သည်။

၁၉၉၀-ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးခံရပြီး ရေကြည်အိုင်တွင် တစ်နှစ် ၁၉၉၂-ခုနှစ် ဇန်နဝါရီ အင်းစိန်ထောင်ပို့၊ ဒေါ်အောင်ဆန်းစုကြည်အား ကူညီမှုဖြင့် ထောင်အနှစ် ၂၀ ချမှတ် - ၁၉၉၃-ခုနှစ် ဇွန်လတွင် ဆီးကြိတ်ရောဂါဖြင့် ရန်ကုန်ဆေးရုံကြီးပို့၍ ထောင်မှ လွှတ်ပေးလိုက်သည်။ ထိုအချိန်မှစ၍ မိမိသည် နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိတော့။ ယခုသမိုင်းမှတ်တမ်းများ ပြန်လည်ရှာဖွေပြုစုနေသည်။

သခင်တင်မြ

၁၄-၄-၂၀၀၄